# ပထမအကြိမ်ပြည်သူ့လွှတ်တော်

# ဒုတိယပုံမှန်အစည်းအဝေး

# ၁၃ ရက်မြောက်နေ့မှတ်တမ်း(မူကြမ်း)

# (၇-၉-၂၀၁၁)

**အချိန်** ။၁၀ း ၀၀။

**အခမ်းအနားမှူး**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးရဲ့ ၁၃ ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်စိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ၃၉၅ ဦးရှိတဲ့အနက် ၃၈၂ ဦးတက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၆.၇၁ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက် ကြောင်းနှင့်စတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။အစည်းအဝေးအစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆောင်ရွက် သွားပါ့မယ်။ အစီအစဉ်များ ဆက်လက်မဆောင်ရွက်မီ လွှတ်တော်သို့ အသိပေးတင်ပြစရာရှိပါတယ်။ ကိုယ်စားလှယ်ကြီးများ အားလုံးသိတဲ့အတိုင်း ပြည်ထောင်စုလွှတ်တော်ရဲ့ အဓိကတာဝန်က ဥပဒေ ပြုရေးတာဝန်ဖြစ်ပါတယ်။ ပထမဦးဆုံးကျင်းပတဲ့ ပြည်ထောင်စုလွှတ်တော်မှာ ကိုယ်စားလှယ်များက သမ္မတရွေးချယ်ပြီး အစိုးရအဖွဲ့ ဖွဲ့စည်းခြင်းနှင့် အစိုးရအဖွဲ့ဝန်ကြီးများ ရွေးချယ်တာဝန်ပေးမှုကို အတည်ပြုခြင်း၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများတာဝန်ပေးခြင်း၊ ပြည်ထောင်စုအဖွဲ့ဝင်များ တာဝန်ပေးခြင်းအား အတည်ပြုခြင်းလုပ်ငန်းများကို ပြည်ထောင်စုလွှတ်တော်က တာဝန်ယူဆောင်ရွက် ပေးခဲ့ပါတယ်။ ဆက်လက်ကျင်းပတဲ့၊ ဆက်လက်ကျင်းပအုံးမယ့် ပြည်ထောင်စုလွှတ်တော်ရဲ့အဓိက တာဝန်ဟာ ဥပဒေပြုရေးတာဝန်ဖြစ်ပါတယ်။ ဥပဒေပြုရေးတာဝန်နဲ့ နိုင်ငံတော်အစိုးရကသာ တင်သွင်းခွင့်ရှိတဲ့ ဥပဒေကြမ်းသုံးမျိုး၊ စီမံကိန်း၊ ဘတ်ဂျက်၊ အခွန်များကို ပြည်ထောင်စုလွှတ်တော် မှာသာတင်သွင်းရမှာဖြစ်ပြီး ကျန်တဲ့ဥပဒေကြမ်းများကို သက်ဆိုင်ရာလွှတ်တော်တွေမှာ တင်ပြနိုင်ခွင့် ရှိပါတယ်။ ဒီလိုတင်ပြတဲ့နေရာမှာ ပြည်ထောင်စုအဆင့်ကတင်ပြတဲ့ ဥပဒေကြမ်း၊ လွှတ်တော်

ကိုယ်စားလှယ်အသီးသီးကတင်ပြတဲ့ ဥပဒေကြမ်းများကို သက်ဆိုင်ရာလွှတ်တော်များကလက်ခံပြီး လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ထိုနည်းတူစွာပဲ လွှတ်တော်ကိုယ်စားလှယ်များမှာ အခွင့်အရေးတွေရှိပါတယ်။ ဒီအခွင့်အရေးတွေက ဘာလဲဆိုရင်လွှတ်တော်များမှာမေးခွန်းများမေးမြန်းခြင်း၊ အဆိုများတင်သွင်းခြင်းနှင့် ဆွေးနွေးခြင်း၊ ဒါ့ခုနက ကျွန်တော်တင်ပြခဲ့တဲ့ ဥပဒေကြမ်းများတင်သွင်းခြင်းကို ပြည်သူ့ကိုယ်စားလှယ်များဆောင်ရွက်နိုင်တဲ့ အခွင့်အရေးရှိပါတယ်။ ဒီနေ့ဒီအခါမှာ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ကြတဲ့ ပြည်သူ့လွှတ်တော်က ကိုယ်စားလှယ်များကော၊ အမျိုးသားလွှတ်တော်က ကိုယ်စားလှယ်များကော မေးခွန်းများမေးမြန်းခြင်းနှင့်အဆိုများတင်သွင်းခြင်းကို ပြည်ထောင်စုလွှတ်တော်မှာ တင်ပြထားတာတွေ့ရှိရပါတယ်။ ပြည်ထောင်စုလွှတ်တော်သည် အဓိကတာဝန်ဖြစ်တဲ့ ဥပဒေပြုရေးလုပ်ငန်းတာဝန်ကိုပဲ အဓိကထားဆောင်ရွက်မှာဖြစ်တဲ့အတွက် မိမိကိုယ်စားလှယ်များ ပြည်ထောင်စုလွှတ်တော်မှာ မေးမြန်းထားတဲ့ မေးခွန်း၊ အဆိုများဟာ ပြည်ထောင်စုလွှတ်တော်ကျင်းပတဲ့အချိန်မှာ ဦးစားပေးမေးမြန်းခွင့်၊ ဆွေးနွေးခွင့်ရချင်မှရမှာဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်မှာဖြစ်ဖြစ်၊ ပြည်သူ့လွှတ်တော်မှာဖြစ်ဖြစ် မေးမြန်းတဲ့မေးခွန်းများ၊ အဆိုများဟာလည်း ပြည်ထောင်စုလွှတ်တော်မှာတင်ပြီးတော့ မေးမြန်းတဲ့ မေးခွန်းနှင့်အဆိုများအတိုင်းအကျိုးသက်ရောက်မှုရှိပါတယ်။ ဒါကြောင့်မို့လို့ ပြည်ထောင်စုလွှတ်တော် မှာ မလိုအပ်ဘဲ ဝန်ထုပ်ဝန်ပိုးမဖြစ်ရအောင်ရယ်၊ မိမိတို့မေးမြန်းတဲ့မေးခွန်းများ ဦးစားပေးခံရခြင်းမရှိဘဲနဲ့ အဆိုများဦးစားပေးခံရခြင်းမရှိဘဲနဲ့ ပြည်ထောင်စုလွှတ်တော်မှာ မစဉ်းစားပေးရင် သို့မဟုတ် ပြည်ထောင်စုလွှတ်တော် ဆက်ပြီးမကျင်းပသေးဘူးဆိုရင် မိမိတို့ရဲ့သိလိုတဲ့ မေးခွန်းများနှင့် တင်ပြလိုတဲ့အဆိုများဟာအခွင့်အရေးဆုံးရှုံးနိုင်တဲ့အတွက် မိမိတို့ပြည်သူ့လွှတ်တော်က ပြည်ထောင်စုလွှတ်တော်မှာတင်ပြထားတဲ့မေးခွန်းနှင့်အဆိုများ ရှိခဲ့တယ်ဆိုရင် မိမိတို့ရဲ့အခွင့်အရေးမဆုံးရှုံးရအောင် လိုအပ်သလိုပြောင်းလဲဆောင်ရွက်နိုင်တယ်ဆိုတာ အသိပေးပြောကြားတင်ပြခြင်းဖြစ်ပါတယ်။ ဆက်လက်ပြီးအစည်းအဝေးအစီအစဉ်များအတိုင်း ဆက်လက်ဆောင်ရွက်ပါမယ်။

**ဥက္ကဋ္ဌ**။ ။ယခု ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၀ အရ အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဗိုလ်မှူးထူးအောင်(တပ်မတော်သားကိုယ်စားလှယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ပြန်တမ်းဝင်အမှတ်လေ ၂၁၉၅ ဗိုလ်မှူးထူးအောင် ဖြစ်ပါတယ်။ ကျွန်တော်ကတော့ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ပြန်တမ်းဝင်အမှတ်လေ ၂၁၈၄ ဗိုလ်မှူးအောင်မြတ်တိုး ကိုယ်စားခွင့်တိုင်ကြားခြင်းဖြစ်ပါတယ်။ ဗိုလ်မှူးအောင်မြတ်တိုးသည် မနေ့က ၆-၉-၂၀၁၁ ရက်နေ့တွင် တုပ်ကွေးရောဂါဖြစ်ပွားတဲ့အတွက်ကြောင့် ကျန်းမာရေးဆပ်ကော်မတီသို့

သွားရောက်ပြသရာ ဆေးမှူးမှအနားယူရန် ညွှန်ကြားတဲ့အတွက်ကြောင့် ယနေ့ ကျင်းပပြုလုပ်တဲ့ ပြည်သူ့လွှတ်တော်အစည်းအဝေးအတွက် ခွင့်အဖြစ်သတ်မှတ်ပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ဦးခင်မောင်မြင့် (ရပ်စောက်မဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်တောင်ပိုင်း၊ ရပ်စောက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်မြင့်ဖြစ်ပါတယ်။ ရှမ်းပြည်နယ်အလယ်ပိုင်း၊ နမ့်စန်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဌေးလွင် (ခ) ဦးဒီလုံးသည် နေမကောင်းပါသဖြင့် ယနေ့ ၇-၉-၂၀၁၁ ရက်နေ့ တစ်ရက်ကို ခွင့်အဖြစ်သတ်မှတ်ပေးနိုင်ပါရန် ရှမ်းပြည်နယ်အလယ်ပိုင်း၊ နမ့်စန်မြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဌေးလွင်ရဲ့ကိုယ်စား လေးစားစွာဖြင့် ခွင့်ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ဦးတင်ဝင်း (မိုင်းယန်းမဲဆန္ဒနယ်)**။ ။ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အရှေ့ပိုင်း၊ မိုင်းယန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ဝင်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ် အရှေ့ပိုင်း၊ ကျိုင်းတုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစတီဖန်ရဲ့ကိုယ်စား ခွင့်ပန်ကြားအပ်ပါတယ်ခင်ဗျား။ ရှမ်းပြည်နယ်အရှေ့ပိုင်း၊ ကျိုင်းတုံမြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစတီဖန်သည် ဖျားနာ၍နေမကောင်းပါသဖြင့် ဆေးခန်းတာဝန်ကျ ဆရာဝန်၏ ညွှန်ကြားချက်အရ ဆေးဝါးကုသမှုခံယူပြီး အနားယူရန်ဖြစ်ပါသဖြင့် ယနေ့ ပြည်သူ့လွှတ်တော်အစည်းအဝေးသို့တက်ရောက်နိုင်ခြင်းမရှိပါ။ သို့ပါ၍ ဦးစတီဖန်ရဲ့ကိုယ်စား ယနေ့ ခွင့်တစ်ရက်ပေးပါရန် လေးစားစွာ တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ဦးခွန်မောင်သောင်း (ပင်လောင်းမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ပင်လောင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခွန်မောင်သောင်း ဖြစ်ပါတယ်။ ဟိုပုန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခွန်သိန်းဖေဟာ နေမကောင်းကြောင်း ဆရာဝန်ရဲ့အကြံပြုချက်အရ နှစ်ရက်ခန့် အနားယူရမှာ ဖြစ်ပါတယ်။ ဒါကြောင့် ၇-၉-၂၀၁၁ မှ ၈-၉-၂၀၁၁အထိ ခွင့်နှစ်ရက်ပေးပါရန် လေးစားစွာဖြင့် ဦးခွန်သိန်းဖေရဲ့ ကိုယ်စားခွင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ခွင့်ပြုပါတယ်။

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၃၉၅ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၉ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၄ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူ စုစုပေါင်း ၁၃ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကိုလွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။လွှတ်တော်က အတည်ပြုတဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ယခု မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်း အစီအစဉ် စတင်ဆောင်ရွက်ပါမယ်။ ပထမဦးစွာ ဆင်ပေါင်ဝဲမဲဆန္ဒနယ်မှ ဦးအေးနိုင် အားမေးမြန်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးအေးနိုင်(ဆင်ပေါင်ဝဲမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ ဖိတ်ကြားထားသောလူကြီးမင်းများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ဆင်ပေါင်ဝဲမြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးနိုင်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ယနေ့တင်ပြမယ့် မေးခွန်းကတော့သီးသန့်ငွေလဲလှယ်မှုနှင့် ပင်လယ်ရေကြောင်း အကောက်ခွန်ဥပဒေနှင့် စပ်လျဉ်းသည့်မေးခွန်းအားမေးမြန်းလိုခြင်းဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ရဲ့ မေးခွန်းကိုဖတ်ကြားတင်သွင်းခွင့်ပြုပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။ ၁၉၆၀ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့အထိစီစဉ်ထားသော ၁၈၇၈ ခုနှစ်၊ ပင်လယ်ရေကြောင်း အကောက်ခွန်အက်ဥပဒေ အခန်း(၄)အရ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းသို့ ကုန်းကြောင်း၊ ရေကြောင်း၊ လေကြောင်းတို့မှ ဝင်ရောက်လာသူများအနေဖြင့် ငွေအကြွေထု သို့မဟုတ် စံချိန်မမီသည့် လက်ရှိအသုံးပြုနေတဲ့ ငွေအကြွေများကိုယူဆောင်ခွင့်မပြုရန် ပြဋ္ဌာန်းသတ်မှတ်ထားပါတယ်ခင်ဗျား။ အချိန်ကို ငဲ့ညှာသောအားဖြင့် အခြားကုန်ပစ္စည်းများလည်း ရှိပါသေးကြောင်းတင်ပြအပ်ပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ အလားတူ ၁၉၄၇ ခုနှစ်၊ နိုင်ငံခြားသုံးငွေလဲလှယ်မှုစည်းမျဉ်းဥပဒေပုဒ်မ ၅ နှင့် ၆ တို့အရ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်မှ နိုင်ငံသားများဟာ နိုင်ငံခြားငွေကိုင်ဆောင်ခွင့်မရရှိကြောင်း တွေ့ရှိရပါတယ်ခင်ဗျား။ သို့ရာတွင် ပုဒ်မ ၉ အရ အကောက်ခွန်ဦးစီးဌာနမှ နိုင်ငံခြားငွေ သို့မဟုတ်

အမေရိကန်ဒေါ်လာ နိုင်ငံရပ်ခြားသို့သွားလိုပါက ယူဆောင်လိုလျှင် သက်ဆိုင်ရာ ဘဏ်များ ဖြစ်တဲ့ MFTB ဘဏ်၊ MICB ဘဏ်၊ MEB ဘဏ်များမှ နိုင်ငံခြားတင်ပို့ငွေ MD ရရှိကြောင်း သက်ဆိုင်ရာဘဏ်များရဲ့ ထောက်ခံချက်ရရှိမှသာ ၎င်းဒေါ်လာဟာ တရားဝင်ငွေကြေးဖြစ်ကြောင်း သိရှိရပါတယ်ခင်ဗျား။ ၁၉၉၈ ခုနှစ်၊ စက်တင်ဘာလ ၂၃ ရက်နေ့ ကုန်သွယ်မှုမူဝါဒကောင်စီအစည်း အဝေး (၁၃/၉၈) အရ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနမှ ပြည်ပသို့အလုပ်အကိုင် သွားရောက် လုပ်ကိုင်သူ သို့မဟုတ် Show Job တစ်ဦးအတွက် FEC ၁၀၀ကို အမေရိကန်ဒေါ်လာဖြင့် လဲလှယ်ခွင့် ပြုရန် ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်များ ခရီးသွားခြင်းအတွက် ၎င်း၏နိုင်ငံခြားငွေစာရင်းမှ ကန့်သတ်ချက်မထားဘဲထုတ်ယူခွင့်ပြုရန် သို့ရာတွင် ငွေပမာဏကြီးမားပါက အထက်ပါအဖွဲ့အစည်း ၏ခွင့်ပြုချက်ရယူမှသာ ထုတ်ယူခွင့်ပြုရန်ဟု ဆုံးဖြတ်ညွှန်ကြားထားပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီး ခင်ဗျား။ လက်တွေ့ဆောင်ရွက်ရာတွင် မည်သူမှဘဏ်များသို့သွားရောက်၍ FEC ၁၀၀ အား အမေရိကန်ဒေါ်လာဖြင့် လဲလှယ်ခြင်းမပြုကြပါ။ အိမ်နီးခြင်းနိုင်ငံများဖြစ်တဲ့ ပတ်ဝန်းကျင်နိုင်ငံများ အားလုံးမှာလည်း မြန်မာပြည်မှအလုပ်ဖြင့် လာရောက်သူများကို အမေရိကန်ဒေါ်လာ ၅၀၀ အနည်းဆုံးပါရှိမှသာ သူတို့နိုင်ငံကို ဝင်ခွင့်ပြုတယ်လို့ကန့်သက်ထားပါတယ်ခင်ဗျား။ ဒါကြောင့်မိုလို့ အလုပ်သမားများရဲ့ လိုအပ်ချက်ငွေများကို အခြားနည်းလမ်းများဖြင့် ယူဆောင်သွားနေရပါတယ်။ အကောက်ခွန်ဝန်ထမ်းများ၊ ပြည်သူများအဆင်ပြေစေရေး နားလည်မှုဖြင့် ခွင့်ပြုပေးနေသည် ဆိုသော်လည်း ဥပဒေနှင့်မညီညွတ်ပါ။ FEC ၁၀၀နှင့်ညီမျှသည့် အမေရိကန်ဒေါ်လာဖြင့်လည်း နိုင်ငံခြားတိုင်းပြည်သို့ သွားရောက်၍မရနိုင်ပါ။ အလားတူ ခေတ်နှင့်မလျော်ညီတော့သည့် ဥပဒေများ၊ စည်းမျဉ်းများသည် မလိုလားအပ်သည့်နှောင့်နှေးကြန့်ကြာမှုနှင့် ဆိုးကျိုးများကိုဖြစ်စေနိုင်ပါသဖြင့် တည်ဆဲနိုင်ငံခြားငွေလဲလှယ်မှု စည်းမျဉ်းသတ်မှတ်ရေးအက်ဥပဒေ၊ နည်းဥပဒေများနှင့် ပင်လယ် ရေကြောင်း အကောက်ခွန်ဥပဒေများအား ခေတ်ကာလနှင့်ကိုက်ညီအောင်ပြန်လည်ပြင်ဆင်ရန် ရှိ၊ မရှိ သိလိုခြင်းဖြစ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ရှိပါတယ်ခင်ဗျား။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။တနိုင်းမဲဆန္ဒနယ်မှ ဦးမျိုးဆွေ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးမျိုးဆွေ(တနိုင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်များခင်ဗျား။ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ဆုတောင်းရင်း ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ်၊ တနိုင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးမျိုးဆွေဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ တစ်ရာ၊ နှစ်ရာကျပ်တန်များ လဲလှယ်ခွင့်နှင့် စပ်လျဉ်းသည့် မေးခွန်းမေးမြန်းရန် တင်ပြထားခဲ့ပါတယ်။ ကျွန်တော့်အနေနဲ့ ကနဦးက မေးခွန်း

မေးမြန်းရန် တင်ပြရတဲ့အကြောင်းရင်းက လူထုအတွင်းငွေကြေးသုံးစွဲရာမှာ နှစ်ရာကျပ်တန်နှင့် အောက်ရှိ ငွေစက္ကူများရှားပါးခြင်း၊ ဟောင်းနွမ်းစုတ်ပြဲနေသော်လည်း၊ ရှားပါးစွာသုံးစွဲနေရခြင်းများကို နေ့စဉ်နဲ့အမျှ မြင်တွေ့နေရပါသဖြင့် မေးခွန်းမေးမြန်းရန် တင်ပြခဲ့ခြင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအခါမှာ မြန်မာ့စီးပွားရေးဘဏ်များက ငွေအကြွေစက္ကူအဟောင်း၊ အသစ်လဲလှယ်ပေးခြင်း၊ ငွေစက္ကူအသစ်များထုတ်ပေးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါတယ်။ ကျယ်ကျယ်ပြန့်ပြန့်လည်း ဆောင်ရွက်ပေးမယ့်လို့ ကျွန်တော့်အနေနဲ့ ယုံကြည်တဲ့အတွက် ကျွန်တော့်ရဲ့ မေးခွန်းကိုမေးမြန်းခြင်း မပြုတော့ပါကြောင်းနှင့် ပြန်လည်ရုပ်သိမ်းပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ဖျာပုံမဲဆန္ဒနယ်မှ ဦးစိုးနိုင် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုးနိုင်(ဖျာပုံမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးနိုင် ဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းမယ့်မေးခွန်းကတော့ ပင်လယ်ပြင်မှာ ရေလုပ်ငန်းလုပ်ကိုင်နေတဲ့သူများရဲ့ အသက်အာမခံထားတဲ့ကိစ္စနဲ့ဆက်စပ်ပြီးတော့မေးမြန်းမှာဖြစ်ပါတယ်။ ဒါဟာလည်းပဲ ပြီးခဲ့တဲ့ကာလအတွင်းမှာ ကျွန်တော်တို့ ဒေသမှာဖြစ်ပျက်သွားတဲ့အကြောင်းအရာနဲ့ ဆက်စပ်မှုရှိပါတယ်။ ကျွန်တော် အနည်းငယ်ရှင်းလင်း တင်ပြလိုပါတယ်။ ဒီပြီးခဲ့တဲ့ ၂၀၁၀-၂၀၁၁ လုပ်ငန်းရာသီမှာ ကျွန်တော်တို့ ဖျာပုံတစ်မြို့နယ်လုံးဆိုတာ အမာမြို့နယ်ခွဲအပါအဝင် ပင်လယ်ပြင်မှာ ကျွန်တော်တို့ ငါးဖမ်းတဲ့လုပ်ငန်းအမျိုးမျိုး လုပ်ပါတယ်။ လုပ်တဲ့ငါးဖမ်းတဲ့လုပ်ငန်းငါးမျိုးရှိပါတယ်။ အဲဒါကတော့ ပင်လယ်ကျားပိုက်လုပ်ငန်း၊ ကျားဖောင်လို့ ခေါ်ပါတယ်။ နောက်ဘုံကျောင်းခေါ်တဲ့ တရုတ်ကျောက်ပိုက်လုပ်ငန်း၊ မျှောပိုက်လုပ်ငန်း၊ စိန်ပိုက်လုပ်ငန်းနဲ့ ငါးများတန်းလုပ်ငန်းတို့ ဖြစ်ပါတယ်။ ဒီလုပ်ငန်းတွေဟာ ပင်လယ်ကမ်းစပ်ကနေပြီးတော့ မိုင် ၂၀ က နေ မိုင် ၄၀ လောက်ကွာတဲ့နေရာမှာ သွားရောက်ပြီး လုပ်ကိုင်ကြတာဖြစ်ပါတယ်။ ဒီဖျာပုံတစ်မြို့နယ်လုံးမှာဆိုလို့ရှိရင်လုပ်တဲ့ရေလုပ်ငန်းရှင် ၃၀၀ လောက်ရှိပြီးတော့ ဝင်ရောက်လုပ်ကိုင်နေတဲ့ ရေလုပ်သားပေါင်းဟာလည်းပဲ ၁၅၀၀၀ ကျော်လောက်ရှိပါတယ်။ အဲဒီမှာ ငါးဖမ်းတဲ့ရေယာဉ်ပေါင်းဟာလည်း အစီး ၄၀၀ လောက်ရှိပါတယ်။ ကျွန်တော်တို့ ပြီးခဲ့တဲ့ ၂၀၁၁ ခုနှစ်၊ မတ်လ ၁၅ ရက်နဲ့ ၁၇ ရက်အထိ ပင်လယ်ပြင်မှာ လေမုန်တိုင်းဒဏ်ခံခဲ့ရပါတယ်။ အဲဒီလို လေမုန်တိုင်းဒဏ်ခံခဲ့ရတဲ့အတွက် စက်လှေ ၅၆ စီး၊ ကျားဖောင် ၃၅၉၉ ဖောင် နစ်မြုပ်ပျက်စီးခဲ့ပါတယ်။ အဲဒီတုန်းက ပင်လယ်ပြင်မှာ လုပ်ကိုင်နေတဲ့ရေလုပ်သားပေါင်း ၁၂၀၀၀ ရှိပြီးတော့ အဲဒီထဲကရေလုပ်သား ၄၀၀ လောက်ကတော့ ယနေ့

တိုင်ပြန်လည်ရောက်ရှိကြောင်း သတင်းမရရှိသေးတဲ့အတွက် ဆက်လက်ရှာဖွေဆဲလည်းဖြစ်ပါတယ်။ ဒီဒုက္ခအကျိုးပေးခဲ့ရတဲ့ ရေလုပ်သားများကိုလည်းပဲ သူတို့နဲ့မိသားစုတွေကို နိုင်ငံတော်အစိုးရရဲ့ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းအဖွဲ့ချုပ်နဲ့ ရေလုပ်ငန်းရှင်တွေ၊ နောက် ဧရာဝတီတိုင်းဒေသကြီးအတွင်းမှာရှိတဲ့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီနဲ့ အခြားအလှူရှင်အသီးသီးတို့ကလည်းပဲ ကူညီထောက်ပံ့မှုများပြုလုပ်ခဲ့ပါတယ်။ ဒီမှာ ကျွန်တော်တို့ ရေလုပ်သားအများစုနဲ့ လုပ်ငန်းရှင်များဟာ အသက်အာမခံထားချင်တယ်ဆိုပြီးတော့ အားလုံးဟာသတင်းပို့ကြပါတယ်။ အဲဒီမှာ ကျွန်တော်တို့ ဒီမြန်မာ့အာမခံဥပဒေအရတော့ စက်တပ်ရေယာဥ်မှာ ငါးဖမ်းလျက်ရှိတဲ့ ရေလုပ်သားတွေကိုပဲ အသက်အာမခံထားခွင့်ရှိပြီးတော့ အခုလို ပင်လယ်ပြင်မှာ ကျွန်တော်တို့ ဒေသအခေါ် ကျားပိုက်ခေါ်တဲ့ ကျားဖောင် ဖြစ်ပါတယ်။ ကျားဖောင်ရဲ့အဓိပ္ပာယ်ကတော့ ဝါးပိုးဝါးအလုံး ၁၀၀ လောက်ကို ဖောင်ဖွဲ့ပြီးတော့ ပင်လယ်ကမ်းခြေကနေ မိုင် ၂၀ လောက်အကွာမှာ ငါးဖမ်းတဲ့ လုပ်ငန်း ဖြစ်ပါတယ်။ အဲဒီမှာပင်လယ်မှာ ငုတ်တွေစိုက်ပြီးတော့ ကြိုးတစ်ချောင်းနဲ့ ပိုက်နဲ့ ဖောင်နဲ့ ချည်ပြီးတော့ ဖောင်တစ်ဖောင်မှာ ရေလုပ်သားသုံးဦးကနေ လေးဦးလောက်အထိ ပင်လယ်ပြင်မှာ သုံး၊ လေးလလောက် ဆက်တိုက်လုပ်တဲ့ငါးဖမ်းလုပ်ငန်း ဖြစ်ပါတယ်။ ဒီ ကျားဖောင်ပေါင်းဟာလည်း တစ်ခါထွက်ရင် ဖောင်အရေအတွက် ၄၀၀၀ လောက် ရှိပါတယ်။ ဒီ အသက်အာမခံဥပဒေအရလည်း ကျွန်တော်တို့ ဒီအသက်အာမခံဥပဒေ ပုဒ်မ ၄ မှာလေ့လာတွေ့ရှိရတာကတော့ ဖြစ်ပျက်တတ်တဲ့ ဘေးအန္တရာယ်ကြောင့် ပြည်သူ့တွေကြုံတွေ့နိုင်တဲ့ လူမှုရေး၊ စီးပွားရေး နစ်နာဆုံးရှုံးမှုကို နှစ်ဦးနှစ်ဖက် သဘောတူညီချက်အရ အာမခံထားခြင်းဖြင့် ငွေကြေးပြေလည်မှုရရှိစေရန်နှင့် လူတစ်ဦးစီအလိုက် အသက်အာမခံထားရှိခြင်းဖြင့် ငွေစုဆောင်းတဲ့ အလေ့အထတိုးပွားစေပြီး နိုင်ငံတော်ရဲ့ အရင်းအနှီး စုဆောင်းမှုကို အထောက်အကူပြုစေနိုင်တယ်ဆိုပြီး တော့ဒီဥပဒေမှာလည်း ရေးသားထားတာ ပါရှိပါတယ်။ ဒါ့ကြောင့်မို့လို့ အခု ကျွန်တော်တို့ မြန်မာ့ပင်လယ်ပြင်မှာ ငါးဖမ်းလုပ်ငန်းလုပ်ကိုင်နေတဲ့ ရေလုပ်သားများအနေနဲ့ ဒီဖြစ်ပျက်တတ်တဲ့ဘေးအန္တရာယ်ကြောင့် လူမှုရေးစီးပွားရေးသာမကဘဲနဲ့ အသက်များပင်ထိခိုက်ဆုံးရှုံးရလေ့ရှိတာကြောင့် ဒီမြန်မာ့အာမခံ လုပ်ငန်းမှာ အသက်အာမခံထားရှိခြင်းနဲ့ နောင်ဘဝစိတ်အေးဖို့အတွက် အထောက်အကူပြုစေဖို့ ဒီမြန်မာ့အာမခံလုပ်ငန်းရဲ့ ရည်မှန်းချက်နဲ့လည်း ကိုက်ညီတယ်လို့ ထင်မြင်တဲ့အတွက် အထက်ပါ ကျားဖောင်လုပ်ငန်းမှလုပ်တဲ့ ရေလုပ်သားတွေ အသက်အာမခံထားရှိခွင့်ရရှိရေးကို ဆောင်ရွက်ပေးလိုကြောင်း မေးမြန်းခြင်းဖြစ်ပါတယ်။ နောက်တစ်ဆက်တည်းမှာပဲ အသက်အာမခံထားရှိခြင်းကြောင့် အကျိုးခံစားခွင့်ကိစ္စမှာလည်းပဲ ဒီသေဆုံးမှုကြောင့် အလောင်းမရရှိလို့ရှိရင် အကျိုးခံစားခွင့်နှစ်နှစ် စောင့်ဆိုင်းပေးရမယ်လို့ ဖော်ပြ

ထားတာလည်းတွေ့ရပါတယ်။ ဒီမြန်မာ့ပင်လယ်ပြင်မှာ ငါးဖမ်းလုပ်ကိုင်နေတဲ့ ရေလုပ်သားအများစုဟာဒီလုပ်ငန်းခွင်မှာ ဖြစ်ပျက်တတ်တဲ့ဘေးအန္တရာယ်ကြောင့် သေဆုံးတဲ့နေရာမှာလည်း အလောင်းမရရှိတာများပါတယ်။ ဒါကြောင့်မို့လို့ နှစ်နှစ်စောင့်ဆိုင်းပြီးမှ အကျိုးခံစားခွင့်ရှိတယ်ဆိုတာကိုလည်းပဲ ဒီထူးခြားတဲ့နယ်မြေတစ်ခုမှာ သင့်လျော်သလိုကာလတစ်ခု သတ်မှတ်ပြီး ပြင်ဆင်ပေးပါလို့လည်းပဲ အကြံပြုလိုပါတယ်။

နိဂုံးချုပ်အနေနဲ့ကတော့ ကျွန်တော်တို့ မြန်မာ့ပင်လယ်ပြင်မှာ ငါးလုပ်ငန်းလုပ်ကိုင်နေတဲ့ ရေလုပ်သားများရဲ့ အသက်အာမခံထားရှိရေးကိစ္စနှင့်ပတ်သက်ပြီးတော့ ဆောင်ရွက်ပေးနိုင်မယ့်အစီအစဉ်များကို သိရှိလို၍ မေးမြန်းခြင်းဖြစ်ကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။(ဩဘာသံများ)

**ဥက္ကဋ္ဌ။** ။မင်းလှမဲဆန္ဒနယ်မှ ဦးမောင်တိုးမေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးမောင်တိုး(မင်းလှမဲဆန္ဒနယ်)။** ။ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ၁၉၄၇ ခုနှစ်မှာ ထုတ်ပြန်ခဲ့တဲ့ Foreign Exchange Federation Act ဟာဆိုလို့ရှိရင် အနည်းငယ်ပြင်ဆင်ထားသည်မှအပ အခုချိန်အထိ တည်ဆဲဥပဒေတစ်ခုဖြစ်ပါတယ်။ ဒီဥပဒေရဲ့ ပုဒ်မ ၅၊ ပုဒ်မခွဲ ၁ မှာ မြန်မာနိုင်ငံသားများအနေနဲ့ ကြိုတင်ခွင့်ပြုချက်လိုင်စင်ယူထားတဲ့ သူကလွဲပြီးတော့ရင် သာမန်ပြည်သူများအနေနဲ့ နိုင်ငံခြားငွေကိုင်ဆောင်ခွင့်မရှိဘူး။ ကိုင်ဆောင်ကြောင်းတွေ့ရှိလို့ရှိရင်လည်း ပုဒ်မ ၂၄၊ ပုဒ်မခွဲ ၁ အရထောင်ဒဏ်သုံးနှစ်အထိ ကျခံရမယ်လို့ဆိုထားပါတယ်။ နိုင်ငံခြားကို အကြောင်းအမျိုးမျိုးနဲ့သွားရောက်တဲ့ နိုင်ငံသားတွေအနက် နိုင်ငံတော်တာဝန်နဲ့သွားတဲ့ အထူးသဖြင့်ဝန်ထမ်း ပုဂ္ဂိုလ်မျိုးတွေကိုတော့ရင် တရားဝင်ငွေလဲနှုန်းနဲ့ထိုက်သင့်တဲ့ နိုင်ငံခြားငွေလဲလှယ်ပေးပါတယ်။ သာမန်ပြည်သူများကိုတော့ လဲလှယ်ပေးခြင်းမရှိပါဘူး။ ဒါကြောင့်မို့လို့ နိုင်ငံခြားကို အကြောင်းအမျိုးမျိုးနဲ့ သွားရောက်တဲ့ သာမန်ပြည်သူများဟာ နိုင်ငံခြားငွေကို ဈေးကွက်ပေါက်ဈေးနဲ့ တရားမဝင်ဈေးကွက်မှာဝယ်ယူနေရတဲ့အပြင် တည်ဆဲဥပဒေကိုချိုးဖောက်ရာလည်းရောက်ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ သာမန်ပြည်သူများအနေနဲ့ လက်တွေ့မှာလဲလှယ်နိုင်ခြင်းမရှိတဲ့ အစိုးရအနေနဲ့လည်းပဲ Law Inforcement ကို တိတိကျကျလုပ်ဆောင်နိုင်ခြင်းမရှိတဲ့ ၁၉၄၇ ခုနှစ်၊ နိုင်ငံခြားငွေလဲလှယ်ရေး ဥပဒေကို ပြင်ဆင်ရန် ရှိ၊မရှိနဲ့ မပြင်ဆင်နိုင်သေးဘူးဆိုရင်လည်းပဲ မည်သည့်အတွက်ကြောင့်မပြင်ဆင်နိုင်သည်ကို ဖြေကြားပေးပါရန် မေးမြန်းအပ်ပါတယ်ခင်ဗျား။(ဩဘာသံများ)

**ဥက္ကဋ္ဌ။** ။ ကန်ကြီးထောင့်မဲဆန္ဒနယ်မှ ဦးကျော်ဝင်းမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးကျော်ဝင်း(ကန်ကြီးထောင့်မဲဆန္ဒနယ်)။** ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့

ကန်ကြီးထောင့်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဝင်း ဖြစ်ပါတယ်။ ကျွန်တော့် အနေနဲ့ ဒီမေးခွန်းကို မေးမြန်းရခြင်းဟာ အခြေခံလူတန်းစားများအလွှာရဲ့အကျိုးကို ရည်မျှော်ပြီး မေးမြန်းရခြင်းဖြစ်ပါတယ်။ နိုင်ငံတော်ကဖွင့်လှစ်ရောင်းချတဲ့ အောင်ဘာလေထီဟာ တစ်စောင်လျှင် သတ်မှတ်ဈေး ၂၀၀ ကျပ် ဖြစ်ပါတယ်။ ဒါပေမယ့် ဈေးကွက်ထဲမှာတစ်စောင်လျှင် ၃၅၀ ကျပ်ဖြစ်နေပါ တယ်။ နယ်မှာတစ်စောင်ချင်းဝယ်ယူကံစမ်းဖို့က အခက်အခဲရှိပါတယ်။ ပုဂ္ဂလိက အရောင်းဆိုင်ရောက် တဲ့အခါမင်္ဂလာစုံတွဲကစပြီး ဂဏန်းတူ၊ အက္ခရာတူ ပုံစံမျိုးစုံနဲ့ရောင်းချနေပါတယ်။ ၂၉-၈-၂၀၁၁ မြန်မာ့ အလင်းသတင်းစာ ပြည်တွင်းလူမှုစီးပွား သတင်းပဒေသာကဏ္ဍမှာ ထီဈေးနှုန်းတွေကို ဖော်ပြထားတာ တွေ့ရှိရပါတယ်။ အားလုံးလည်းအသိဖြစ်ပါတယ်။ ဒါကြောင့် အခြေခံလူတန်းစားများ အောင်ဘာလေ ထီကံစမ်းဖို့ဟာ တော်တော်အခက်အခဲရှိပါတယ်။ ဒီအကျိုးဆက်ကြောင့် အစိတ်ဖိုး၊ ငါးဆယ်ဖိုး၊ တစ်ရာဖိုးကြိုက်သလိုထိုး၊ တစ်နေ့ကိုသုံးကြိမ်၊ တစ်ပတ်မှာငါးရက်၊ ၁၅ ရက်တစ်ကြိမ်၊ လွယ်လွယ်ကူကူ ထိုးလို့ရတဲ့ လောင်းကစားဘက်ကိုရောက်သွားပါတယ်။ လောင်းကစားရဲ့ဆိုးကျိုးဟာ အခြေခံလူတန်း စားများမှာ ပိုမိုပြီးတော့ဖြစ်လေ့ရှိပါတယ်။ အခြေခံလူတန်းစားထဲမှ ဝမ်းတူးအလွှာ ဆိုတာပေါ်လာ ခြင်းဟာလောင်းကစားရဲ့ဆိုးကျိုးကြောင့်ဖြစ်ပါတယ်။ အခုဆိုရင် လောင်းကစားပပျောက်ရေးစီမံချက် များကျေးလက်ဒေသဖွံ့ဖြိုးရေးနဲ့ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ဆောင်ရွက်နေချိန်ဖြစ်တဲ့အတွက်ကြောင့် (၁) အောင်ဘာလေထီတစ်စောင်လျှင် ၂၀၀ ကျပ်နှင့်အများပြည်သူလွယ်လွယ်ကူကူဝယ်ယူနိုင်ရေးအစီ အစဉ်၊ (၂) လက်ရှိဆုကြေးကျပ်သိန်းတစ်ထောင်အထက် ဆုကြေးပိုမိုမြှင့်ပေးရန် အစီအစဉ်တို့ကိုသိရှိ လိုပါသဖြင့် မေးမြန်းရခြင်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အထက်ဖော်ပြပါမေးခွန်းများနဲ့ပတ်သက်ပြီး သက်ဆိုင်ရာဝန်ကြီးမှ ရှင်းလင်းဖို့ ဖြစ်ပါတယ်။

**ဦးလှထွန်း(ပြည်ထောင်စုဝန်ကြီး၊ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ ကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ ချမ်းသာပြီး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းရင်းနှုတ်ခွန်းဆက်သပါတယ်။ မကွေးတိုင်းဒေသကြီး၊ ဆင်ပေါင်ဝဲမြို့နယ် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးအေးနိုင်က တည်ဆဲနိုင်ငံခြားငွေလဲလှယ်မှုစည်းမျဉ်း သတ်မှတ်ရေး အက်ဥပဒေ၊ နည်းဥပဒေနှင့်ပင်လယ်ကြောင်း အကောက်ခွန်ဥပဒေများမှ ခေတ်ကာလနှင့်မကိုက်ညီ သည့် ဥပဒေနှင့်နည်းဥပဒေများအား ပြန်လည်ပြင်ဆင်ရန် ရှိ၊ မရှိ မေးမြန်းလာသောမေးခွန်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြလိုပါတယ်။ ၁၉၄၇ ခုနှစ်၊ နိုင်ငံခြားသုံးငွေလဲလှယ်မှုစည်းမျဉ်း ဥပဒေပုဒ်မ

၅ အရ မြန်မာနိုင်ငံအတွင်း နေထိုင်သူမည်သူမဆို လူပုဂ္ဂိုလ်၊အဖွဲ့အစည်း၊ ဌာနဆိုင်ရာများအနေဖြင့် နိုင်ငံခြားသုံးငွေ အုပ်ချုပ်ရေးမှူး၏ခွင့်ပြုချက်ဖြင့် နိုင်ငံခြားငွေ လက်ခံကိုင်ဆောင်ခွင့်ရှိပါတယ်။ နိုင်ငံတော်အတွင်းနိုင်ငံခြားငွေ တရားဝင်လက်ခံရရှိသည့် အဖွဲ့အစည်းများသည် နိုင်ငံခြားငွေလက်ခံကိုင်ဆောင်ခွင့်လိုင်စင် Foreign Exchange Acceptor and Holder License ကို လျှောက်ထားပြီးကိုင်ဆောင်ကြရမှာဖြစ်ပါတယ်။ သာမန်ခရီးသွားအလုပ်လုပ်သူများ Shore Job, Seaman Job တစ်ဦးအတွက်ကို FEC ၁၀၀ ကို မေရိကန်ဒေါ်လာဖြင့်လဲလှယ် ယူဆောင်ခွင့်ပြုထားပါတယ်။ ဒါ့အပြင် အလုပ်လုပ်သူလူသစ်များအတွက် FEC ၂၀၀ ကို အမေရိကန် ဒေါ်လာဖြင့် လဲလှယ် ယူဆောင်ခွင့်ပြုထားပါတယ်။ နိုင်ငံခြားငွေ ဘဏ်စာရင်းဖွင့်လှစ်ထားပြီး ဘဏ်စာရင်းလက်ကျန်ငွေ လုံလောက်စွာရှိသူများအား မိမိတို့၏ဘဏ်စာရင်းမှ အမေရိကန်ဒေါ်လာ ၅၀၀ ကိုထုတ်ယူပြီး ယူဆောင်ခွင့်လည်းပြုထားပါတယ်။ ပြည်ပသို့ နိုင်ငံခြားငွေများယူဆောင်သွားရန် ခွင့်ပြုထားတဲ့ ပမာဏထက်ကျော်လွန်သည့် ငွေပမာဏကိုယူဆောင်သွားလိုပါက ကိစ္စရပ်အလိုက်အကျိုးအကြောင်း ပြည့်စုံစွာဖော်ပြပြီး နိုင်ငံခြားသုံးငွေ အုပ်ချုပ်ရေးမှူး Controller Of Foreign Exchange နဲ့ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုအဖွဲ့ Foreign Exchange Board အာဏာပိုင်များထံတင်ပြပြီး ခွင့်ပြုချက်ရယူယူဆောင်သွားနိုင်ပါတယ်။ တည်ဆဲနိုင်ငံခြားသုံးငွေလဲလှယ်မှု စည်းမျဉ်းဥပဒေသတ်မှတ်ရေး အက်ဥပဒေ ၁၉၄၇ ခုနှစ်သည် ပြည်ထောင်စုအစိုးရ၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနက စီမံခန့်ခွဲတဲ့ ဥပဒေများမှာပါဝင်ပါတယ်။ သို့သော်လည်း ခေတ်ကာလနှင့်မကိုက်ညီသည့် ပြဋ္ဌာန်းချက်များကို နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေရန်နှင့် လက်ရှိခေတ်ကာလ အခြေအနေနှင့်ကိုက်ညီရန်အတွက် ပြင်ဆင်ရေးဆွဲ၍ ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ သဘောထားမှတ်ချက်တောင်းခံပြီးဖြစ်ပါတယ်။ ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြရန်စီစဉ် ဆောင်ရွက်လျက်ရှိကြောင်း တင်ပြလိုပါတယ်။ ဆက်လက်ပြီး ပင်လယ်ရေကြောင်းအကောက်ခွန်ဥပဒေများမှ ခေတ်ကာလနှင့် မကိုက်ညီသည့် ဥပဒေနှင့်နည်းဥပဒေများ ပြန်လည်ပြင်ဆင်ရန် ရှိ၊ မရှိ မေးခွန်းနဲ့ပတ်သက်ပြီး ရှင်းလင်းသွားမှာဖြစ်ပါတယ်။ အကောက်ခွန်ဦးစီးဌာနမှ အဓိကကျင့်သုံးလျက်ရှိတဲ့ ဥပဒေများမှာ ၁၉၇၈ ခုနှစ်၊ ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေ၊ ၁၉၂၄ ခုနှစ်၊ ကုန်းလမ်းအကောက်ခွန် အက်ဥပဒေနဲ့ ၁၉၉၂ ခုနှစ်၊ အကောက်ခွန်နှုန်းဥပဒေတို့ ဖြစ်ပါတယ်။ ၁၉၇၈ ခုနှစ်၊ ပင်လယ်ရေကြောင်းအကောက်ခွန်ဥပဒေ၊ ၁၉၂၄ ခုနှစ်၊ ကုန်းလမ်းအကောက်ခွန်ဥပဒေနှစ်ရပ်ကို ယနေ့ခေတ်ကာလနဲ့ လျော်ညီစွာ ပြင်ဆင်ရေးဆွဲနိုင်ရေးအတွက် ဥပဒေပြင်ဆင်ရေးဆွဲရေးအဖွဲ့ကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါတယ်။ အကောက်အခွန်ဦးစီးဌာနဟာ ၁၉၉၁ ခုနှစ်၊ ကမ္ဘာ့အကောက်ခွန်အဖွဲ့

World Customs Organizationရဲ့ ၁၀၉ နိုင်ငံမြောက် အဖွဲ့ဝင်နိုင်ငံဖြစ်လာတဲ့အတွက် ကမ္ဘာ့အကောက်ခွန်အဖွဲ့ရဲ့ချမှတ်ထားတဲ့ စံသတ်မှတ်ချက်များနဲ့အညီ ပြဋ္ဌာန်းကျင့်သုံးနိုင်ရန် ကမ္ဘာ့အကောက်ခွန်အဖွဲ့က ပြဋ္ဌာန်းသတ်မှတ်ထားတဲ့ ကျိုတိုသဘောတူစာချုပ် Revised Kyoto Convention မှာပါဝင်တဲ့ အကောက်ခွန်လုပ်ထုံးလုပ်နည်းများ စံသတ်မှတ်ချက်များနဲ့ကိုက်ညီအောင်ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ ဒါ့အပြင် ပင်လယ်ရေကြောင်း အကောက်ခွန်အက်ဥပဒေမှာ အကောက်ခွန်တန်ဖိုးသတ်မှတ်ရာမှာ နောက်ဆုံးသတ်မှတ်ခဲ့တဲ့ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ World Trade Organization WTO ရဲ့ အကောက်အခွန်တန်ဖိုးသတ်မှတ်ရေး သဘောတူညီချက်များနဲ့အညီဆောင်ရွက်ရန် ဥပဒေပြဋ္ဌာန်း ဆောင်ရွက်ရန်လိုအပ်လာမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံဟာ အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်တဲ့အလျောက် ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေးအတွက် သတင်းဆက်သွယ်ရေးနည်းပညာ အသုံးပြုသော အာဆီယံပြတင်းတစ်ပေါက် စနစ်အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ ပြဋ္ဌာန်းဥပဒေများနဲ့ကိုက်ညီ ရန်လိုအပ်ပြီး အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်များနဲ့ အာဆီယံနိုင်ငံများအတွင်းဆောင်ရွက်လျက်ရှိတဲ့ သဘောတူစာချုပ်များနဲ့လိုက်နာ ဆောင်ရွက်ရန်လိုအပ်မှာဖြစ်တဲ့အတွက် ပင်လယ်ရေကြောင်းအကောက်ခွန်ဥပဒေကို ပြင်ဆင်ရန် လိုအပ်တဲ့အတွက် ပညာရှင်များနဲ့တိုင်ပင်ပြီး ရေးဆွဲလျက်ရှိကြောင်း အသိပေးတင်ပြလိုပါတယ်။ သို့ဖြစ်ပါ၍ ပင်လယ်ရေကြောင်းအကောက်အခွန် ဥပဒေ၊ ကုန်လမ်းအကောက်အခွန်ဥပဒေများမှာ ခေတ်ကာလနှင့် မကိုက်ညီသည့်ဥပဒေများအား နည်းဥပဒေများကို ပြန်လည်ရေးဆွဲဆောင်ရွက်ဆဲ ဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယမေးခွန်းဖြစ်တဲ့ ဧရာဝတီတိုင်း၊ ဖျာပုံမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးနိုင်၏ ရေလုပ်သားများကို လုပ်ငန်းရှင်များမှ အသက်အာမခံထားရှိခွင့် ရှိ၊ မရှိ မေးမြန်းလာသည့်မေးခွန်းအပေါ် ကျွန်တော် ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ ၂၀၁၁ ခုနှစ်၊ မတ်လမှာ တွေ့ကြုံခဲ့ရတဲ့လေပြင်းမုန်တိုင်းတိုက်ခတ်မှုတွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းမှ ကျားဖောင်ရေလုပ်သားများ အများအပြားလုပ်ငန်းလုပ်ကိုင်စဉ် ပင်လယ်ပြင်၌ အသက်ဆုံးရှုံးမှုဖြစ်စဉ်များအရ ကျားဖောင်ရေလုပ်သားများအတွက် ယင်းလုပ်ငန်းကို ဦးစီးဆောင်ရွက်သည့် ရေလုပ်ငန်းရှင်များမှ ၎င်းတို့၏ရေလုပ်သားကိုယ်စား ကျားဖောင်လုပ်ငန်းရှင်များတာဝန်ရှိမှု အာမခံအဖြစ် မြန်မာ့အာမခံလုပ်ငန်းတွင် အာမခံထားရှိနိုင်ပါက အန္တရာယ်တစ်စုံတစ်ရာဖြစ်ပေါ်လျှင်သေဆုံး သို့မဟုတ် ပျောက်ဆုံးသွားသူကျားဖောင်လုပ်သားများအတွက် ကျန်ရစ်သူမိသားစုမှ အာမခံကြေးရရှိနိုင်ပြီး အခြေမပျက်ဘဝ

ရပ်တည်နိုင်ရေးအတွက် မြန်မာ့အာမခံလုပ်ငန်းနဲ့ ငါးလုပ်ငန်းဦးစီးဌာနတို့ကပူးပေါင်းကာ စည်းရုံး ဆောင်ရွက်နိုင်ရေးအတွက်ကို ငါးလုပ်ငန်းဦးစီးဌာနမှ မြန်မာ့အာမခံလုပ်ငန်းသို့ အကြောင်းကြားလာ တာဖြစ်ပါတယ်-

ငါးလုပ်ငန်းဦးစီးဌာနရဲ့ ညှိနှိုင်းလာချက်အရ ကျားဖောင်လုပ်ငန်းရှင်တာဝန်ရှိမှု အာမခံထားရှိ နိုင်ရေး၊ မြန်မာ့အာမခံလုပ်ငန်းမှ ကျားဖောင်ရေလုပ်သားများအတွက် ဆောင်ရွက်ပေးနိုင်မည့် အာမခံ အကာအကွယ်ကို အောက်ပါအတိုင်း ပြန်ကြားပေးပြီးဖြစ်ပါတယ်။

(က) ပင်လယ်ပြင်တွင် ငါးဖမ်းထွက်လျက်ရှိသည့် စက်တပ်၊ စက်မဲ့၊ ကမ်းနီး၊ကမ်းဝေးလှေ၊ ကျားဖောင်များတွင် အလုပ်လုပ်ကိုင်လျက်ရှိသည့် ရေလုပ်သားများအတွက် ၎င်းတို့၏ လုပ်ငန်းရှင်များမှ ကျားဖောင်ရေလုပ်သားများ တာဝန်ရှိမှု အာမခံကို မြန်မာ့အာမခံ လုပ်ငန်းတွင် အာမခံထားရှိနိုင်ပါသည်။

(ခ) ယင်းရေလုပ်သားများ၏ ဘဝမျှော်လင့်ချက်ကိုအာမခံမှ ရှေးရှုဆောင်ရွက်ရာတွင် သက်ဆိုင်ရာဒေသတွင်းရှိ ကျားမောင်ရေလုပ်သားအားလုံးအတွက် မထားမနေရ အာမခံအဖြစ် ငါးလုပ်ငန်းဦးစီးမှ Focal Paint အဖြစ်တာဝန်ယူဆောင်ရွက်ပြီး၊ မြန်မာ့ အာမခံလုပ်ငန်းနှင့် ပူးပေါင်းဆောင်ရွက်ရန် ဖြစ်ပါတယ်။

(ဂ) သက်ဆိုင်ရာရေလုပ်သားများ၏ အာမခံတာဝန်ကို အနည်းဆုံးတစ်ယူနစ်လျှင် နစ်နာကြေး ငါးသိန်းသတ်မှတ်ထားရှိပြီး ရေလုပ်သားတစ်ဦးအတွက် အများဆုံးလေးယူနစ် ဝယ်ယူ ထားရှိနိုင်ပြီး တစ်စုံတစ်ရာ အသက်အန္တရာယ်ဆုံးရှုံးမှုပေါ်ပေါက်ပါက ကျပ်သိန်း နှစ်ဆယ်ထိ မြန်မာ့အာမခံလုပ်ငန်းမှ ပေးလျော်မှာ ဖြစ်ပါတယ်။

(ဃ) အာမခံတစ်ယူနစ် အာမခံအကာအကွယ်ငါးသိန်းအတွက် ကျသင့်ပရီမီယမ်မှာ ကျပ် ၃၅၀၀ ပုံသေသတ်မှတ်၍ သက်တမ်းကာလမှာ တစ်နှစ်၊ အာမခံစာချုပ်သက်တမ်း တစ်နှစ် ဖြစ်ပါတယ်။

(င) အာမခံလုပ်ငန်းတွေ ကျားဖောင်လုပ်ငန်းတာဝန်ရှိမှု အာမခံထားရှိသည့် ရေလုပ်သား များအတွက် ကျားဖောင်ပေါ်တွင် လုပ်ငန်းခွင်တာဝန်ထမ်းဆောင်လျက်ရှိစဉ် သဘာဝဘေး အန္တရာယ်ကြောင့်လည်းကောင်း၊ မတော်တဆလုပ်ငန်းခွင်ထိခိုက်မှုကြောင့်လည်းကောင်း အောက်ဖော်ပြပါဖြစ်စဉ်များကိုလည်း မြန်မာ့အာမခံလုပ်ငန်းမှ နစ်နာကြေးအဖြစ် သတ်မှတ်ပေးမှာ ဖြစ်ပါတယ် -

(၁) သေဆုံးခြင်း၊ အာမခံထားရှိသည့်တန်ဖိုးအတိုင်းပေးလျော်မှာ ဖြစ်ပါ တယ်။

(၂) ဒဏ်ရာရရှိခြင်း၊ ထာဝစဥ်မသန်မစွမ်းဖြစ်ခြင်း၊ တစ်စိတ်တဒေသ မစွမ်းမသန်ဖြစ်ခြင်း၊ သူတစ်ပါးထိခိုက်မှု အာမခံနည်းဥပဒေနှုန်းထားအတိုင်းဖြစ်ပြီး အများဆုံးအာမခံငွေ၏ ၈၀ ရာခိုင်နှုန်းပေးလျော်မှာဖြစ်ပါတယ်။

(စ) အကယ်၍ အာမခံထားရှိသည့် ကျားဖောင်လုပ်သားများ လုပ်ငန်းခွင်တွင် အထက်ဖော်ပြပါအန္တရာယ်များကြောင့် ပင်လယ်ပြင်တွင်သေဆုံး သို့မဟုတ် ပျောက်ဆုံးသည့်ကိစ္စရပ်များတွင် အလောင်းမရရှိပါက အာမခံနည်းဥပဒေပါအချက်အရ နစ်နာကြေးပေးချေမှုအား သာမန်အားဖြင့် နှစ်နှစ်စောင့်ဆိုင်းပြီးမှ ပေးချေရမည်ဖြစ်သော်လည်း အထူးကိစ္စတစ်ရပ်အနေဖြင့် အလောင်းမရ သေဆုံးမှုဟုယူဆပါက ဖြစ်ပျက်သေဆုံးသည့်နေ့မှ တစ်နှစ်တိတိစောင့်ဆိုင်းပြီး နစ်နာကြေးအား သက်ဆိုင်ရာ အကျိုးခံစားခွင့်ရှိသူသို့ပေးချေမှာဖြစ်ပါတယ်။

အထက်ပါ ကျားဖောင်လုပ်ငန်းရှင် တာဝန်ရှိမှု အာမခံအမျိုးအစားမှာ ယခင်မြန်မာ့အာမခံလုပ်ငန်းမှ ဆောင်ရွက်လျက်ရှိသည့် ရေယာဥ်လုပ်ငန်းရှင်တာဝန်ရှိမှု အာမခံအမျိုးအစားနဲ့ တစ်ထပ်တည်းအကာအကွယ်ပေးထားသော်လည်း ရေယာဥ်လုပ်ငန်းရှင်တာဝန်ရှိမှုအာမခံမှာ စက်တပ်ရေယာဥ်များပေါ်သာအကျုံးဝင်ပြီး မြန်မာ့အာမခံလုပ်ငန်းမှ ခွင့်ပြုလက်ခံမည့် အာမခံအမျိုးအစားမှာ ကမ်းနီး၊ ကမ်းဝေးပင်လယ်ပြင်အတွင်း စက်မဲ့ရေယာဥ်ကျားဖောင်လုပ်ငန်းများတွင် တာဝန်ထမ်းဆောင်သည့်ရေလုပ်သားများ ဘဝရှေ့ရေးအတွက် ကျားဖောင်လုပ်ငန်းရှင်တာဝန်ရှိမှု အာမခံအကာအကွယ်အား မြန်မာ့အာမခံလုပ်ငန်းနှင့် ငါးလုပ်ငန်းဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်၊ အကောင်အထည်ဖော်ဆောင်ရွက်သွားမှာဖြစ်ကြောင်း ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီး၊ မင်းလှမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်တိုးမှ နိုင်ငံတော်တွင် လက်ရှိတည်ဆဲဥပဒေများအရ သာမန်ပြည်သူများအနေဖြင့် နိုင်ငံခြားငွေလက်ခံကိုင်ဆောင်ခွင့်မရှိကြောင်း၊ နိုင်ငံခြားသို့ အကြောင်းအမျိုးမျိုးဖြင့် သွားရောက်သောနိုင်ငံသားများအနက် နိုင်ငံတာဝန်ဖြင့်သွားရောက်သူများကို တရားဝင်ငွေလဲလှယ်နှုန်းဖြင့် ထိုက်သင့်သောငွေလဲလှယ်ပေးပါသည်။ သာမန်ပြည်သူများကိုမူ လဲလှယ်ပေးခြင်းမရှိပါ။ ထိုကဲ့သို့ လက်တွေ့တွင်ဖြစ်နေသည့်

နိုင်ငံရပ်ခြားသို့သွားသော သာမန်ပြည်သူများအနေဖြင့် ဥပဒေချိုးဖောက်ရာ ရောက်ပါသည်။ ပြည်သူများလက်တွေ့တွင် လိုက်နာခြင်းမရှိသောဥပဒေကို ပြင်ဆင်ရန် ရှိ၊ မရှိ မေးမြန်းချက်နှင့် ပတ်သက်၍ ကျွန်တော် ပြည်ထောင်စုဝန်ကြီး၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနမှ ရှင်းလင်းပြောကြားမှာဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ၁၉၄၇ ခုနှစ်၊ နိုင်ငံခြားသုံးငွေစည်းမျဉ်းအက်ဥပဒေပုဒ်မ ၅ အရ မြန်မာနိုင်ငံတွင်မည်သူမဆို လူပုဂ္ဂိုလ်၊ အဖွဲ့အစည်း၊ ဌာနဆိုင်ရာများအနေဖြင့် နိုင်ငံခြားသုံးငွေ အုပ်ချုပ်ရေးမှူး၏ ခွင့်ပြုချက်ဖြင့် နိုင်ငံခြားငွေ လက်ခံကိုင်ဆောင်ခွင့်ရှိပါတယ်။ မည်သူမဆို နိုင်ငံခြားငွေလက်ခံကိုင်ဆောင်ရန် အကြောင်းပေါ်ပေါက်ပါက နိုင်ငံခြားသုံးငွေ အုပ်ချုပ်ရေးမှူး၏ ခွင့်ပြုချက်ရယူပြီး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဌာန၌ နိုင်ငံခြားငွေ လက်ခံကိုင်ဆောင်ခွင့်လိုင်စင် Foreign Exchange Acceptor & Holder License ကိုလျှောက်ထားရယူကိုင်ဆောင်ရမှာ ဖြစ်ပါတယ်။ နိုင်ငံတော်အတွင်း နိုင်ငံခြားငွေ တရားဝင်လက်ခံကိုင်ဆောင်ရရှိသည့်အဖွဲ့အစည်းများ (ဥပမာ- ဟိုတယ်လုပ်ငန်းများ၊ ခရီးသွားလုပ်ငန်းများ၊ လက်ဝတ်ရတနာနှင့် ကျောက်စိမ်းရုပ်ထု၊ ရုပ်ထွင်းများ ရောင်းချခြင်းလုပ်ငန်းများ၊ စားသောက်ဆိုင်များ၊ အခြားဝန်ဆောင်မှုလုပ်ငန်းများ) ဟာ နိုင်ငံခြားသုံးငွေအုပ်ချုပ်ရေးမှူး Controller of Foreign Exchange ၏ ခွင့်ပြုချက်များရယူပြီး နိုင်ငံခြားငွေကို လက်ခံကိုင်ဆောင်ခွင့်လိုင်စင်များ လျှောက်ထားပြီးကိုင်ဆောင်လျက်ရှိကြပါတယ်။ ၁၉၄၇ ခုနှစ် နိုင်ငံခြားသုံးငွေစည်းမျဉ်းအက်ဥပဒေပုဒ်မ ၅ အရသည် နိုင်ငံခြားသုံးငွေအုပ်ချုပ်ရေးမှူး Controller of Foreign Exchange ခွင့်ပြုမိန့်ဖြင့် ပြည်ပသို့ နိုင်ငံခြားငွေများယူဆောင်ခွင့်ပြုထားပါတယ်။ သာမန်ခရီးသွားအလုပ်လုပ်သူများ Shore Job Seaman Job တစ်ဦးအတွက် FEC ၁၀၀ ကိုအမေရိကန်ဒေါ်လာဖြင့်လဲလှယ်ခွင့်ပြုထားပါတယ်။ ဒါ့အပြင် အလုပ်လုပ်သူလူသစ်များအတွက် FEC ၂၀၀ ကို အမေရိကန်ဒေါ်လာဖြင့် လဲလှယ်ယူဆောင် ခွင့်ပြုထားပါတယ်။ နိုင်ငံခြားငွေဘဏ်စာရင်းဖွင့်လှစ်ထားပြီး ဘဏ်စာရင်းလက်ကျန်ငွေ လုံလောက်စွာရှိသူများကိုမိမိတို့၏ဘဏ်စာရင်းမှ အမေရိကန်ဒေါ်လာ ၅၀၀ ကို ထုတ်ယူယူဆောင်ခွင့်ပြုထားပါတယ်။ ပြည်ပသို့နိုင်ငံခြားငွေများယူဆောင်ရန် ခွင့်ပြုထားတဲ့ပမာဏ ထက်ကျော်လွန်သည့် ငွေပမာဏကိုယူဆောင်သွားရန်လိုအပ်ပါက ကိစ္စရပ်အလိုက် အကျိုးအကြောင်း ပြည့်စုံစွာဖော်ပြပြီး နိုင်ငံခြားသုံးငွေအုပ်ချုပ်ရေးမှူး Controller of Foreign Exchangeနှင့် နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုအဖွဲ့ Foreign Exchange Board အာဏာပိုင်များထံ တင်ပြခွင့်ပြုချက်ရယူ ယူဆောင်သွားနိုင်ပါတယ်။ ယခုအခါတွင် နိုင်ငံရပ်ခြားသို့ သွားသောပြည်သူများအနေဖြင့် သွားရောက်သည့် ကိစ္စရပ်အလိုက် သုံးစွဲရန်

အတွက်ထိုက်သင့်သော နိုင်ငံခြားငွေပမာဏကို လဲလှယ်ယူဆောင် သွားနိုင်ခွင့် ၊၎င်းတို့၏ နိုင်ငံခြားငွေဘဏ်စာရင်းမှထုတ်ယူပြီး ယူဆောင်သွားနိုင်ခွင့်အား ပြင်ဆင် ခွင့်ပြုနိုင်ရန်အတွက် စီစဥ်ဆောင်ရွက်လျက်ရှိကြောင်းလည်းတင်ပြလိုပါတယ်။ လက်ရှိတွင် နိုင်ငံခြားသို့ အကြောင်းအမျိုးမျိုးဖြင့်သွားရောက်ကြသော နိုင်ငံသားအများအနက် နိုင်ငံတော်၏တာဝန်ဖြင့် သွားရောက်သူများကို တရားဝင်ငွေလဲလှယ်နှုန်းဖြင့် ထိုက်သင့်သောငွေလဲလှယ်ပေးပြီး သာမန်ပြည်သူများကို လဲလှယ်ပေးနိုင်ခြင်းမရှိသဖြင့် သာမန်ပြည်သူများအနေဖြင့် မိမိတို့လိုအပ်သည့် နိုင်ငံခြားငွေကို တရားမဝင်ယူဆောင်သွားမှုများလည်းရှိနိုင်ပါတယ်။ မြန်မာနိုင်ငံမှာ နိုင်ငံခြားငွေလဲလှယ်ပေါင်းစည်းရေး Exchange Rate Unification ဆောင်ရွက်ပြီးပါက ငွေလဲလှယ်နှုန်း တစ်မျိုးတည်းသာရှိလာတော့မှာ ဖြစ်တဲ့အတွက် မည်သူမဆို ၎င်းလဲလှယ်နှုန်းဖြင့်သာ လဲလှယ်နိုင်မှာ ဖြစ်ပါတယ်။ နိုင်ငံခြားငွေလဲလှယ်နှုန်း ပေါင်းစည်းရေး Exchange Rate Unification ကို အပြည်ပြည်ဆိုင်ရာငွေရန်ပုံငွေအဖွဲ့ IMFနှင့်ပူးပေါင်းပြီး ဆောင်ရွက်နိုင်ရန် စီစဥ်လျက်ရှိကြောင်းလည်း တင်ပြလိုပါတယ်။

တည်ဆဲနိုင်ငံခြားသုံးငွေ လဲလှယ်မှုစည်းမျဥ်းအက်ဥပဒေ ၁၉၄၇ ခုနှစ်သည် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနက စီမံခန့်ခွဲလျက်ရှိသာ ဥပဒေများတွင်ပါဝင်တဲ့အတွက် ခေတ်ကာလနှင့် မကိုက်ညီသည့် ပြဋ္ဌာန်းချက်များအား ခေတ်ကာလနှင့်ကိုက်ညီစေရန် နိုင်ငံတော်၏ စီးပွားဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေရန်အတွက် ပြင်ဆင်ရေးဆွဲလျက်ရှိပြီး၊ ပြင်ဆင်ရေးဆွဲချက်ကို ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့်ညှိနှိုင်းပြီး ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဆက်လက်ပြီး ဧရာဝတီတိုင်းဒေသကြီး၊ ကန်ကြီးထောင့်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဝင်း မေးမြန်းသည့် အောင်ဘာလေထီတစ်စောင် ၂၀၀ ကျပ်ဖြင့် ပြည်သူ့လက်ဝယ်သို့ရောက်ရှိအောင် ပို့ဆောင်ပေးနိုင်မည့် အစီအစဥ် ရှိ၊ မရှိ မေးခွန်းနှင့်ပတ်သက်၍ ရှင်းလင်းဖြေကြားအပ်ပါတယ်။ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနသည် ၂၀၀ ကျပ်တန် အောင်ဘာလေသိန်းထီလက်မှတ်ကို ထီလက်မှတ် ၁၁ စောင် ထီစာ အုပ်တစ်အုပ်လျှင် ၂၀၀၀ ကျပ်ဖြင့် မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများမှတစ်ဆင့် ထီရောင်းချလိုသူကိုယ်စားလှယ်များကို ရောင်းချပေးလျက်ရှိပါတယ်။ ထိုကိုယ်စားလှယ်များအနေနဲ့ မိမိတို့ရောင်းအားအလိုက် မြို့နယ် ကိုယ်စားလှယ်များထားရှိ၍လည်းကောင်း၊ မြို့နယ်အရောင်းကိုယ်စားလှယ်များမှတစ်ဆင့် ထီရောင်း/ဝယ်ခြင်းလုပ်ငန်းဖြင့်အသက်မွေးဝမ်းကျောင်းပြုနေသူများ၊ လက်ပွေ့၊ တွန်းလှည်းများဖြင့် ရောင်းနေသူများသို့လည်းကောင်း၊ အဆင့်ဆင့်ဖြန့်ဖြူး၍ ထီဝါသနာရှင်များသို့ ရောင်းချပေးလျက်ရှိပါတယ်။ မြန်မာ

နိုင်ငံမှာ အောင်ဘာလေသိန်းဆု စတင်ဖွင့်လှစ်ချိန်မှစ၍ ယခုအချိန်ထိ ပြည်တွင်းအခွန်များဦးစီးဌာန၊ မြို့နယ်ရုံးများအနေနဲ့ ထီတစ်စောင်ခြင်း၊ တစ်အုပ်ခြင်းရောင်းချရန် အခက်အခဲရှိသဖြင့် ဘဏ်ငွေပေး အမိန့်လက်မှတ် Bank Payment Order ဖြင့်လက်ကားရောင်းချသည့်စနစ်ကိုသာ ကျင့်သုံးဆောင် ရွက်လျက်ရှိပါတယ်။ လျှောက်ထားသူဦးရေနဲ့ ဗဟိုအရောင်းမှ ရောင်းချပေးနိုင်တဲ့ ထီအုပ်ရေအပေါ် မူတည်ပြီး အချိုးကျခွဲဝေရောင်းချပေးလျက်ရှိပါတယ်။ ထီစာအုပ်တစ်အုပ်ကုန်စင်အောင်ရောင်းချ နိုင်ပါက ၂၂၀၀ ကျပ် ရရှိမှာဖြစ်တဲ့အတွက် တစ်အုပ်ကို ၂၀၀ ကျပ် အမြတ်အစွန်းငွေရရှိမှာဖြစ်ပါ တယ်။ ထီစာအုပ်ရောင်းချလိုသူများအနေနဲ့ ရန်ကုန်တိုင်းဒေသကြီးမှအပ သက်ဆိုင်ရာမြို့နယ်အခွန် ဦးစီးဌာနမှူးရုံးများမှာ မိမိတို့ဝယ်ယူရောင်းချလိုသည့် ထီစာအုပ်အရေအတွက်ကိုဖော်ပြပြီး လျှောက် ထားနိုင်ပါတယ်။ ဝယ်ယူခွင့်ရရှိပါက ရရှိတဲ့ဘဏ္ဍာနှစ်တစ်နှစ်လုံးအတွက် လစဥ်ဝယ်ယူခွင့်ရရှိမှာဖြစ် ပါတယ်။ မိမိရောင်းချလိုတဲ့လအတွက်သာ လျှောက်ထားရယူခွင့်ကိုတော့ ခွင့်ပြုမှာမဟုတ်ပါဘူး။ တစ်နှစ်စာခွင့်ပြုမှာဖြစ်ပါတယ်။ ထီလက်မှတ်တွေကို ကြိုတင်ရိုက်နှိပ်ရတာဖြစ်လို့ ဝယ်လိုအားပမာဏ ကိုခန့်မှန်းပြီး ရိုက်နှိပ်ထားရပါတယ်။ ဒါ့ကြောင့်မို့ ရောင်းချပေးနိုင်တဲ့ပမာဏအနေနဲ့ အကန့်အသတ် ရှိပါတယ်။ ထီရောင်းချသူလုပ်ငန်းရှင်များအနေနဲ့လည်း မိမိတို့ရဲ့ရောင်းအားကိုမြှင့်တင်ရန် မြို့နယ် အလိုက် အရောင်းကိုယ်စားလှယ်များထားရှိ၍လည်းကောင်း၊ မြို့နယ်အရောင်းကိုယ်စားလှယ်များမှ တစ်ဆင့် ထီရောင်းဝယ်ခြင်းလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုနေသူများ၊ လက်ပွေ့၊တွန်းလှည်း များဖြင့်ရောင်းချနေသူများသို့ အဆင့်ဆင့်ဖြန့်ဖြူး၍ ထီဝါသနာရှင်များထံ ရောင်းချပေးလျက်ရှိပါ သည်။ ဒါ့ကြောင့်မို့ ထီရောင်းချလိုသူလုပ်ငန်းရှင်များ၊ ထီလစဥ်ထိုးလိုသူများအနေနဲ့ တစ်နှစ်စာမိမိတို့ လစဥ်ရောင်းကုန်နိုင်တဲ့၊ ထီထိုးလိုတဲ့ထီစောင်ရေကိုခန့်မှန်းပြီး လျှောက်ထားနိုင်ပါတယ်။ အောင်ဘာ လေသိန်းဆုဌာနခွဲရုံးအနေဖြင့် အဲဒီလိုဝယ်ယူခွင့်တင်ပြမှု၊ ဈေးကွက်အခြေအနေစတာတွေကို သုံးသပ်ပြီး ထီလက်မှတ်များကြိုတင်မှာကြား ရိုက်နှိပ်ထားရတာ ဖြစ်ပါတယ်။

ထီလုပ်ငန်းရှင်များအနေနဲ့ မိမိတို့ထီလက်မှတ်ရောင်းအား မြှင့်တင်နိုင်ရေးအတွက် အပိုဆုများ ချီးမြှင့်ခြင်း၊ မိမိတို့လုပ်ငန်းအမည်ဖြင့် ထီစာအုပ်များ ဖြန့်ချိပေးပို့နိုင်ရေးအတွက် ကုန်ကျစရိတ်များကို ပြန်လည်ကာမိစေရန်နဲ့ အမည်ကောင်းတန်ဖိုး Goodwill ကိုပါရောင်းဈေးမှာထည့်သွင်းပြီး ထီလက် မှတ်တစ်စောင်လျှင် ၂၀၀ ကျပ် ထက်ပိုမိုရောင်းချနေခြင်းဖြစ်ပါတယ်။ မြန်မာနိုင်ငံ၏ အောင်ဘာလေ ထီစနစ်အရ ထီရောင်းရငွေ ၄၀ ရာခိုင်နှုန်းကို နိုင်ငံတော်အခွန်ဖြင့်ရယူပြီး ကျန် ၆၀ ရာခိုင်နှုန်းကို ဆုမဲအဖြစ် ခွဲပေးတဲ့စနစ်ကို ကျင့်သုံးဆောင်ရွက်နေတာဖြစ်တာမို့ ထီလက်မှတ်များထုတ်ဝေပြီးသည် နှင့် ဆုမဲခွဲဝေမှုသတ်မှတ်ချက်များ သတ်မှတ်ပြီးဖြစ်သည့်အတွက် ရောင်းမကုန်လို့ပြန်အပ်တဲ့ ထီလက်

မှတ်များကို ပြည်တွင်းအခွန်များဦးစီးဌာနအနေနဲ့ ပြန်လည်လက်ခံခြင်းမရှိပါဘူး။ ဒါ့ကြောင့် ထီရောင်းသူများဟာ မိမိရောင်းမကုန်ထီလက်မှတ်များ၏ အရှုံးကိုထေမိနိုင်ရန် တစ်ဖက်မှ မက်လုံးပေးစွဲဆောင်ပြီး ဈေးတင်၍ရောင်းချခြင်းများလည်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါတယ်။ မြန်မာနိုင်ငံထီဖွင့်လှစ်သည့်စနစ်အရ ထီလက်မှတ်များအား ဖြန့်ဖြူးပြီးသည်နှင့် ထီဆုမဲသတ်မှတ်ခွဲဝေထားပြီး အောင်ဘာလေဆုမဲဖွင့်လှစ်ပေးနိုင်ရေး ကြိုတင်စီစဉ် ဆောင်ရွက်ရတာဖြစ်တဲ့အတွက် အောင်ဘာလေသိန်းဆုစတင်ဖွင့်လှစ်ချိန်မှစပြီး ယနေ့အချိန်ထိ ပြည်တွင်းအခွန်များဦးစီးဌာန၊ မြို့နယ်ရုံးများအနေဖြင့် ထီတစ်စောင်ချင်း၊ တစ်အုပ်ချင်းရောင်းရန် အခက်အခဲရှိသဖြင့် ထီစာအုပ်ဝယ်ယူခွင့် ရရှိသူများအား ရရှိသည့်ထီအုပ်ရေအတိုင်း လက်ကားရောင်းချသည့်စနစ်ကိုသာ ကျင့်သုံးလျက်ရှိပါတယ်။ ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် နိုင်ငံတော်အခွန်ရငွေ၏ ၉၀ ရာခိုင်နှုန်းကျော်ကို ကောက်ခံပေးနေတဲ့ လုပ်ငန်းဌာနတစ်ခု၏ ထီတစ်စောင်ချင်း၊ တစ်အုပ်ချင်း၊ လက်လီရောင်းချမည်ဆိုပါက ဝန်ထမ်းများ ပိုမိုအသုံးချရမှာဖြစ်ပါတယ်။ ကျန်အခွန် ကောက်ခံမှုအပိုင်းတွေမှာလည်း လစ်ဟင်းသွားနိုင်မှု ရှိနိုင်ပါတယ်။ အခြေခံလူတန်းစားများ၏ အလုပ်အကိုင် အခွင့်အလမ်းအား လျော့နည်းသွားစေမှာလည်း ဖြစ်ပါတယ်။ ဝန်ထမ်းများအနေဖြင့် ငွေကြေးကိုင်တွယ်ဆောင်ရွက်ရခြင်းကြောင့် ငွေကြေးဆိုင်ရာ မလိုလားအပ်တဲ့ ပြဿနာများလည်းဖြစ်ပေါ်နိုင်ပါတယ်။ ဒါကြောင့် တစ်ဦးချင်း လက်လီဖြန့်ဖြူးရောင်းချခြင်းကို ပြည်တွင်းအခွန်များဦးစီးဌာနအနေနဲ့ စီစဉ်ဆောင်ရွက်ရန်မရှိပါကြောင်း ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။(ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ဘဏ္ဍာ/အခွန်နဲ့ဆိုင်သော မေးခွန်းများမေးမြန်းဖို့က ပြည်သူ့အတွက်၊ နိုင်ငံအတွက်၊ နိုင်ငံတော်ရဲ့ဘဏ္ဍာများတိုးပွားရရှိရေးအတွက်၊ နိုင်ငံသားများရဲ့ မူလအခွင့်အရေးကို ကာကွယ်ပေးလိုတဲ့ဆန္ဒအတွက်။ ပြီးတဲ့အခါမှာ ကန်ကြီးထောင့်မဲဆန္ဒနယ်က တင်ပြချက်အရ နိုင်ငံသားများရဲ့ အကျင့်စာရိတ္တ မယိုယွင်းရအောင်ဆိုတဲ့အချက်၊ ဆင်းရဲနွမ်းပါးမှုကို တစ်ဖက်တစ်လမ်းက ကာကွယ်နိုင်တယ်ဆိုတဲ့ အချက်များကိုမူတည်ပြီး မေးတယ်လို့ အဓိပ္ပာယ်ပေါက်ပါတယ်။ ဒီအပေါ်မူတည်ပြီးတော့ သက်ဆိုင်ရာဝန်ကြီးဌာနကလည်း အသေးစိတ်စိတ်ရှည်လက်ရှည်နဲ့ ဖြေသွားတာကြားရတဲ့အတွက်ဝမ်းမြောက်ရမှာဖြစ်ပါတယ်။ဒီနေ့ မိမိနိုင်ငံသားတွေကော၊လွှတ်တော်ကိုယ်စားလှယ်များကော တူညီတဲ့ဆန္ဒက မိမိတို့ နိုင်ငံခေတ်မီဖွံ့ဖြိုးတိုးတက်ဖို့ဆိုတဲ့ဟာက တူညီတဲ့ဆန္ဒများဖြစ်ပါတယ်။ ထိုနည်းတူစွာပဲ သက်ဆိုင်ရာပြည်ထောင်စုအဖွဲ့အစည်း အသီးသီးရဲ့ဆန္ဒထဲမှာလည်း ပြည်သူ့အကျိုး၊ နိုင်ငံအကျိုး၊ နိုင်ငံတော်ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီးတော့ အများနဲ့ရင်ဘောင်တန်းနိုင်တဲ့ဆန္ဒများကိုယ်စီကိုယ်စီရှိကြပါတယ်။ ဆန္ဒတွေ စိစစ်လိုက်တဲ့အခါမှာ တူညီပြီးတော့ ကောင်းမွန်တဲ့

ရည်မှန်းချက်များကို ချထားတာရှိပါတယ်။ ခေတ်မီချင်တယ်၊ ဖွံ့ဖြိုးတိုးတက်ချင်တယ် ဆိုရင်တော့ ခေတ်နဲ့လျော်ညီတဲ့ ဥပဒေတွေရှိဖို့လိုပါတယ်။ ခေတ်နဲ့လျော်ညီတဲ့ လုပ်ထုံးလုပ်နည်းတွေရှိဖို့လိုတယ်။ ခေတ်နဲ့လျော်ညီတဲ့မူဝါဒတွေ ရှိဖိုလိုပါတယ်။ အဲဒီမူဝါဒတွေကို အကောင်အထည်ဖော်ဖို့ဆိုရင် တကယ် အကောင်အထည်ဖော်ရမယ့် Action Plan ကောင်းဖို့လိုပါတယ်။ ဒါကြောင့်ဒီနေ့ မေးမြန်းသူများရော၊ ဖြေကြားသူများ၊ ဖြေကြားတဲ့ပုဂ္ဂိုလ်များရော နိုင်ငံ့အတွက်၊ ပြည်သူ့အတွက် စေတနာထားပြီးတော့ မေးမြန်းသလိုဖြေကြားတဲ့ ပြည်ထောင်စုအဆင့်ဝန်ကြီးကလည်း စေတနာထားပြီးဖြေကြားတဲ့အတွက် လွှတ်တော်အနေနဲ့ အသိအမှတ်ပြုရမှာဖြစ်ပါတယ်။ သို့ရာတွင် ကျွန်တော်တို့ လွှတ်တော်မှာလည်း ငွေကြေးနဲ့ ဘဏ်များဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ ပြီးတဲ့အခါမှာ စီမံကိန်းနဲ့ ဘဏ္ဍာငွေဖွံ့ဖြိုး တိုးတက်ရေးကော်မတီများလည်း ဖွဲ့စည်းထားတာဖြစ်တဲ့အတွက် ယနေ့ မေးမြန်းခြင်း၊ ဖြေကြားခြင်း အပိုင်းမှာ မိမိတို့သက်ဆိုင်တဲ့ကဏ္ဍတွေနဲ့ ပါဝင်ပတ်သက်နေတယ်ဆိုလို့ရှိရင် သေချာမှတ်သားပြီးတဲ့ အခါမှာ သက်ဆိုင်ရာဌာန၊ သက်ဆိုင်ရာပုဂ္ဂိုလ်များနှင့် ပူးပေါင်းဆောင်ရွက်ပြီး မိမိနိုင်ငံ၊ မိမိလူမျိုး၊ မိမိနိုင်ငံတော်ခေတ်မီဖွံ့ဖြိုးတိုးတက်ဖို့အတွက် အများနိုင်ငံနဲ့ရင်ဘောင်တန်းနိုင်ဖို့အတွက်က အားလုံး ပူးပေါင်းဆောင်ရွက်ရမည့်ကိစ္စဖြစ်တယ်လို့ မိမိအနေနဲ့ ဒီလိုပဲသုံးသပ်တင်ပြလိုပါတယ်။ ဒါကြောင့် မိမိတို့ရဲ့စိတ်စေတနာအမှန်များကို လက်တွေ့ကျကျ အကောင်အထည်ဖော်ဖို့ဆိုရင် အားလုံးမှာတာဝန် ရှိတယ်လို့ မိမိအနေနဲ့ခံယူပြီးတော့ လွှတ်တော်ကို မေးခွန်းများမေးမြန်းတဲ့ပုဂ္ဂိုလ်များကော၊ ပြန်လည် ဖြေကြားတဲ့ပြည်ထောင်စုဝန်ကြီးရဲ့ ဖြေကြားချက်အပေါ် မူတည်ပြီးတော့ လွှတ်တော်ဥက္ကဋ္ဌ တစ်ယောက် အနေနဲ့ လွှတ်တော်ကိုထပ်ဆင့်တင်ပြခြင်း ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။နတ်မောက်မဲဆန္ဒနယ်မှ ဦးအောင်ကျော်စိုး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအောင်ကျော်စိုး(နတ်မောက်မဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ဖိတ်ကြားထားတဲ့ဧည့်သည်တော်များ၊ လွှတ်တော်ကော်မတီများ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ ဦးစွာပဏာမကျွန်တော် နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်က မကွေးတိုင်းဒေသကြီး၊ နတ်မောက်မဲဆန္ဒနယ်က ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်စိုး ဖြစ်ပါတယ်။ ကျွန်တော် တင်ပြဆွေးနွေးမယ့်အကြောင်း အရာကတော့ ကျွန်တော်တို့နိုင်ငံမှာ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ မြန်မာ့ လယ်ယာဖွံ့ဖြိုးဘဏ်ကနေပြီတော့ နှစ်စဉ် တောင်သူလယ်သမားများအတွက် သီးနှံစိုက်ပျိုးစရိတ် ချေးငွေများထုတ်ချေးပေးနေတဲ့အတွက် အလွန်ကျေနပ်အားရစရာဖြစ်ပါတယ်။ ဒါပေမယ့်လို့ စိုက်ပျိုး စရိတ်ကိုရရှိတဲ့တောင်သူတွေက မြို့နယ်မှာရှိတဲ့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ရုံးကိုလာရောက်

ပြီးတော့ မိမိရရှိတဲ့ စိုက်ပျိုးစရိတ်များ ထုတ်ယူနေခဲ့ကြရပါတယ်။ သို့အတွက်ကြောင့် ဝန်ဆောင်စရိတ်များအပြင် ခရီးစရိတ်များပါကျခံပြီး ထုတ်ယူနေကြရတဲ့အတွက် နိုင်ငံတော်က စေတနာနဲ့ထုတ်ပေးနေတဲ့ စိုက်ပျိုးစရိတ်ငွေတွေဟာ တောင်သူလယ်သမားများလက်ဝယ်သို့ နိုင်ငံတော်က စေတနာထားသလောက်အပြည့်အဝမရရှိဘဲ ဖြစ်နေကြပါတယ်။ ဒါကြောင့် တောင်သူများမလိုလားအပ်သော ဝန်ဆောင်စရိတ်များ၊ ခရီးစရိတ်များ၊ အကုန်အကျမရှိစေရေးနဲ့ နိုင်ငံတော်ရဲ့ စေတနာအပြည့်အဝ ခံစားနိုင်ရေးအတွက် နိုင်ငံတော်က စိုက်ပျိုးစရိတ်ငွေများ ထုတ်ချေးပေးတဲ့နေရာမှာ ကျေးရွာများအရောက် တောင်သူများထံသွားရောက်ပြီး ထုတ်ချေးပေးသောစနစ် ကျင့်သုံးပေးနိုင်ခြင်း ရှိ၊ မရှိ သိလိုပါသဖြင့် ရှင်းလင်းဖြေကြားပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ မာန်အောင် မဲဆန္ဒနယ်မှ ဦးအောင်ဇင်မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအောင်ဇင်(မာန်အောင် မဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသောပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနဲ့ ဧည့်သည်တော်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းအပေါင်းနဲ့ပြည့်စုံကြပါစေလို့ ဆန္ဒပြုဆုတောင်းရင်း နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်က ရခိုင်ပြည်နယ်၊ မာန်အောင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဇင်ဖြစ်ပါတယ်။ ကျွန်တော်တို့ မာန်အောင်ကျွန်းဟာ ဘင်္ဂလားပင်လယ်အော်ထဲက ကျွန်းသူ၊ ကျွန်းသားများအားလုံး ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်ပြီး သီးသန့်ကျွန်းလည်းဖြစ်ပါတယ်။ ကျွန်တော်တို့ ကျွန်းသူ၊ ကျွန်းသားများဟာ ရခိုင်ပြည်နယ်နှင့် လည်းကောင်း၊ ပြည်မနှင့်လည်းကောင်း ရေလမ်းခရီးတစ်ခုတည်းကိုသာ အားကိုးနေရသောကျွန်းဖြစ်ပါတယ်။ ကျွန်းသူ၊ ကျွန်သားများအားလုံး ရိုးသားကြပြီး ပွင့်လင်းဖော်ရွေမှုရှိကြပါတယ်။ ကျွန်တော်တို့ကျွန်းပေါ်မှာ အဓိကအားဖြင့် ဆန်စပါးထွက်ရှိပြီး ရေထွက်ပစ္စည်းများဖြစ်တဲ့ ငပိ၊ ငါးခြောက်၊ ပုဇွန်၊ ပုဇွန်ခြောက်၊ မာကန်ကျောက်ပုဇွန်ခေါ်တဲ့ မာကန်နှင့် အခြားကွမ်းသီး၊ အုန်းသီး၊ ပဲ၊ နှမ်း၊ ငရုတ်နှင့် ကြက်သွန်များထွက်ရှိပါတယ်။ ခရီးလမ်းပန်းအခက်အခဲကြောင့် ခရီးစရိတ်ကုန်ကျမှုကများနေတဲ့ အတွက်ကြောင့် ဈေးရသင့်သလောက် ဈေးမှန်အတိုင်းမရကြဘဲ ဝယ်လက်ရဲ့ဆုံးဖြတ်ချက်အတိုင်း ရောင်းကြရပါတယ်။ ကျွန်တော်တို့ကျွန်းဟာ ဝေးလံခေါင်းပါး ဒေသမှာပါဝင်ပြီးတော့ နေတဲ့အတွက်ကြောင့် စက်ရုံ၊ အလုပ်ရုံမရှိပါဘူး။ စက်မှုလက်မှုလည်း မတိုးတက်ပါဘူး။ မထွန်းကားပါဘူး။ မနေ့က ကျွန်တော်တို့ လွှတ်တော်မှာ ဆွေးနွေးသွားတဲ့ နာဂတိုင်းရင်းသားများနေထိုင်တဲ့ လေရှီး၊လဟယ်၊နန်းယွန်းတို့လိုပဲ ဆင်းရဲနေကြရတာများပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မာန်အောင်ကျွန်းမှာ လယ်ယာလုပ်ငန်းအဓိကဖြစ်ပြီးတော့ လယ်ဧက ၃၀၀၀၀ ကျော်ရှိပေမယ့် စက်မှုလယ်ယာလုံးဝမရှိပါဘူး။ လယ်ထွန်စက်၊ ကောက်ရိတ်စက်၊ ပေါင်းလိုက်စက်စသည်ဖြင့် စက်များကိုမမြင်ဘူးသေးတဲ့ လယ်သမားများ အများအပြားရှိပါတယ်။ ဘိုးဘွားဘီဘင်လက်ထက်ကစပြီး ယခုအချိန်အထိ မိရိုးဖလာ သမာရိုးကျအတိုင်း ယနေ့တိုင် ကျွဲ၊ နွားကိုသာ အဓိကထားပြီးတော့ အားကိုးထွန်ယက် လုပ်ကိုင်နေကြပါတယ်။ ဒီနေ့ စပါးအထွက်နှုန်းကို ကြည့်လျှင် စပါးတစ်ဧကကို ၃၅ တင်းကနေပြီးတော့ တင်း ၄၀ အများဆုံးထွက်ပါတယ်။ ဓာတ်မြေဩဇာသုံးစွဲခြင်းက မရှိသလောက်ဖြစ်ပါတယ်။ ကျွန်တော်တို့ မာန်အောင်ကျွန်းဟာ မြို့နယ်မှာပါတဲ့ ရဲကျွန်း၊ တိုက်ကျွန်းအပါအဝင် မြို့ပေါ်ရပ်ကွက် ငါးခု၊ ကျေးရွာအုပ်စု ၃၆ အုပ်စု၊ ကျေးရွာပေါင်း ၁၃၈ ရွာ၊ လူဦးရေ ၁၀၀၀၀၀ ခန့် နေထိုင်ပါတယ်။ ၂၀၁၀ ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက်နေ့က ကျွန်တော်တို့ မာန်အောင်ကျွန်းမှာ ကျွန်းပတ်လမ်းဖောက်ပြီးတော့ ၅၂ မိုင်ဝေးတဲ့ မြေသားလမ်းကို ဒုတိယဗိုလ်ချုပ်ကြီးကိုကို ယခုပြည်ထဲရေးဝန်ကြီး ကိုယ်တိုင်ဖွင့်လှစ်ခဲ့ပါတယ်။ ကျောက်ချောလမ်းနှင့် ကတ္တရာလမ်းဖြစ်ရန်တင်ပြထားခြင်းဖြစ်ပါတယ်။ အခု ကျွန်တော် အဓိကတင်ပြလိုတာကတော့ လယ်ယာမြေမြေကွက်အသစ်ဖော်ထုတ်ဖို့အတွက် ကျွန်တော်တို့ကျွန်းမှာ အများအားဖြင့် ရွှံ့စေးကနည်းပါတယ်။ နုန်းမြေနည်းနည်းနဲ့ သဲမြေကများပါတယ်။ အဲဒါ မာန်အောင်ကျွန်းမှာ အနောက်ဘက်နဲ့ အနောက်မြောက်ဘက်တို့မှာရှိတဲ့ပေ ၁၀၀၀ ပတ်ဝန်းကျင်မြင့်တဲ့ ဗျိုင်းတောင်၊ ကြက်ကင်တောင်၊ ခမောင်တောင်နဲ့ပုလဲငူတောင်များအားလုံး အလျား ၁၀ မိုင်၊ အနံလေးမိုင်ခန့်အတွင်းမှာ ဒီပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့သစ်တော၊ သစ်ပင်ကြီးများကို ထိခိုက်မှုမရှိစေဘဲ မြေယာကွက်သစ်အသစ်များဖော်ထုတ်မည်ဆိုလျှင် လယ်ဧက ၈၀၀၀မှ ၁၀၀၀၀အထိ ဖော်ထုတ်ရရှိနိုင်ကြောင်းကို ခန့်မှန်းရရှိပါတယ်။ အထက်ပါဖော်ပြတဲ့ မြေယာကွက်သစ်ဖော်ထုတ်ရန် လိုအပ်တဲ့ လူ့စွမ်းအားအရင်းအမြစ်ဖြစ်သော လုပ်ငန်းများကို ကျွန်တော်တို့ မာန်အောင်ကျွန်းအတွင်းရှိ ကျေးရွာများမှာရရှိနိုင်ပါတယ်။ တကယ်မရှိမဖြစ်တဲ့ မြေတူးစက်၊ မြေထိုးစက်၊ မြေကော်စက်စတဲ့ ယန္တရားစက်များရရှိမှသာ လယ်ယာမြေကွက်သစ်များဖော်ထုတ်ရရှိနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ မြို့နယ်အတွင်းမြေရိုင်းများကိုအခြေခံပြီး လယ်ယာမြေအသစ်များပေါ်ပေါက်လာပါက လယ်သမားများအတွက် လယ်ယာလုပ်ပိုင်ခွင့် မြေနေရာရရှိကာ ဆန်စပါးများနှင့် အခြား ပဲ၊ ပြောင်း၊ နှမ်း၊ ငရုတ်၊ ကြက်သွန်တို့ကိုပါ တိုးတက်ထွက်ရှိပြီး ဆင်းရဲနွမ်းပါးမှုနည်းလာမည်ဖြစ်တဲ့အတွက်ကြောင့် လယ်ယာမြေကွက်အသစ်များကို ဖော်ထုတ်ပေးရန် အစီအစဉ် ရှိ၊ မရှိနဲ့ အစီအစဉ်ရှိပါက မည်သည့်နှစ်တွင် စတင်ဆောင်ရွက်ပေးနိုင်မည်ကို ဖြေကြားပေးပါရန်တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ။** ။ဒေးဒရဲမဲဆန္ဒနယ်မှ ဦးတင်ဝင်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးတင်ဝင်း(ဒေးဒရဲမဲဆန္ဒနယ်)။** ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ အထူးဖိတ်ကြားထားတဲ့ဧည့်သည်တော်များ၊ တိုင်းနှင့်ပြည်နယ်အသီးသီးက ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့်ပြည့်စုံကြပါစေ။ မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ ပထမဦးစွာ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး၊ ဒေးဒရဲမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ဝင်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မေးမြန်းလိုတာကတော့ ဧရာဝတီတိုင်းဒေသကြီး၊ ဒေးဒရဲမြို့နယ်အတွင်းရှိ ကိုယ်ထူကိုယ်ထဆောင်ရွက်ထားတဲ့ ပင်လယ်ကမ်းပတ် လယ်သမားတာ ၆၂.၀ မိုင် ဟာပျက်စီးနေပြီဖြစ်ပါတယ်။ ယင်းတာများဟာ လယ်ယာမြေဧက ၂၉၀၀၀ ကျော်ကို ရေကြီးနစ်မြုပ်မှုဒဏ်မှကာကွယ်ပေးသောကြောင့် လယ်သမားများရဲ့ လုပ်အားဖြင့်ဆောင်ရွက်ရန် အခက်အခဲရှိ နေပါတယ်။ ဒါကြောင့် ဒီကမ်းပတ်တာများကို ဆည်မြောင်းထိန်းသိမ်းရေးဌာန လက်အောက်သို့ ဆည်မြောင်းဌာနသို့ ဆည်မြောင်းတာအဖြစ် လွှဲပြောင်းသတ်မှတ်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးမြန်းလိုပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင်၊ ဒေးဒရဲမြို့နယ်ဟာ မုတ္တမပင်လယ်နဲ့ ထိစပ်လျက်ရှိပြီး မြစ်ချောင်းများအလွန်ပေါများတဲ့ မြို့နယ် တစ်မြို့နယ်ဖြစ်ပါတယ်။ ဒေးဒရဲမြို့နယ်မှာ ကျေးရွာအုပ်စု ၉၀၊ ကျေးရွာပေါင်း ၃၉၀၊ လူဦးရေ ၂၂၀၀၀၀ ကျော်ရှိပါတယ်။ ၅၀ ရာခိုင်နှုန်းသော ကျေးရွာများဟာ ပင်လယ်ကမ်းစပ်နဲ့ မြစ်ကမ်းနားနံဘေးမှာ တည်ရှိကြပါတယ်။ တင်ပြပါ ပင်လယ်ကမ်းစပ်မြစ်ကမ်းနံဘေးမှာ တည်ရှိတဲ့ကျေးရွာများမှ လုပ်သားပြည်သူများရဲ့ အဓိကစီးပွားရေးလုပ်ငန်းမှာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကိုသာ အဓိကအားထားဆောင်ရွက်လုပ်ကိုင်နေကြရပါတယ်။ လယ်ယာလုပ်ငန်းလုပ်ဆောင်ရာမှာ ဆည်မြောင်းတာတမံများကောင်းမွန်ရေးသည် စိုက်ပျိုးသီးနှံထုတ်လုပ်မှုတွင် အရေးပါသောအချက်တစ်ချက် ဖြစ်ပါတယ်။ အထူးသဖြင့် ပင်လယ်ကမ်းပါးဘေးမှာရှိတဲ့ လယ်ယာစိုက်ပျိုးရေး လုပ်ငန်းများဟာ ဆည်မြောင်း၊ တာတမံများ ကောင်းမွန်မှသာ မိမိစိုက်ပျိုးတဲ့သီးနှံများရဲ့ အထွက်နှုန်းအကျိုးကျေးဇူးကို သိသိသာသာ ခံစားရမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒေးဒရဲမြို့နယ်မှာ ဆည်မြောင်းတာတမံ၁၄ခု၊ မိုင်အရှည် ၁၀၅မိုင်ရှိပြီး ဆည်မြောင်းဦးစီးဌာနမှ တာတမံခြောက်ခု၊ မိုင်အရှည် ၄၃ မိုင်ကို တာဝန်ယူထိန်းသိမ်း စောင့်ရှောက်မှုလုပ်ငန်းများကိုဆောင်ရွက်ပြီး ကျန်တာတမံရှစ်ခု၊ မိုင်အရှည် ၆၂ မိုင်ကို ကျေးရွာအုပ်စုအတွင်းမှာရှိတဲ့ လယ်သမားများမှ တာဝန်ယူထိန်းသိမ်းစောင့်ရှောက်နေကြရပါ

တယ်။ ဆည်မြောင်းဦးစီးဌာနက တာဝန်ယူထားတဲ့ ဆည်မြောင်းတာတမံခြောက်ခုကို နိုင်ငံတော်မှ နှစ်စဥ်ပြုပြင်ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ဒေသခံလယ်သမားများမှ တာဝန်ယူထိန်းသိမ်းစောင့်ရှောက်ခဲ့တဲ့ တာတမံရှစ်ခုဟာ လွန်ခဲ့တဲ့နှစ်ပေါင်း ၄၀ နီးပါးက ယနေ့အချိန်ထိ တာဝန်ယူစောင့်ရှောက်နေရတာဖြစ်ပါတယ်။ လယ်သမားများ စောင့်ရှောက်တဲ့ တာတမံရှစ်ခုရဲ့ အကျိုးပြုဧရိယာဟာ ၂၉၅၀၄ ဧကဖြစ်ပါတယ်။ လယ်သမားများ ထိန်းသိမ်းစောင့်ရှောက်ရတဲ့ တာတမံရှစ်ခုကို ဒေသခံလယ်သမားများရဲ့လုပ်အားအကူအညီဖြင့်သာ ခေါ်ယူလုပ်ကိုင်ဆောင်ရွက်ရခြင်းဖြစ်သဖြင့် နှစ်စဥ်ထိန်းသိမ်းမှုအပေါ်မှာ အားနည်းခြင်း၊ ရာသီဥတုများ ဖောက်ပြန်ပြောင်းလဲခြင်း၊ ရေကြီးခြင်းများကြောင့် တာများဟာတဖြည်းဖြည်းရေတိုက်စားခံရပြီး ကျိုးပဲ့ပျက်စီးကာ တာပေါင်များ နိမ့်ကျလာတာကိုတွေ့ရှိရပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ၎င်းတာတမံများ နိမ့်ပါးလာမှုကြောင့် လယ်ယာစိုက်ပျိုးရေး ရာသီလုပ်ငန်းချိန်ဖြစ်တဲ့ မိုးတွင်းကာလလပြည့်၊ လကွယ်ရေထရက်များမှာ လယ်ယာခွင်လုပ်ငန်းထဲသို့ ရေများအလွန်များပြားစွာ ဝင်ရောက်သည့်အတွက် တောင်သူများစိုက်ပျိုးထားတဲ့ လယ်ယာသီးနှံများ ပျက်စီးဆုံးရှုံးမှုနဲ့ နှစ်စဥ်ကြုံတွေ့လျက်ရှိပါတယ်။ အခုအချိန်မှာ အချို့သော လယ်သမားတာတမံများဟာ လယ်ကန်သင်းပုံစံမျိုး လောက်သာတွေ့မြင်နေရပါတယ်။ အထူးသဖြင့် ဘရမ်း၊ကျွန်းပင်၊ ကြုံထပ်လယ်သမားများရဲ့ တာအရှည် ၇.၃၀ မိုင်ရှိတဲ့ တာတမံဟာ ပင်လယ်နဲ့ နီးစပ်ပြီးတော့ အမြင့်ပေ နှစ်ပေခန့်သာရှိသဖြင့် ပင်လယ်ရေများ မကြာခဏ လွှမ်းမိုးမှုဒဏ်၊ တာတမံဘောင်မှကျော်လွန်၍ လယ်ယာမြေထဲသို့ ဝင်ရောက်လျက်ရှိသည်ကို လယ်သမားများမှ တင်ပြလာပါတယ်။ ကျွန်တော်တို့ကိုယ်တိုင်လည်း သက်ဆိုင်ရာမြို့နယ် အုပ်ချုပ်ရေးမှူးများ၊ ဆည်မြောင်းဦးစီးဌာနများနှင့် အခြားဌာနဆိုင်ရာများပါဝင်ပြီး လေ့လာကွင်းဆင်းလေ့လာပြီးဖြစ်ပါတယ်။ ဒီလိုဖြစ်ပေါ်နေတဲ့အခြေအနေမျိုးမှာ လယ်သမားများအနေနဲ့ မိမိလယ်ယာနဲ့ မိမိသီးနှံမပျက်စီးစေရန်အတွက် အတတ်နိုင်ဆုံး ကာကွယ်ဆောင်ရွက်သော်လည်း ပင်လယ်ရေနဲ့ မြစ်ရေကြီးမှုဒဏ်မှ ကင်းလွတ်စေတဲ့ တာတမံမျိုးဖြစ်အောင် ဆောင်ရွက်နိုင်မှုကို ဒေသခံများရဲ့လုပ်အားဖြင့် တတ်စွမ်းနိုင်စွမ်းမရှိတော့လို့ပါ။ ဒါကြောင့် ဘရမ်း၊ ကျွန်းပင်၊ ကြုံထပ် တောင်သူလယ်သမားတာ ၇.၃ မိုင် ရှည်ပြီး အဆိုပါတာရဲ့အကျိုးပြု လယ်မြေဧကမှာ ၄၉၈၄ ဧကဖြစ်ပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ ဒေသတွင်းတာတမံများ ကောင်းမွန်မည်ဆိုပါက တောင်သူလယ်သမားများအနေနှင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းခွင်မှာ ရေကြီးနစ်မြုပ်မှု အန္တရာယ်မှ ကင်းလွတ်ခြင်း၊ ၂၀၀၈ ခုနှစ်၊ နာဂစ်မုန်တိုင်းကဲ့သို့သော သဘာဝဘေးအန္တရာယ်များ ပေါ်ပေါက်

လာပါက ၎င်းတာတမံများကို အသက်ကယ်ကုန်းအဖြစ် အသုံးပြုနိုင်ခြင်း၊ လူ၊ တိရိစ္ဆာန်များရဲ့ အသက်အန္တရာယ်မှကင်းလွတ်ခြင်း စတဲ့အကျိုးကျေးဇူးများကို ခံစားနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် လယ်သမားများ တာဝန်ယူထိန်းသိမ်းစောင့်ရှောက်ရတဲ့ တာတမံရှစ်ခုကို နှစ်စဉ်ပြုပြင် ဆောင်ရွက်နိုင်ရေးအတွက် ဆည်မြောင်းဝန်ကြီးဌာနလက်အောက်သို့ ထည့်သွင်းပေးရန် ဆောင်ရွက်နိုင်ခြင်း ရှိ၊ မရှိ မေးမြန်းခြင်းဖြစ်ပါတယ်။ အစီအစဉ်ရှိပါက မည်သည့်အချိန်တွင်စတင် ဆောင်ရွက်မှာလဲ။ အစီအစဉ်မရှိပါက မည်သည့်အကြောင်းများကြောင့် မရှိသည်ကိုပြန်လည် ဖြေကြားပေးပါရန် လေးနက်စွာ တင်ပြအပ်ပါတယ်။ အထူးပင်ကျေးဇူးတင်ပါတယ်။(ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးက ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဦးမြင့်လှိုင်(ပြည်ထောင်စုဝန်ကြီး၊လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်ကြီးများအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်း အပေါင်းနဲ့ပြည့်စုံကြပါစေကြောင်း ပထမဦးစွာ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်မှ ကိုယ်စားလှယ်တော်ကြီးများမေးမြန်းထားတဲ့မေးခွန်းသုံးခုကို အစီအစဉ်များအရ ဆက်လက်ဖြေကြားတင်ပြသွားမှာဖြစ်ပါတယ်။ ပထမဦးစွာ မကွေးတိုင်းဒေသကြီး၊ နတ်မောက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်စိုး မေးမြန်းထားတဲ့ နိုင်ငံတော်မှ စိုက်ပျိုးစရိတ်ငွေများထုတ်ချေးရာမှာ ကျေးရွာများအရောက် တောင်သူများထံသွားရောက်ထုတ်ချေးပေးသော စနစ်အားကျင့်သုံးပေးနိုင်ခြင်း ရှိ၊ မရှိဟု မေးမြန်းထားခြင်းနှင့် ပတ်သက်၍ ဖြေကြားသွားမှာ ဖြစ်ပါတယ်။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် ယခင်ကာလက ကျေးရွာများအရောက် စိုက်ပျိုးစရိတ်ချေးငွေများကို ထုတ်ပေးနိုင်ခဲ့ခြင်းရှိခဲ့သော်လည်းပဲ ၁၉၉၃ ခုနှစ်၊ နိုင်ငံတော်အစိုးရအဖွဲ့ အစည်းအဝေးမှာ ညှိနှိုင်းဆုံးဖြတ်ချက်အရ စိုက်ပျိုးစရိတ်ချေးငွေများ လုံခြုံရေးအပိုင်းနှင့် မသမာမှု၊ အလွဲသုံးစားမှုများကို ကာကွယ်ပေးနိုင်ရန် အဓိကရည်ရွယ်ချက်အပါအဝင် တောင်သူများ ဘဏ်စနစ်ကိုကျင့်သုံးတတ်လာစေရန်၊ ဘဏ်ကိုယုံကြည်အားထားလာစေရန်၊ တောင်သူများလက်ဝယ်ရှိ ငွေပိုငွေလျှံများကိုစုဆောင်းတတ်သည့် အလေ့အကျင့်ကောင်းများရရှိလာစေရန် ရည်ရွယ်ပြီးတော့ ဘဏ်များသို့ ကိုယ်တိုင်လာရောက် ငွေထုတ်ယူခြင်းစနစ်၊ ကိုယ်တိုင်ပြန်လည်ပေးဆပ်ခြင်းစနစ်များကို စတင်ကျင့်သုံးဆောင်ရွက်ခဲ့ကြောင်း တွေ့ရှိရပါတယ်။ တောင်သူများ ကိုယ်တိုင်ငွေစုစာအုပ်၊ စာရင်းစာအုပ်များဖွင့်လှစ်ပေးပြီးတော့ ငွေစုဆောင်းတတ်စေခြင်းစနစ်ကိုလည်းပဲ ကျင့်သုံးဆောင်ရွက်နိုင်ခဲ့မှု

ရှိခဲ့ပါတယ်။ ထိုကဲ့သို့ ဆောင်ရွက်နိုင်ခဲ့တဲ့အတွက်ကြောင့် ဘဏ်သို့တောင်သူကိုယ်တိုင် လာရောက် ထုတ်ယူရခြင်းဖြစ်ရာ လယ်သမားလက်ဝယ် ချေးငွေများကို အပြည့်အဝရောက်ရှိစေခဲ့ပါတယ်။ ကြားခံ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၊ အဖွဲ့အစည်းမလိုအပ်တော့တဲ့အတွက်ကြောင့် အခြားငွေကြေးမသမာမှု၊ ငွေကြေးအလွဲသုံးစားမှုများကိုလည်းပဲ ဘဏ်စနစ်ဖြင့် ထိန်းကျောင်းကာကွယ်ပေးနိုင်ခဲ့ပါတယ်။ လယ်သမားကိုယ်တိုင်ဘဏ်သို့ လာဆပ်ရတဲ့အတွက်လည်းပဲငွေသွင်းပြေစာအထောက်အထားများကို လက်ဝယ်ခိုင်ခိုင်မာမာ ပြန်လည်ရရှိစေနိုင်ခဲ့ပါတယ်။

နိုင်ငံတော်အစိုးရသစ်ကာလမှာ တောင်သူလယ်သမားများရဲ့အကျိုးကို ရှေးရှုပြီး ယခင်ကာလ က ဆန်စပါး၊ သီးနှံ စိုက်ဧက တစ်ဧကကို ၂၀၀၀၀ ကျပ်နှုန်းနဲ့ ထုတ်ချေးပေးခဲ့ရာမှ ၂၀၁၁ခုနှစ်၊ ဩဂုတ်လကနေ စတင်ပြီးတော့မှ လယ်သမားစပါးစိုက်ဧက တစ်ဧကကို ၄၀၀၀၀ ကျပ်နှုန်းဖြင့် နှစ်ဆတိုး၍ သတ်မှတ်ထုတ်ချေးပေးလျက်ရှိခြင်းကြောင့် နိုင်ငံတော်ရဲ့ငွေကြေးသုံးစွဲရမှု ပမာဏ ဟာလည်းပဲ ပိုမိုကြီးမားကျယ်ပြန့်လာတာနဲ့အမျှ နိုင်ငံတော်ဘဏ္ဍာငွေ လုံခြုံရေးအပိုင်းကိုလည်းပဲ ပိုမိုအလေးထား ကြပ်မတ်ဆောင်ရွက်ရန် လိုအပ်မှုရှိလာပါတယ်။ ယခုကဲ့သို့ ဘဏ်တွင်ကိုယ်တိုင် ထုတ်ချေးတဲ့စနစ်ဟာ ငွေကြေးလုံခြုံစိတ်ချမှုကိုများစွာ အထောက်အကူရရှိစေပါတယ်။ သို့ဖြစ်တဲ့ အတွက်ကြောင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေး မြို့နယ်ဘဏ်ခွဲများတွင်သာ ကိုယ်တိုင်လာရောက် ငွေထုတ်ယူစေခြင်း၊ ကိုယ်တိုင်ပြန်လည် ပေးဆပ်စေခြင်းစနစ်ကို လက်ရှိကျင့်သုံးနေသည့်စနစ်အတိုင်း ဆက်လက်ဆောင်ရွက်ပေးနိုင်မှုအခြေအနေရှိပါကြောင်း ဖြေကြားအပ်ပါတယ်။ တစ်ဆက်တည်းမှာပဲ လမ်းပန်းဆက်သွယ်ရေး လုံခြုံစိတ်ချရမှုနဲ့ ကျေးရွာအချင်းချင်း ဆက်သွယ်သွားလာမှုကောင်းမွန်တဲ့ ကျေးရွာအုပ်စုဗဟိုနေရာများမှာ သတ်မှတ်ပြီးတော့မှ ကျေးလက်အဆင့် လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ ငယ်များကို ဖွင့်နိုင်ရေးအတွက် နိုင်ငံတော်အစိုးရသို့တင်ပြပြီး နိုင်ငံတော်မှအစီအစဉ်တကျခွင့်ပြုပေး နိုင်မှုရှိပါက တောင်သူလယ်သမားများ ယခုထက်ပိုမိုလုံခြုံ ချောမွေ့တဲ့စနစ်ဖြင့် ငွေထုတ်ချေးနိုင်ရေး ကိုဆက်လက်ကြိုးပမ်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။

ဒုတိယအချက်အနေဖြင့် ရခိုင်ပြည်နယ်၊ မာန်အောင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးအောင်စိန်၏ မေးခွန်းဖြစ်တဲ့ ရခိုင်ပြည်နယ်၊ ကျောက်ဖြူခရိုင်၊ မာန်အောင်မြို့နယ် အတွင်း လယ်ယာမြေအသစ်များ ဖော်ထုတ်နိုင်ရန် စက်ယန္တရားများဖြင့် ကူညီဆောင်ရွက်ပေးနိုင်ရေး ဟူသောမေးခွန်းနှင့်ပတ်သက်၍ ဆက်လက်ဖြေကြားမှာဖြစ်ပါတယ်။ ပထမဦးစွာ ယခုကဲ့သို့ ရခိုင်ပြည်နယ်၊ မာန်အောင်မြို့နယ်အတွင်း လယ်ယာမြေအသစ်များဖော်ထုတ်နိုင်ရန် အတွက်မေးမြန်း လာသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်စိန်အား ဖြေကြားခွင့်ရရှိတဲ့အတွက် အထူးပင်

ကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါတယ်။ ကျောက်ဖြူခရိုင်၊ မာန်အောင်မြို့နယ်ရဲ့ အနောက်တောင်ဘက်နဲ့ အနောက်မြောက်ဘက်အကြားရှိ ဗျိုင်းတောင်၊ ဘုန်းကြီးတောင်၊ ကြက်ကင်တောင်၊ ခမောင်တောင်နဲ့ ပုလဲငူတောင်များ၏ အရှေ့ဘက်အလျား ၁၀ မိုင်ခန့် အနံ လေးမိုင်ခန့်အတွင်း တောရိုင်းတိရစ္ဆာန်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် သစ်တော၊ သစ်ပင်ကြီးများကို ထိခိုက်မှုမရှိစေရန်အပြင် လယ်ယာမြေသစ်များ ဖော်ထုတ်ပေးနိုင်မည်ဖြစ်ပါက ဧက ၈၀၀၀ မှ ၁၀၀၀၀ ကြားအထိ တိုးတက်ရရှိနိုင်မည့်အခြေအနေ အလားအလာကို ဖော်ပြထားကြောင်းတွေ့ရှိရပါတယ်။ နိုင်ငံတော်အစိုးရသစ်အနေဖြင့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်ရှိလယ်မြေများကို တစ်ဧကအထွက်နှုန်းတိုးတက်လာစေရန် စက်မှုလယ်ယာစနစ်သို့ အပြည့်မဟုတ်သည့်တိုင်အောင်တစ်စိတ်တစ်ပိုင်း ပြောင်းလဲနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိပါတယ်။ တစ်ဧကအထွက်နှုန်းတိုးတက်စေရေးအတွက် မျိုးစေ့များပြောင်းလဲအသုံးပြုနိုင်ရေးအပါအဝင် နည်းပညာသစ်များ၊ စိုက်နည်းစနစ်များ တောင်သူလယ်သမား လက်ဝယ်သို့ရောက်ရေး၊ သီးနှံအမယ်အလိုက်တောင်သူများတွက် ခြေကိုက်စေရေးအပါအဝင် အဖက်ဖက်မှစွမ်းအားရှိသမျှ ကြိုးပမ်းဆောင်ရွက်နေပါကြောင်းလည်းပဲ ကိုယ်စားလှယ်တော်ကြီးအား တင်ပြအပ်ပါတယ်။

နိုင်ငံနှင့်အဝန်းတည်ဆောက်ပြီးဖြစ်နေတဲ့ ဆည်မြောင်း၊ တာတမံလုပ်ငန်းများမှာ တည်ဆောက်ရန်ကျန်ရှိနေသေးတဲ့ မဖြစ်မနေ ဆက်လက်အကောင်အထည်ဖော်ရမယ့် ဆည်ရေသောက်စနစ်၊ ရေမြောင်းစနစ်များ တည်ဆောက်အကောင်အထည်ဖော်နိုင်ရေးအတွက် လုပ်ငန်းများကိုလည်းပဲ ဦးစားပေးလုပ်ငန်းများအဖြစ် အကောင်အထည်ဖော်ရန်အတွက် ဆောင်ရွက်ရန် ကျန်ရှိနေမှုရှိပါတယ်။ လက်ရှိမာန်အောင်မြို့နယ်အတွင်းမှာ နေထိုင်လျက်ရှိနေတဲ့ လူဦးရေ ၁၀၀၀၀၀ ခန့်ရှိပြီးတော့မှ စိုက်ပျိုးမြေဧကဟာ စုစုပေါင်း ၃၀၀၀၀ ကျော်ခန့်ရှိနေတဲ့အတွက်ကြောင့်လည်းပဲ လက်ရှိလူဦးရေနဲ့ လယ်မြေဧက အသုံးပြုနိုင်မှုအချိုးအစားမှာ လုံလောက်သင့်တင့်မျှတမှု ရှိနေကြောင်းကိုလည်းပဲ နှိုင်းယှဉ်တွေ့ရှိရပါတယ်။ နိုင်ငံတော်အစိုးရအနေဖြင့် လယ်ယာကဏ္ဍအပါအဝင် နိုင်ငံနှင့်အဝန်း နိုင်ငံတော်ကာကွယ်ရေးနှင့် လမ်းပန်းဆက်သွယ်မှု လုံခြုံတိုးတက်ကောင်းမွန်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ သိပ္ပံနှင့်နည်းပညာ၊ စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဦးစားပေးလုပ်ငန်းများအရ ဘဏ္ဍာငွေခွဲဝေသတ်မှတ်ခွင့်ပြုပေးလျက် ရှိနေပါတယ်။ သို့ဖြစ်တဲ့အတွက်ကြောင့် ကိုယ်စားလှယ်တော်ကြီး တင်ပြခဲ့တဲ့မာန်အောင် မြို့နယ်အတွင်း လယ်မြေ၊ယာမြေအကွက်သစ်များကို စက်ယန္တရားကြီးများဖြင့် ဖော်ထုတ်ရန်လုပ်ငန်းများကို လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် အထူးအလေးထားပြီး မှတ်သားထားရှိမည်ဖြစ်ပါကြောင်းနှင့် နိုင်ငံတော်၏ဘဏ္ဍာငွေ

ခွင့်ပြုပေးနိုင်မှုနှင့် စက်ယန္တရားများအား ဖြန့်ခွဲအသုံးပြုနိုင်မှု အခြေအနေအချိန်အခါတွင် ဆက်လက် အကောင်အထည်ဖော်ပေးရန် လုပ်ဆောင်သင့်သောလုပ်ငန်းအဖြစ် မှတ်တမ်းတင်ထားရှိမှာဖြစ်ပါ ကြောင်းသိရှိနားလည်ပေးနိုင်ပါရန် မေတ္တာရပ်ခံ ဖြေကြားအပ်ပါတယ်။ ကိုယ်စားလှယ်တော်ကြီး၏ တင်ပြချက်အပေါ် လေးစားသောအားဖြင့် မြို့နယ်တွင်း လိုအပ်လျက်ရှိတဲ့ စက်ယန္တရားများအပေါ်မှာ မိမိတို့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်မှာရှိတဲ့ စက်မှုလယ်ယာဦးစီးဌာနမှ ထုတ်လုပ်တပ်ဆင်အသုံးပြုလျက်ရှိသော လက်တွန်းထွန်စက်ငယ်များ၊ ကောက်ရိတ်စက်ငယ်များ၊ ချွေလှေ့စက်ငယ်များအား သက်သာသောဈေးနှုန်းထားဖြင့် မာန်အောင်မြို့နယ်ရဲ့ လိုအပ်ချက်အပေါ် မှာ အရစ်ကျငွေပေးသွင်းသောစနစ်ဖြင့် အထူးကိစ္စတစ်ရပ်အနေနဲ့ ရောင်းချပေးရန် စီစဉ်ဆောင်ရွက် ပေးသွားမည်ဖြစ်ပါတယ်။ စက်များမောင်းနှင်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းအပါအဝင် သင်တန်း အသီးသီးကိုလည်း အခမဲ့ မိတ္ထီလာစက်မှုလက်မှု၊ စက်မှုလယ်ယာသင်တန်းကျောင်းမှာ သင်တန်းသား များစေလွှတ်နိုင်သလောက်ကို အခမဲ့လေ့ကျင့်သင်ကြားပေးမည်ဖြစ်ပါကြောင်းလည်းပဲ ဖြေကြားလိုပါ တယ်။ စက်ငယ်များဝယ်ယူ အသုံးပြုပါကလည်းပဲ ပြုပြင်ထိန်းသိမ်းနိုင်မယ့် Workshop ငယ်များကို လည်းပဲ မြို့နယ်အတွင်း ထူထောင်ပေးပါမည်ဖြစ်ပါကြောင်း ဖြည့်စွက်ဖြေကြားအပ်ပါတယ်။ အထူးပင် ကျေးဇူးတင်ရှိပါတယ်။

ဆက်လက်ပြီး ဧရာဝတီတိုင်းဒေသကြီး၊ ဒေးဒရဲမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ဝင်းမေးမြန်းထားတဲ့ ဧရာဝတီတိုင်းဒေသကြီး၊ ဒေးဒရဲမြို့နယ်အတွင်းရှိ ၇ မိုင်အရှည်ရှိသော လယ်သမားတာအား ဆည်မြောင်းတာအဖြစ် ပြောင်းလဲသတ်မှတ်ပေးနိုင်မည့် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနဲ့ပတ်သက်၍ ဖြေကြားပါမယ်။ ပထမဦးစွာ ယခုကဲ့သို့ ဧရာဝတီတိုင်းဒေသကြီး၊ ဒေးဒရဲမြို့နယ် အတွင်းရှိ ခုနှစ်မိုင်အရှည်ရှိတဲ့ လယ်သမားတာကို ဆည်မြောင်းတာအဖြစ်ပြောင်းလဲ သတ်မှတ်ပေး မည့်အစီအစဉ်နှင့်ပတ်သက်၍ မေးမြန်းခဲ့သော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးတင်ဝင်းအား အထူးပင်ကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါတယ်။ ဒေးဒရဲမြို့နယ်မှာရှိတဲ့ ဆည်မြောင်းဦးစီးဌာန မှထိန်းသိမ်းထားသော ပင်လယ်ကမ်းပတ်တာမှာ အလျားစုစုပေါင်း ၃၈.၈၅ မိုင် အရှည်ရှိပြီးတော့မှ ရေဘေးကာကွယ်သောဧရိယာဟာ ဧကပေါင်း ၃၉၆၈၆ ဧက ရှိပါတယ်။ ထို့အပြင် လယ်သမားများ ထိန်းသိမ်းလျက်ရှိတဲ့ တာအရှည်ဟာလည်းပဲ အလျားမိုင် ၇.၃ မိုင်ရှိပါတယ်။ ဆည်မြောင်းဦးစီးဌာန အနေဖြင့် ထိန်းသိမ်းထားသောတာများအပြင် လယ်သမားတာများကိုလည်းပဲ အခြေအနေပေးသည် နှင့်အမျှ ရာသီချိန်မီအသုံးပြုနိုင်အောင်၊ ကာကွယ်နိုင်အောင်အတွက် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်း

များကူညီဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒေးဒရဲမြို့နယ်မှာရှိတဲ့ ဆားကျင်းနှာခေါင်းချောင်း လယ်သမားတာကိုလည်း ဌာနမှထိန်းသိမ်းထားခဲ့သောတာကဲ့သို့ပဲ ဆောင်ရွက်ပေးခဲ့မှုရှိပါတယ်။ ယခုတင်ပြခဲ့တဲ့ တမာတကောတာအဆုံးမှ ကျုံဒပ်ရွာထိ အလျား ၇.၃ မိုင်ရှိတဲ့ လယ်သမားတာကို လည်းပဲဆည်မြောင်းဦးစီးဌာနအနေဖြင့် ခိုင်ခံ့အောင်ပြုပြင်ပြင်ဆင် ဆောင်ရွက်ပေးရန် စီစဉ်ထားရှိပြီး ဖြစ်ပါတယ်။ ကိုယ်စားလှယ်တော်ရဲ့တင်ပြချက်ကို လေးစားသောအားဖြင့် ၎င်းတာကို ဆည်မြောင်း ဦးစီးဌာနမှ ထိန်းသိမ်းထားသောတာအဖြစ် ပြောင်းလဲသတ်မှတ်နိုင်ရေးအတွက် အလျင်အမြန်ဆုံး စီမံဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ပိုမိုခိုင်ခံ့အောင်လည်း အဆင့်မြှင့်တင် အကောင်အထည်ဖော်ပေး သွားပါမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးအထူးတင်ရှိပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ချီဖွေမဲဆန္ဒနယ်မှ ဦးဇုံးတိန့် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးဇုံးတိန့်(ချီဖွေမဲဆန္ဒနယ်)**။ ။လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အထူး ဖိတ်ကြားထားတဲ့ ပြည်ထောင်စုဝန်ကြီးများ၊ဧည့်သည်တော်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာအပေါင်းနဲ့ ခညောင်းကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း မေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ချီဖွေမြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇုံးတိန့် ဖြစ်ပါတယ်။ ကျွန်တော့် အနေနဲ့ အသေးစား ဧက ၂၀ ရွှေဖော်ထုတ်လုပ်ကွက်တွင် စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများ ချမှတ်၍ စက်ယန္တရားများဖြင့် ရွှေတူးဖော်ထုတ်လုပ်ခွင့်ပြုရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်းကို မေးမြန်း တင်ပြသွားမှာဖြစ်ပါတယ်။ သတ္တုတွင်းဝန်ကြီးဌာနမှ သတ္တုတွင်းဥပဒေ၊ နည်းဥပဒေနဲ့အညီ ခွင့်ပြု ချမှတ်ပေးထားသော အသေးစားဧက ၂၀ ရွှေဖော်ထုတ်လုပ်ကွက်များကို သတ္တုတူးဖော်ရေးကုမ္ပဏီ များကလုပ်ကိုင်ကြပါတယ်။ ထိုသို့ တူးဖော်လုပ်ကိုင်ကြရာတွင် အပေါ်ယံမြေလွှာများကို တူးဖော် ဖယ်ရှားရှင်းလင်းရန် ဘတ်ဟိုး၊ မြေတင်ယာဉ်များ၊ ရွှေခါစက်များကို လုပ်ငန်းလိုအပ်ချက်အရ အသုံး ပြုရပြီး အထက်ဌာနမှစက်ယန္တရားများအား အသုံးပြုရန်ခွင့်ပြုထားခြင်းမရှိသော်လည်း အောက်ခြေ ဌာနားလည်မှုဖြင့် ညှိနှိုင်းအသုံးပြုလုပ်ကိုင်နေကြသည်ကိုတွေ့ရှိရပါတယ်။ အသေးစား ရွှေထုတ်ဖော် လုပ်ကွက်များ၌ စက်ယန္တရားများအသုံးပြုခွင့်မရှိကြောင်း သတ္တုတွင်းဝန်ကြီးဌာနမှ စက်ယန္တရားများ အသုံးပြုရန် လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများ ချမှတ်ထုတ်ပြန်ထားမှု မရှိသေးကြောင်းကို လည်းလေ့လာတွေ့ရှိရပါတယ်။

လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကုမ္ပဏီများသည် လက်တွေ့နယ်ပယ်၌ ဥပဒေ၊ လုပ်ထုံးလုပ်နည်းအရ ခွင့်ပြုချက်မရှိသော်လည်း လုပ်ငန်းလိုအပ်ချက်အရ စက်ယန္တရားများကို

တရားမဝင်အသုံးပြု၍ တူးဖော်လုပ်ကိုင်ကြကြောင်း ကုမ္ပဏီများအနေဖြင့် နိုင်ငံတော်သို့ပေးသွင်းရမည့်သတ်မှတ်ရွှေပမာဏနှင့် လျော့ညီစွာ၊ မှန်ကန်စွာ ပေးသွင်းမှုမရှိဘဲအခွန်ငွေများ၊ ဆုံးရှုံးယိုဖိတ်မှုများဖြစ်ပေါ်နေကြောင်း သုံးသပ်တွေ့ရှိရပါတယ်။ သို့ဖြစ်ပါ၍ အသေးစားရွှေလုပ်ကွက်များတွင် စက်ယန္တရားများကို အသုံးပြုရန်အတွက် လုပ်ထုံးလုပ်နည်း၊ စည်းမျဥ်းစည်းကမ်းများကို သတ္တုတွင်းဝန်ကြီးဌာနမှချမှတ်ပေးရန် လိုအပ်လျက်ရှိသည်ကို ဆန်းစစ်တွေ့ရှိရပါတယ်။ ဒါကြောင့် အသေးစားဧက ၂ဝ ရွှေဖော်ထုတ်လုပ်ကွက်များတွင် စည်းမျဥ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများချမှတ်၍ စက်ယန္တရားများဖြင့် ရွှေဖော်ထုတ်လုပ်ခွင့်ပြုရန် အစီအစဥ် ရှိ၊ မရှိ မေးခွန်းကို မေးမြန်းတင်ပြလိုခြင်းဖြစ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးမှ ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဦးသိန်းထိုက်(ပြည်ထောင်စုဝန်ကြီး၊ သတ္တုတွင်းဝန်ကြီးဌာန)။** ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ အားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ သတ္တုတွင်းဝန်ကြီးဌာန၊ ပြည်ထောင်စုသတ္တုတွင်းဝန်ကြီး ဦးသိန်းထိုက် ဖြစ်ပါတယ်။ ကျွန်တော် ဒီနေ့ ဒီပြည်သူ့လွှတ်တော်ခန်းမကြီးမှာ ကချင်ပြည်နယ်၊ ချီဖွေမြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇုံးတိန့်မှ မေးမြန်းတဲ့ အသေးစားဧက ၂ဝ ရွှေဖော်ထုတ်လုပ်ကွက်တွေမှာ စည်းမျဥ်းစည်းကမ်းများချမှတ်၍ စက်ယန္တရားများဖြင့်ရွှေတူးဖော်ထုတ်လုပ်ခွင့်ပြုရန် အစီအစဥ်ရှိ၊ မရှိ မေးမြန်းသည့်မေးခွန်းကို ဖြေကြားသွားမှာဖြစ်ပါတယ်။ အခုလို ကချင်ပြည်နယ်၊ ချီဖွေမြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇုံးတိန့်မှမေးမြန်းတဲ့မေးခွန်းကို ဦးဇုံးတိန့်သာမက ဤပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများထဲက အချို့သောရွှေသတ္တုတူးဖော် ထုတ်လုပ်ခြင်းလုပ်ငန်းနှင့် ဆက်စပ်လျက်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများကလည်း စိတ်ဝင်တစားနဲ့ နားထောင်ကြမယ်လို့ မျှော်လင့်ပါတယ်။ မေးခွန်းနဲ့ပတ်သက်ပြီးတော့မှ ကျွန်တော် အဆင့်လိုက်အဆင့်လိုက် ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ဒီမေးခွန်းတွေကို ကျွန်တော့်အနေနဲ့ အပိုင်းသုံးပိုင်းပိုင်းပြီးတော့ ဖြေကြားသွားမှာဖြစ်ပါတယ်။ တစ်ပိုင်းကတော့ ဒီမေးခွန်းနဲ့ပတ်သက်လို့ ဥပဒေအရသတ်မှတ်ထားချက်တွေ ဖြစ်ပါတယ်။ ဒုတိယအချက်က ဒီမေးခွန်းနဲ့ပတ်သက်ပြီးတော့ ဥပဒေအရ တူးဖော်ထုတ်လုပ်နိုင်တဲ့ အခြေအနေကို ကျွန်တော် ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။ တတိယအချက်ကတော့ ဒီလိုတူးဖော်ထုတ်တဲ့အခါမှာ ဒေသခံရွှေတူးဖော်ထုတ်လုပ်သူ လုပ်ငန်းရှင်များ၊ ကုမ္ပဏီများအနေနဲ့ သတိပြုဆောင်ရွက်သင့်တဲ့အကြောင်းများကိုလည်း

ကျွန်တော် ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။ မေးခွန်းနှင့်ပတ်သက်ပြီးတော့ အသေးစားတူးဖော်ထုတ်လုပ်ခြင်းဆိုတဲ့ဝေါဟာရရှိပါတယ်။ ဒါကို မြန်မာ့သတ္တုတွင်းဥပဒေအရ အသေးစားထုတ်လုပ်ခွင့်ဆိုသည်မှာ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်ကျစရိတ်မများသည့် သို့မဟုတ် အထူးနည်းပညာနှင့်နည်းစနစ်များအသုံးပြုရန်မလိုအပ်သည့် စီးပွားရေးလုပ်ငန်းအဖြစ် ဓာတ်သတ္တုထုတ်လုပ်ခြင်းကို ဆိုလိုသည်ဟုအဓိပ္ပာယ်တိတိကျကျဖော်ပြထားတာဖြစ်ပါတယ်။ ဒါကြောင့် အသေးစားထုတ်လုပ်မှု လုပ်ငန်းဆိုသည်မှာမြေဧရိယာဧက ၅၀ အောက်ဓာတ်သတ္တုတွေထုတ်လုပ်ခြင်းကို ဆိုလိုပါတယ်။ ဒီလိုထုတ်လုပ်တဲ့နေရာမှာ အထူးနည်းပညာများ မပါရှိပါဘူး။ ရင်းနှီးမြှုပ်နှံမှုမများတဲ့၊ အရင်းအနှီးနည်းတဲ့ လုပ်ငန်းသာဖြစ်ပါတယ်လို့ သတ္တုတွင်းဥပဒေမှာ တိတိကျကျ ဖော်ပြထားတာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီလိုအဖိုးတန်သတ္တုဖြစ်တဲ့ ရွှေသတ္တုတွေ ထုတ်လုပ်တဲ့နေရာမှာ ကျွန်တော်တို့အနေနဲ့ အကြီးစားထုတ်လုပ်ခြင်းမှအပ အသေးစားထုတ်လုပ်ခွင့်တွေကို လုပ်ထုံးလုပ်နည်း၊ စည်းကမ်းများနှင့်အညီ လုပ်ကွက်တစ်ကွက်ကို ဧက ၂၀ ခန့်မှန်း အကျယ်အဝန်း သတ်မှတ်ပေးပြီးတော့မှဆောင်ရွက်စေတာဖြစ်ပါတယ်။ သို့သော် နယ်မြေဒေသရဲ့အသွင်အပြင် အခြေအနေကိုမူတည်ပြီးတော့မှအချို့သောဒေသတွေမှာ ဧက ၂၀ သာမက လိုအပ်ပါက ဧက ၅၀ အထိ သတ်မှတ်ပေးခြင်းလည်းရှိပါတယ်။ ဒီလို အဖိုးတန်တဲ့ရွှေသတ္တုတွေကို တူးဖော်ထုတ်လုပ်တဲ့နေရာမှာ အသေးစားထုတ်လုပ်မှုအတွက် ထုတ်လုပ်ခွင့်ရဖို့အတွက် လုပ်ငန်းအဆင့်ဆင့်ဖြတ်သန်းပြီးတော့မှ လုပ်ငန်းတွေလုပ်ဆောင်ရတာဖြစ်ပါတယ်။ တစ်နည်းဖြင့် ဒီလိုလုပ်ငန်းလုပ်ဖို့အတွက် ခွင့်ပြုမိန့်ရဖို့ ဆောင်ရွက်ရတာဖြစ်ပါတယ်။ ယခင်က ဒီလိုလုပ်ငန်းလုပ်ဖို့အတွက် လုပ်ငန်းအဆင့်ဆင့်ဖြတ်သန်းရပါတယ်။ မလိုလားအပ်သောအချိန်တွေကြားမှာကုန်ဆုံးရပါတယ်။ မလိုလားအပ်သော ရင်းနှီးမြှုပ်နှံမှုများကြားမှာ ကုန်ဆုံးခဲ့ရကြောင်းကျွန်တော်တို့စိစစ်သိရှိရပါတယ်။ ဒါကြောင့် ယခုအခါမှာ သတ္တုတွင်းဝန်ကြီးဌာနအနေနဲ့အချိန်ကာလတိုအတွင်းမှာ အသေးစားထုတ်လုပ်မှုလုပ်ငန်းတွေ ဆောင်ရွက်နိုင်ဖို့အတွက် မလိုလားအပ်သောရင်းနှီးမြှုပ်နှံမှုတွေ မဖြစ်ပေါ်စေရေး၊ မပါလာစေရေး၊ မရှိစေရေးအတွက် ကျွန်တော်တို့အောက်ပါအတိုင်း ဆောင်ရွက်ဖို့လုပ်ငန်းတွေ သတ်မှတ်ထားပါတယ်။ ဒါကတော့ဖြစ်ရင် ပထမအချက်အနေနဲ့ ဒီလိုအသေးစားလုပ်ငန်း ဆောင်ရွက်မယ့်လုပ်ငန်းရှင်ဟာ သူ့အနေနဲ့သူလုပ်ရမယ့်လုပ်ငန်းရှိပါတယ်။ အဲဒါကတော့ ကုမ္ပဏီထူထောင်ခြင်းဖြစ်ပါတယ်။ ဒီကုမ္ပဏီမှာ သက်ဆိုင်ရာ ဒါရိုက်တာအဖွဲ့တွေဖွဲ့စည်းရပါမယ်။ ပြီးရင် ရင်းနှီးမြှုပ်နှံမှုအတွက် သူ့ရဲ့ ငွေကြေးအင်အားတောင့်တင်းမှုကို ဖော်ပြတဲ့ဘဏ်ငွေစာရင်းကို တင်သွင်းရပါမယ်။ ပြီးရင် ကုမ္ပဏီနှင့် ဒါရိုက်တာအဖွဲ့ဝင်တွေဟာ ပြစ်မှုကင်းရှင်း

ကြောင်းလိုအပ်တာတွေနဲ့ ဖော်ပြဆောင်ရွက်ဖို့ဖြစ်ပါတယ်။ နောက်ပြီးတော့ ဒုတိယအချက်အနေနဲ့ ကုမ္ပဏီက လုပ်သင့်လုပ်ထိုက်တာ သူ့ကုမ္ပဏီလုပ်ငန်းတွေ ဆောင်ရွက်ပြီးတဲ့အချိန်မှာ သက်ဆိုင်ရာ တူးဖော်ရေးလုပ်ငန်း ဆောင်ရွက်မယ့် မြို့နယ်ကိုပဲသွားရောက်ပြီးတော့မှ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့ထံ ဒီလုပ်ငန်းဆောင်ရွက်မယ့်နေရာဟာ လူနေရပ်ကွက်တွေမဟုတ်ကြောင်း၊ စိုက်ပျိုးမြေမဟုတ်ကြောင်း၊ သစ်တောမြေမဟုတ်ကြောင်း၊ သာသနာ့နယ်မြေမဟုတ်ကြောင်း၊ ရှေးဟောင်းယဉ်ကျေးမှုနယ်မြေ မဟုတ်ကြောင်း၊ သုသာန်မြေများနှင့်လွတ်ကင်းကြောင်း သက်ဆိုင်ရာမြို့နယ်အုပ်ချုပ်ရေးအဖွဲ့က ထောက်ခံချက်ယူဖို့ဖြစ်ပါတယ်။ အဲဒါပြီးတဲ့အခါမှာ လုပ်ငန်းဆောင်ရွက်မယ့်ပုဂ္ဂိုလ်ဟာ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ကို သွားရောက်ပြီးတော့မှ ဒီလုပ်ငန်းလုပ်မယ့်နေရာဟာ လုံခြုံရေးကောင်းမွန်ကြောင်း၊ စိုက်ပျိုးမြေများနှင့်လွတ်ကင်းကြောင်း၊ စီမံကိန်းမြေနေရာများနှင့်လွတ် ကင်းကြောင်းထောက်ခံချက်ရယူဖို့ဖြစ်ပါတယ်။ ဒီအချက်တွေရပြီးတဲ့အခါမှာ လုပ်ငန်းဆောင်ရွက် မယ့်ပုဂ္ဂိုလ်ဟာ ကျွန်တော်တို့သတ္တုတွင်းဝန်ကြီးဌာနကို လာရောက်ပြီးတော့မှ သက်ဆိုင်ရာလုပ်ငန်း ဌာနမှာ စာချုပ်ချုပ်ဆိုဖို့ဖြစ်ပါတယ်။ ဒီစာချုပ်ချုပ်ဆိုပြီးတဲ့အခါမှာ ပြည်ထောင်စုရှေ့နေချုပ်ရုံးကို ပေးပို့ပြီးတော့မှ စာချုပ်အပေါ်မှာဥပဒေကြောင်းအရ အကြံဉာဏ်တောင်းခံခြင်း ဆောင်ရွက်ပါတယ်။ စာချုပ်အတည်ပြုတဲ့အခါမှာ ဒီလိုဆောင်ရွက်လိုတဲ့ သတ္တုတူးဖော်ထုတ်လုပ်ခွင့် ခွင့်ပြုမိန့်ထုတ် ပေးခြင်းကို ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ ရက်သတ္တပတ်နှစ်ပတ်အတွင်းမှ တစ်လအတွင်း ပြီးပြတ်အောင် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒါကြောင့် ရွှေတူးဖော်ရေးလုပ်ငန်း လုပ်ဆောင်လိုတဲ့ ပုဂ္ဂိုလ်များဟာ အချိန်ကုန်သက်သာ၊ မလိုလားအပ်သောရင်းနှီးမြှုပ်နှံမှုများ လျော့ပါးပြီးတော့မှ အမြန်ဆုံးဆောင်ရွက်နိုင်ပါကြောင်း တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယခု ကျွန်တော်တို့ ရန်ကုန်တိုင်းဒေသကြီးမှအပ မြန်မာနိုင်ငံအနှံ့အပြားမှာ ရွှေထွက်သောဒေသများ ဖြစ်ပေါ်လျက်ရှိပါတယ်။ ဒီလိုရွှေထွက်တဲ့ဒေသတွေကို အမှန်တကယ်က တော့မူလဒေသခံလက်လုပ်လက်စားတွေက အမျိုးမျိုးသောအကြောင်းနဲ့ သွားရောက်ရင်း၊ သွားလာ ရင်း ကနဦးရွှေတွေကို တွေ့ရှိတာဖြစ်ပါတယ်။ ဒီပေါ်မူတည်ပြီးတော့မှ ဒီရွှေထွက်တဲ့ဒေသတွေဟာ ဒီနေရာ၊ ဒီဒေသမှာဖြင့် ဒီလို ရွှေတွေထွက်နေတယ်လို့ သတင်းကျော်ကြားပြီးတော့မှ ငွေကြေးရှိတဲ့ သူတွေ၊ စီးပွားရေးလုပ်ငန်းရှင်တွေက တစ်ဦးချင်းဖြစ်စေ၊ စုပေါင်း၍ဖြစ်စေ ရွှေသတ္တုအသေးစား ထုတ်လုပ်ခွင့်ကို လျှောက်ထားဆောင်ရွက်လျက်ရှိပါတယ်။ ဒီလို ရွှေသတ္တု အသေးစားထုတ်လုပ်ခွင့်ကို လျှောက်ထားတဲ့ကုမ္ပဏီများဟာ ကျွန်တော်တို့ သတ္တုတွင်းဝန်ကြီးဌာနရဲ့ နောက်ဆုံးစာရင်းအရ

ကုမ္ပဏီပေါင်း ၄၇၉ ခု ရှိပါတယ်။ ဧက ၂၀ လုပ်ကွက်ပေါင်း ၁၄၅၂ ကွက်ရှိပါတယ်။ ဒါတွေကိုလည်း ဒီကုမ္ပဏီများကို ဘယ်သူကမှ လာလုပ်ပါ။ လုပ်ပါ။ လုပ်ပါလို့ မပြောပါဘူး။ ဒီကုမ္ပဏီများကသာလျှင် သူတို့ရဲ့ အကျိုးစီးပွားရှိနိုင်မယ်လို့ ယူဆပြီးတော့မှ အကျိုးစီးပွားဖြစ်ထွန်းမယ်လို့ တွက်ချက်ပြီးတော့မှ လာရောက်ဆောင်ရွက်တာဖြစ်ပါတယ်။ ဒါကြောင့်သတ်မှတ်ထားတဲ့ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်း စည်းကမ်း၊ ဥပဒေများနှင့်အညီ စာချုပ်တွေချုပ်ဆိုခြင်း ဖြစ်ပါတယ်။ ဒီလိုစာချုပ်ချုပ်တဲ့အခါမှာ ဥပဒေအရ မြန်မာ့သတ္တုတွင်းဥပဒေအရ အသေးစားထုတ်လုပ်မှု စာချုပ်သာချုပ်တာဖြစ်တဲ့အတွက် ဒီစာချုပ်ပါအတိုင်း နည်းပညာ၊ မြင့်မားသောနည်းပညာများနှင့် ရင်းနှီးမြှုပ်နှံမှု အများအပြားကို သုံးစွဲခွင့်မရှိပါဘူး။ အဲဒီအတွက် ဥပဒေအရ စက်ယန္တရားများ အသုံးပြုခွင့်လည်းမရှိပါဘူး။ လက်ရှိ လုပ်နေတဲ့နေရာတွေမှာ စာချုပ်ပါအတိုင်း၊ ဥပဒေပါအတိုင်း ကုမ္ပဏီအများစုက လေးစားလိုက်နာပြီး ရွှေထုတ်လုပ်မှုလုပ်ငန်းများကို ဆောင်ရွက်နေကြောင်းလည်း ကျွန်တော်တို့သိရပါတယ်။ သို့သော် လည်းအချို့သောဒေသတွေမှာ အချို့သောကုမ္ပဏီများဟာ စာချုပ်ပါစည်းကမ်းအတိုင်း ဆောင်ရွက် ခြင်းမရှိဘဲနဲ့ စက်ယန္တရားများကို အသုံးပြု၍ ရွှေတူးဖော်ထုတ်လုပ်မှု များလုပ်နေကြောင်းသိရပါ တယ်။ ဒါကတော့ဖြင့် မြေကြီးကိုတူးဆွ၊ သာမန်လက်လုပ်ကိရိယာနှင့် တူးဆွခြင်းမဟုတ်ဘဲနှင့်အား ကောင်းသော၊ အားကြီးသော မြေကော်မြေတူးစက်ကြီးများ အသုံးပြု ဆောင်ရွက်နေတာဖြစ်ပါတယ်။ ဒါဟာ ဥပဒေနဲ့မညီညွတ်ပါဘူး။ စာချုပ်ပါ စည်းကမ်းချက်များလည်း မညီညွတ်ပါဘူး။ ဒါဟာဥပဒေကို ချိုးဖောက်ဆောင်ရွက်နေတာဖြစ်ပါတယ်။ စာချုပ်ပါစည်းကမ်းများကို ဖောက်ဖျက်လုပ်ဆောင်နေ တာဖြစ်တဲ့အတွက် ဥပဒေအရအရေးယူခြင်းခံရမှာဖြစ်ပါတယ်။ ဒီလိုလုပ်ဆောင်ခြင်းဟာ အကြီးစား လုပ်ငန်းတွေလုပ်ဆောင်တဲ့အခါမှာ သတ်မှတ်ချက်စည်းကမ်းတွေ အပြည့်အဝရှိပါတယ်။ အသေးစား တူးဖော်ခြင်းမှာတော့ သတ်မှတ်ထားတဲ့စည်းကမ်းအချို့အဝက်ရှိပါတယ်။ ဒီထဲမှာ ဒီလိုစက်ကြီးတွေ တူးဖော်ခွင့်မရှိတာဖြစ်တဲ့အတွက် ဒီလိုစက်ကြီးတွေအသုံးပြုပြီး တူးဖော်ခြင်းအားဖြင့် အဲဒီဒေသရဲ့ သဘာဝပတ်ဝန်းကျင် ပျက်စီးမှုကိုလည်းဖြစ်ပွားစေကြောင်းတွေ့ရပါတယ်။ ဒါကြောင့် ဒီလိုသဘာဝ ပတ်ဝန်းကျင်ပျက်စီးမှုဖြစ်စေတာကြောင့် ဒီလုပ်ရပ်ဟာ မလုပ်သင့်သောလုပ်ရပ် ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ အခုလာမယ့် ပွင့်လင်းရာသီမှစပြီးတော့မှ သတ်မှတ်ထား တဲ့စစ်ဆေးရေးအဖွဲ့များဖြင့် ဒေသအနှံ့အပြားမှာသွားရောက်ပြီး စနစ်တကျစစ်ဆေးခြင်း၊ ရှင်းလင်း ဆွေးနွေးခြင်း၊ ပညာပေးမှတ်တမ်းတင်ခြင်းနှင့် နောက်ဆုံးအဆင့်မှာ ဥပဒေအရအရေးယူခြင်းများကို တစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်သွားမှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော်တို့ ယခုအခါမှာ ရွှေတူးဖော်ခြင်းလုပ်ငန်းနှင့် ပတ်သက်ပြီးတော့မှ လုပ်ငန်းဆောင်ရွက်နေသောအချို့ကုမ္ပဏီများဟာ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်ကစပြီးတော့မှ ယခု ၂၀၁၀-၂၀၁၁ ပြီးခဲ့တဲ့ ဘဏ္ဍာရေးနှစ်အထိ ဘဏ္ဍာရေးနှစ်အလိုက် စာချုပ်ချုပ်ထားတဲ့ စာချုပ်ပါအတိုင်း စည်းကမ်းသတ်မှတ်ချက်အတိုင်း စာချုပ်ပါကတိကဝတ်အတိုင်း နိုင်ငံတော်ကိုပေးသွင်းရမယ့် ရွှေအချိုးများလည်းပေးသွင်းခြင်းမရှိဘဲ ပျက်ကွက်နေပါကြောင်း တွေ့ရှိရပါတယ်။ ဒါကိုလည်း ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ စာရင်းစစ်အဖွဲ့များက ထောက်ပြထားပါတယ်။ ဒီလို ကျွန်တော်တို့ဝန်ကြီးဌာနတာဝန်ခံလုပ်ငန်းဌာနကလည်း ဒီလိုကတိကဝတ်ပျက်နေတဲ့ စည်းကမ်းသတ်မှတ်ချက်အတိုင်းဆောင်ရွက်ရန်လစ်ဟင်းနေတဲ့ အသေးစားရွှေတူးဖော်ခြင်းလုပ်ငန်းကုမ္ပဏီများကို နိုင်ငံတော်သို့ပေးသွင်းရမည့်ရွှေအချိုးများ၊ မပျက်မကွက် မလျော့မပါးပေးသွင်းရေးကို ဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုပျက်ကွက်တဲ့ ဖြစ်စဉ်တွေပေါ်မူတည်ပြီးတော့မှ ယခုရောက်ရှိနေတဲ့ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှာလည်း ဒီလိုဖြစ်စဉ်တွေမဖြစ်ပွားဖို့အတွက် သတ်မှတ်ထားတဲ့ ရွှေအချိုးပေးသွင်းရန်ဖြစ်တဲ့ တစ်လကိုရွှေကြမ်းနှစ်ကျပ်သားနှုန်းဖြင့် နိုင်ငံတော်ကိုပေးသွင်းရမယ့်ဟာကို ယခင် မလိုလားအပ်သောဖြစ်စဉ်များမဖြစ်စေရေးအတွက် တစ်ကြိမ်တည်းနဲ့ရွှေကြမ်း ၂၄ ကျပ်သား ပေးသွင်းရေးကိုဆောင်ရွက်လျက်ရှိပါတယ်။ တွန်းအားပေးပြီး ကျွန်တော်တို့ ဆောင်ရွက်နေပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အခု ဒီနေ့ဒီအချိန်ဟာ နိုင်ငံတကာမှာ နိုင်ငံသုံးငွေများနှင့်ပတ်သက်၍ အမျိုးမျိုးရှိပါတယ်။ ဥရောပနိုင်ငံတွေမှာ ပေါင်စတာလင်၊ ယူရိုငွေ၊ အမေရိကန်နိုင်ငံမှာ ဒေါ်လာငွေ၊ ဒီကျွန်တော်တို့ အာရှမှာတော့ ဂျပန်နိုင်ငံသုံးယန်းငွေနဲ့ တရုတ်နိုင်ငံမှာယွမ်ငွေတွေရှိပါတယ်။ ဒီငွေတွေရဲ့တန်ဖိုးတွေဟာ မှန်မှန်ကန်ကန်မရှိဘဲနဲ့ အတက်အကျများနှင့် အပြောင်းအလဲမြန်မြန်ဆန်ဆန်ဖြစ်နေတဲ့အချိန်ဖြစ်ပါတယ်။ သို့သော်လည်း အကျမရှိဘဲအတက် ဖြစ်နေတဲ့ပစ္စည်းကတော့ ရွှေပဲဖြစ်ပါတယ်ခင်ဗျား။ ဒီရွှေကတော့ အမြဲတမ်းတန်ဖိုးအားဖြင့် ယခင်ကလည်း တစ်စတစ်စတက်သလို ယခုလည်းတက်နေပါတယ်။ နောင်ကိုလည်း ရွှေတန်ဖိုးဟာတက်မှာပဲဖြစ်တယ်လို့ ကျွမ်းကျင်သောပညာရှင်များက သုံးသပ်တွက်ချက်ထားပါတယ်။ ဒါကြောင့် ကျွန်တော်တို့ အစိုးရအဖွဲ့ရဲ့လမ်းညွှန်မှုနှင့်အတူ ကျွန်တော်တို့ ပြည်ထောင်စုအစိုးရမှာလည်း နိုင်ငံတော်က ရသင့်ရထိုက်တဲ့ ရွှေအချိုးများရရှိရေးကို တွန်းအားပေးဆောင်ရွက်လျက်ရှိပါတယ်။ ဒါကြောင့် ဒီနေ့ဟာတော့ ကျွန်တော်တို့ ရွှေခေတ်

ဖြစ်ပါတယ်။ ရွှေရဖို့လိုအပ်ပါတယ်။ တူးတဲ့ရွှေတွေကို ကျွန်တော်တို့ နိုင်ငံတော်ကို အပြည့်အဝပေး သွင်းဖို့လိုအပ်ပါတယ်။ ဒါကြောင့် ရွှေတူးရန်ကုမ္ပဏီထောင်ပြီး ကုမ္ပဏီတွေကလုပ်ငန်းဆောင်ရွက် နေတာဖြစ်ပါတယ်။ ဒီလုပ်ငန်းတွေကိုလည်း ငွေရှင်၊ ကြေးရှင် စီးပွားရေးလုပ်ငန်းရှင်များ ကသာလုပ် တာဖြစ်ပါတယ်။ ဒီလိုလုပ်ဖို့ ဘယ်သူကမှ တိုက်တွန်းတာမဟုတ်ပါဘူး။ သူတို့ရဲ့ အကျိုးစီးပွားအရ လာပြီးဆောင်ရွက်တာဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်တဲ့နေရာမှာ စာချုပ်စာတမ်းများ၊ ကတိကဝတ်များ နှင့်လစဉ်မည်မျှပေးသွင်းပါမယ်ဆိုတဲ့ ကတိကဝတ်များနှင့် ဆောင်ရွက်နေတာ ဖြစ်ပါတယ်။ ဒါကြောင့် ဘယ်သူ့ကို၊ ဘယ်ကုမ္ပဏီကိုမျှ ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ ရွှေတွေ မဖြစ်မနေ တူးပါ၊ တူးပါလို့ ပြောတာ မရှိပါဘူး။ သို့သော် မည်သည့်ကုမ္ပဏီမဆို၊ မည်သည့်လုပ်ငန်းရှင်မဆို အသေးစားလုပ်ငန်း များလုပ်ဆောင်ခြင်းကို ကျွန်တော်တို့ကအားပေးပါတယ်။ မြေကြီးမှာမြုပ်ဝင်နေတဲ့ ရွှေတွေကိုတူးဖော် တာကို ကျွန်တော်တို့အားပေးပါတယ်။ ဖော်ထုတ်တာကို အားပေးပါတယ်။ ၎င်းတို့ဆန္ဒအရ လုပ်ဆောင် ခြင်းကို ကျွန်တော်တို့ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကူညီဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒါကြောင့် လုပ်ငန်းရှင်များကလည်း နိုင်ငံတော်ကိုပေးရမယ့် ရွှေအချိုးကို မပျက်မကွက်ပေးရန်သာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ဒီအခြေအနေကိုသိရှိနိုင်ပါရန် ကျွန်တော့်အနေနဲ့ တင်ပြခြင်းဖြစ်ပါတယ်။ ထို့ကြောင့် ဒီပြည်သူ့လွှတ်တော်မှာ တက်ရောက်လျက်ရှိကြတဲ့ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်ကြီးများအနေနဲ့ ဒီရွှေတူးဖော်ခြင်းလုပ်ငန်းနှင့်ပတ်သက်ပြီးတော့ မိမိတို့ ကိုယ်တိုင်ပါဝင်ပတ်သက်မှုရှိလျှင်သော်လည်းကောင်း၊ မိမိတို့ရဲ့ဆွေမျိုးမိတ်သင်္ဂဟများပါဝင်ပတ်သက် မှုရှိရင်သော်လည်းကောင်း၊ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များကိုပြန်ရောက်ရင်သော် လည်းကောင်း၊ ယခုကဲ့သို့ ရွှေတူးဖော်ရေးလုပ်ငန်းဆောင်ရွက်နေတဲ့ ကုမ္ပဏီများကို ယခု ကျွန်တော် တင်ပြခဲ့တဲ့အခြေအနေများ၊ အခြေအနေမှန်များကို ရှင်းပြပေးကြပါရန်နှင့် နိုင်ငံတော်အတွက် ပေးသင့် ပေးထိုက်သော ရွှေအချိုးများ မပျက်မကွက်ပေးသွင်းရေးကိုလည်း တိုက်တွန်းပေးဖို့ နှိုးဆော်အပ်ပါ တယ်။ ၎င်းတို့ရဲ့ အကျိုးစီးပွားဖြစ်ထွန်းရေးကိုလည်း ယှဉ်တွဲဆောင်ရွက်ကြပါ။ ကျွန်တော်တို့ သတ္တုတွင်းဝန်ကြီးဌာနအနေနဲ့လည်း လိုအပ်တာများကို လုပ်ထုံးလုပ်နည်း၊ ဥပဒေများနှင့်အညီ ကူညီအားပေးဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ သို့ဖြစ်ပါ၍ ကချင်ပြည်နယ်၊ ချီဖွေမြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇုံးတိန့်မှ တင်ပြလာတဲ့ အသေးစား ဧက ၂၀ အောက် ရွှေထုတ်လုပ်မှုမှာ စက်ယန္တရားများ ရင်းနှီးမြှုပ်နှံပြီးတော့ ရွှေဖော်ထုတ်လုပ်ခွင့်ပြု ရန်အစီအစဉ် ရှိ၊ မရှိ ဆိုတဲ့အဆိုနဲ့ပတ်သက်၍ အသေးစားထုတ်လုပ်မှုဆိုသည်မှာ စက်ယန္တရားများ

ရင်းနှီးမြှုပ်နှံပြီးတော့ ကုန်ကျစရိတ်များစွာ အသုံးပြုရသည့်လုပ်ငန်းမဟုတ်ပါ။ ဒီလုပ်ငန်းအသေးစား လုပ်ငန်းလုပ်ရခြင်းဖြင့် ဒေသန္တရ၊ ပတ်ဝန်းကျင်ဒေသန္တရ၊ သဘာဝပတ်ဝန်းကျင် ပျက်စီးယိုယွင်းခြင်း မဖြစ်စေရန်ရည်ရွယ်ပါတယ်။ ဒါကြောင့် ဧက ၂၀ ရွှေဖော်ထုတ်လုပ်ကွက်တွေမှာ စက်ယန္တရား အသုံးပြု၍ ရွှေတူးဖော်ထုတ်လုပ်ခွင့်ပြုရန် အစီအစဉ်မရှိပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ယခုလိုဖြေကြားပေးတဲ့ ပြည်ထောင်စုအစိုးရအဖွဲ့ သတ္တုတွင်းဝန်ကြီးဌာန၊ ဝန်ကြီးကိုလည်း ကျေးဇူးတင်ပါတယ်။ ထိုနည်းတူစွာပဲ ဒီမေးခွန်းကို စေတနာထားပြီးတော့ မေးမြန်းခဲ့ တဲ့ ဦးဇုံးတိန့်ကိုလည်း ကျေးဇူးတင်ရမှာဖြစ်ပါတယ်။ သူ့ရဲ့ တကယ့်မူရင်းအနှစ်သာရမေးခွန်းကတော့ အသေးစား ဧက ၂၀ ရွှေဖော်ထုတ်လုပ်ကွက်ကို သတ္တုတူးဖော်ရေးကုမ္ပဏီများက လုပ်ကိုင်ကြလျက် ရှိရာလုပ်ငန်းလိုအပ်ချက်အရ စက်ယန္တရားများကို တရားမဝင်အသုံးပြု၍ တူးဖော်လုပ်ကိုင်ကြ ကြောင်း၊ နိုင်ငံတော် သို့ပေးသွင်းရမည့် သတ်မှတ်ရွှေပမာဏနှင့် မှန်ကန်စွာပေးသွင်းမှုမရှိဘဲ အခွန် ငွေဆုံးရှုံးမှုများဖြစ်ပေါ်နေကြောင်းတွေ့ရှိရသဖြင့် အသေးစားဧက ၂၀ ရွှေဖော်ထုတ်လုပ်ကွက်များ တွင်စည်းမျဉ်းစည်းကမ်းများချမှတ်၍ စက်ယန္တရားများဖြင့် ရွှေတူးဖော်လုပ်ကိုင်ခွင့်ပြုရန် အစီအစဉ် ရှိ၊ မရှိသိလိုပါသည်ဆိုတဲ့မေးခွန်းကို အကြောင်းပြုပြီးတော့ ဖြေကြားသွားတာဖြစ်ပါတယ်။ သူ့ရဲ့မေးခွန်း မှာစေတနာတွေပါပါတယ်။ (၁) ကတော့ သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုအတွက် စိုးရိမ်ခြင်း၊ အားလုံးသိတဲ့အတိုင်းပဲ မိမိတို့မြန်မာနိုင်ငံရဲ့ အခွန်ရရှိမှုဟာ အခွန်အချိုး GDP ဟာ မနှစ်ကဆိုရင် ၂.၃၇ ရာခိုင်နှုန်းသာရှိတယ်။ အခု ရွှေတူးဖော်ရေးနှင့်ပတ်သက်ပြီးတော့ ထိုက်သင့်တဲ့ရွှေများ နိုင်ငံတော်သို့ ပေးသွင်းခြင်းမရှိတဲ့အတွက် နိုင်ငံတော်ဘဏ္ဍာငွေမှာလည်း ထိခိုက်တယ်ဆိုတဲ့ဟာကို အကြောင်းပြုပြီးတင်ပြခဲ့တာဖြစ်ပါတယ်။ ဒီနေ့မှာတိုက်တိုက်ဆိုင်ဆိုင်ပဲ အရင်တုန်းကတော့ သစ်တော ရေးရာဝန်ကြီးဌာန၊ အဲဒီနေ့ကျတဲ့အခါကြတော့ အမိန့်ကြော်ငြာစာနဲ့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်း ရေးနှင့်သစ်တောရေးရာဝန်ကြီးဌာနလည်း ဒီမေးခွန်းများကို ဖြေကြားဖို့အတွက် ဒီခန်းမထဲရောက်ရှိနေ တာဖြစ်တဲ့အတွက်မေးခွန်းမေးတာရယ်၊ ဖြေကြားတာရယ်အားလုံးကြားတဲ့အတွက် သဘာဝပတ်ဝန်း ကျင်ထိန်းသိမ်းရေးဆိုင်ရာကိစ္စလည်း စဉ်းစားဆက်စပ်သုံးသပ် ဆောင်ရွက်သွားနိုင်မှာဖြစ်သလို လွှတ်တော်အနေနဲ့လည်း သဘာဝသယံဇာတအရင်းအမြစ်များ ထိန်းသိမ်းရေးနဲ့သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကော်မတီကို ဖွဲ့စည်းထားတာဖြစ်တဲ့အတွက် နောင်ဆောင်ရွက်မယ့်ကိစ္စတွေကတော့ ကျယ်ကျယ်ပြန့်ပြန့်နဲ့ ပျံ့ပျံ့နှံ့နှံ့ဆောင်ရွက်သွားမယ်ဆိုတဲ့ အနေအထားရယ်၊ သက်ဆိုင်ရာဝန်ကြီးက

လည်းလွှတ်တော်ကိုယ်စားလှယ်များမှတစ်ဆင့် ရွှေတူးဖော်မှုနဲ့ပတ်သက်ပြီးတော့ စေ့စေ့ငှငှတင်ပြသွားတဲ့အတွက် မိမိတို့ရပ်ရွာဒေသမှာ ရွှေ သို့မဟုတ်ရင် အခြားသတ္တုတူးဖော်ရေးလုပ်ငန်းများမှာ ဥပဒေနှင့်အညီ ဆောင်ရွက်မှုမရှိဘူးဆိုလို့ရှိရင် ဥပဒေနဲ့အညီဆောင်ရွက်နိုင်ရေးအတွက် လိုအပ်တဲ့အဖွဲ့အစည်းများနှင့် ဆောင်ရွက်သွားနိုင်မှာဖြစ်ပါတယ်။ ဒီနေ့ တကယ်တမ်းကျတော့ ကမ္ဘာမှာရင်ဆိုင်နေရတဲ့ပြဿနာတွေလေးခုရှိပါတယ်။ ဒါအားလုံးအသိပဲဖြစ်ပါလိမ့်မယ်။ နံပါတ်(၁)ကတော့ အကြမ်းဖက်မှုပြဿနာ၊ (၂)က ကမ္ဘာမှာရိက္ခာပြတ်လပ်မှုပြဿနာ၊ (၃)ကတော့ ကမ္ဘာ့လောင်စာဆီများတဖြည်းဖြည်းလျော့နည်းလာပြီး စိုးရိမ်ဖွယ်ရာပြဿနာနှင့် (၄)ကတော့ Weather Change ခေါ်တဲ့ရာသီဥတုပြောင်းလဲခြင်းသည် သဘာဝပတ်ဝန်းကျင်များ ယိုယွင်းလာမှုအပေါ် မူတည်ပေါ်ပေါက်ခဲ့တယ်ဆိုတဲ့ပြဿနာ ဒီပြဿနာဟာ ကမ္ဘာ့ရဲ့ပြဿနာကြီးဖြစ်တဲ့အတွက် အလေးထားဆောင်ရွက်နေရတဲ့လုပ်ငန်းဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ လွှတ်တော်ကျင်းပမှုမတိုင်ခင် လွန်ခဲ့တဲ့နှစ်လခန့်က စစ်ကိုင်းတိုင်းဒေသကြီးက ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦးရဲ့ တင်ပြချက်အရ မိမိတို့ကြားဖြတ်ညှိနှိုင်းတင်ပြဆောင်ရွက်ခဲ့တာရှိပါတယ်။ ဒါဟာ ချင်းတွင်းမြစ်ထဲမှာ ရေများသည်နောက်ကျိပြီးတော့ရေများ (voLution) ဖြစ်တဲ့အတွက် ချင်းတွင်းရေကို မှီခိုအသုံးပြုနေကြတဲ့ ချင်းတွင်းမြစ်ကမ်းပါးတစ်လျှောက်မှာရှိတဲ့ ပြည်သူလူထုများ ရေကိုသုံးစွဲမှုနှင့်ပတ်သက်ပြီးတော့ များစွာပြဿနာရှိနေပါတယ်။ ဒါကို လိုအပ်သလို သုံးသပ်ဆောင်ရွက်ပေးနိုင်ဖို့ မိမိထံတင်ပြတဲ့အခါမှာ အစိုးရအဖွဲ့သက်ဆိုင်ရာဝန်ကြီးဌာနနဲ့ ညှိနှိုင်းပြီးဆောင်ရွက်တဲ့အခါမှာ ဒီနေ့တော့ကြားသိရတဲ့ သတင်းအရ မြစ်ရေများမူလအခြေအနေအတိုင်း ပြန်ရောက်ရှိလာပြီဆိုတဲ့ဟာ ဒီလိုကြားသိရပါတယ်။ အဲဒီပြဿနာဟာလည်း တကယ်တမ်းကျတော့ ဒီနေ့ ဦးဇုံးတိန့်တင်ပြတဲ့ ရွှေနဲ့တချို့ဆို သတ္တုတူးဖော်တဲ့ ပြဿနာက ဆက်စပ်တဲ့ကိစ္စတွေဖြစ်ပါတယ်။ အဲဒီတော့ ကမ္ဘာမှာကြုံတွေ့နေရတဲ့ စိုးရိမ်ဖွယ်ဖြစ်နေတဲ့ ရာသီဥတုပြောင်းလဲမှုကိစ္စလိုပဲ မိမိတို့နိုင်ငံမှာလည်း ရွှေအပါအဝင် သတ္တုများတူးဖော်တဲ့အခါမှာ သဘာဝပတ်ဝန်းကျင်ပျက်ယွင်းပြီး မိမိတို့နိုင်ငံအတွင်းမှာ မှီတင်းနေထိုင်ကြတဲ့ လူများရဲ့ကျန်းမာရေးအပါအဝင် အခြားပြဿနာများဖြစ်ပေါ်လာစေနိုင်သော ဆောင်ရွက်မှုမျိုးများကိုလည်း မိမိတို့လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့သိရှိပြီး လိုအပ်တဲ့အချိန်မှာ ခုနက ပြည်ထောင်စုဝန်ကြီးတင်ပြသွားသလိုပဲ ဝိုင်းဝန်းဆောင်ရွက်မယ်ဆိုလို့ရှိရင် ကမ္ဘာ့ရဲ့စိုးရိမ်မှု၊ ဒေသခံ မြန်မာနိုင်ငံသားများရဲ့စိုးရိမ်မှု၊ ဒေသခံ တိုင်းရင်းသားများရဲ့စိုးရိမ်မှုကိုပယ်ဖျောက်နိုင်မယ်ဖြစ်ကြောင်း ကျွန်တော့်အနေနဲ့ ဒီမှာ တင်ပြချင်ပါတယ်။ ဆက်လက်ပြီးတော့ ငပုတောမဲဆန္ဒနယ်မှ ဒေါ်ခင်သန်းမြင့် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်ခင်သန်းမြင့်(ငပုတောမဲဆန္ဒနယ်)။** ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသောဧည့်သည်တော်များရှင်။ ကျွန်မကတော့ ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်သန်းမြင့်ဖြစ်ပါတယ်။ ကျွန်မအနေနဲ့ တောရိုင်းဆင်များအန္တရာယ်မှ ကင်းရှင်းရေးနဲ့ စပ်လျဉ်းတဲ့ မေးခွန်းအား မေးမြန်းတင်ပြသွားမှာဖြစ်ပါတယ်။ ကျွန်မ၏မေးခွန်းအား ဖတ်ကြားတင်ပြခွင့်ပြုပါရန် လေးစားစွာပန်ကြားအပ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ ကျွန်မတို့ ငပုတောမြို့နယ်ထဲမှာ မယ်ဇလီကြိုးဝိုင်း၊ ဆင်မကြိုးဝိုင်း၊ ဆင်မုန်ကြိုးဝိုင်းနဲ့ မြစ်တစ်ရာကြိုးဝိုင်းတို့ပါဝင်ပြီး ငပုတောမြို့နယ်နဲ့မြို့နယ်အတွင်းမှာပါဝင်တဲ့ ငရုတ်ကောင်းမြို့နယ်တို့ကို အနောက်ရိုးမတောင်တန်းကြီးက ပိုင်းခြားထားပါတယ်။ ရိုးမတောင်တန်းနဲ့ ကြိုးဝိုင်းသစ်တောအတွင်းမှာ ဆင်ရိုင်းများဟာ ခိုအောင်းနေထိုင်လျက်ရှိပါတယ်။ ဒေသခံပြည်သူများအနေနဲ့ လယ်ယာလုပ်ငန်း၊ တောင်ယာလုပ်ငန်း၊ ဥယျာဉ်ခြံလုပ်ငန်းနဲ့ တောတောင်ကိုအမှီပြုရှာဖွေစားသောက်ရတဲ့လုပ်ငန်းတွေနဲ့ အသက်မွေးဝမ်းကျောင်းပြုနေကြရပါတယ်။ ၁၉၉၃-၁၉၉၄ ခုနှစ်လောက်ကနေစပြီးတော့ ရာသီဥတုဖောက်ပြန်ခြင်း၊ သစ်တောများပြုန်းတီးမှုတို့ကြောင့် အစာရေစာတွေရှားပါးလာတဲ့အတွက် တောဆင်ရိုင်းများဟာ အလွယ်တကူရှာဖွေစားသောက်လို့ရခဲ့တဲ့ တောင်ယာလုပ်ငန်းကသီးနှံတွေကို ဝင်ရောက်စားသောက်လာခဲ့ကြပါတယ်။ တဖြည်းဖြည်းနဲ့ တောင်ယာသီးနှံများသာမက တောင်ယာတွေနဲ့နီးစပ်တဲ့ လယ်ယာမြေထဲကိုတစ်ဆင့် အဲဒီကနေတစ်ဆင့် ကျွန်မတို့ရွာတွေနဲ့နီးစပ်တဲ့လယ်ယာများအထိ နယ်ချဲ့လာခဲ့ကြပါတယ်။ တောဆင်ရိုင်းများဟာ စပါးပေါ်ချိန်ရောက်ပြီဆိုတာနဲ့ လယ်မြေထဲကို အုပ်စုလိုက်ဝင်ရောက်ပြီးတော့ စားသောက်ကြပါတယ်။ ဆင်အုပ်တစ်အုပ်ဆင်းလာပြီဆိုရင် ဆင်အကောင်ရေဟာအကောင် ၂၀ ကနေ ၃၀ နီးပါးအထိပါလာပြီးတော့ အဲဒီဆင်အုပ်တွေသွားတဲ့ လမ်းကြောင်းတစ်လျှောက်မှာရှိတဲ့ လယ်ယာမြေတွေ၊ ပတ်ဝန်းကျင်အားလုံးဟာအရာနီးပါးအားလုံး ပျက်စီးခဲ့ကြရပါတယ်။ ဒေသခံတောင်သူတွေအနေနဲ့ မိမိတို့ စိုက်ပျိုးထားတဲ့သီးနှံတွေရရှိဖို့အတွက် နီးစပ်ရာတောင်သူလယ်သမားတွေက စုပေါင်းပြီးတော့ ဆင်တွေကိုခြောက်လှန့်မောင်းထုတ်ပြီး ဆင်တွေနဲ့အပြိုင် မိမိတို့စိုက်ပျိုးထားတဲ့ လယ်ယာမြေက စပါးသီးနှံတွေကိုရဖို့အတွက် လုပြီးတော့စားသောက်နေရတဲ့ ဘဝမျိုးရောက်ရှိနေကြပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ၂၀၀၄-၂၀၀၅ ခုနှစ်လောက်ကနေစပြီးတော့ တောဆင်ရိုင်းတွေဟာ လယ်ယာမြေသီးနှံတွေ၊ တောင်ယာသီးနှံတွေကို စားသုံးတာမဟုတ်တော့ဘဲနဲ့ လူတွေရဲ့ အသက်အန္တရာယ်တွေကိုပါပေးလာတဲ့အထိ အန္တရာယ်ပြုလာကြပါတယ်။ ဆင်တွေကို ခြောက်လှန့်ထုတ်ရင်းနဲ့ ပြေးမလွတ်

လို့သေဆုံးရတာ၊ တောင်ယာတွေမှာ တောထဲမှာသွားရင်းနဲ့ ဆင်တွေနဲ့ပက်ပင်းတွေ့ပြီးတော့ ဆင်တွေရဲ့အန္တရာယ်ပြုမှုအတွက်ကြောင့် ၂၀၀၄-၂၀၀၅ လောက်ကစပြီး ယနေ့ထိ ကျွန်မတို့မြို့နယ်ထဲမှာ သေဆုံးသူဦးရေဟာ ၁၅ ဦးရဲ့ အထက်မှာပဲရှိပါတယ်။ သူ့ရဲ့အောက်မှာမရှိပါဘူး။ တောဆင်ရိုင်းတွေဟာလယ်ယာတောင်ယာတွေသာမကဘဲနဲ့ အခုဆိုရင် ကျေးရွာတွေအနီးမှာရှိနေတဲ့ ဥယျာဉ်ခြံတွေအတွင်း၊ ရွာအတွင်းကို ဝင်ရောက်နေကြပြီဆိုတဲ့အကြောင်းကိုလည်း ကျွန်မတို့ ကြားသိနေရပါတယ်။ ကျေးရွာအုပ်စု ၁၅ အုပ်စု လောက်မှာရှိနေတဲ့ ဒေသခံပြည်သူတွေဟာ ကြောက်ရွံ့ထိတ်လန့်ပြီးတော့ နောက်ကြောင်းမအေးရတဲ့အဖြစ်နဲ့ ကြုံတွေ့နေကြရပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ ကျွန်မမေးလိုတဲ့မေးခွန်းကတော့ ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်အတွင်းမှာရှိတဲ့ ကျေးရွာအုပ်စုများမှာ ပွင့်လင်းရာသီ၌ တောဆင်ရိုင်းများအန္တရာယ်ပြုမှုများကို အမြဲကြုံတွေ့နေရပြီး နှစ်စဉ်လယ်ယာမြေများ၊ ဥယျာဉ်ခြံမြေများ၊ လူနေတဲ့အိမ်များကို ဖျက်ဆီး၍ လူတို့၏ အသက်အန္တရာယ်ကိုပြုလုပ်လာပြီး အချို့မှာအသက်ဆုံးရှုံးခြင်းများရှိနေပါသဖြင့် ဆင်အန္တရာယ်မှကင်းဝေးပြီး စိတ်အေးချမ်းသာစွာနေထိုင်လုပ်ကိုင်စားသောက်လိုကြတဲ့ ဒေသခံပြည်သူများအတွက် တောဆင်ရိုင်းများအန္တရာယ်မှကင်းဝေးရေးအတွက် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ သိလိုပါ၍ ပြန်လည်ဖြေကြားပေးပါရန် လေးစားစွာတင်ပြအပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်ရှင်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးက ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဦးဝင်းထွန်း(ပြည်ထောင်စုဝန်ကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ကျန်းမာချမ်းသာကြပါစေကြောင်း၊ မင်္ဂလာကျက်သရေအပေါင်းနဲ့ ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာနဝန်ကြီး ဦးဝင်းထွန်းဖြစ်ပါတယ်။ အခု ငပုတောမဲဆန္ဒနယ်မြေမှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဒေါ်ခင်သန်းမြင့်တင်ပြသွားတဲ့ သိလိုတဲ့မေးခွန်းအပေါ်မှာ ဖြေကြားသွားမှာဖြစ်ပါတယ်။ ဒီမေးခွန်းဟာ ဧရာဝတီတိုင်း၊ ငပုတောမြို့နယ်တွင်သာမက အလားတူ တိုင်းနှင့်ပြည်နယ်တိုင်းဒေသကြီးနဲ့ ပြည်နယ်အချို့မှာလည်းတွေ့ကြုံပေါ်ပေါက်နေရတဲ့ အခက်အခဲတစ်ရပ်ဖြစ်တဲ့အတွက်ကြောင့်မို့ ဒီလိုဖြစ်လာရတဲ့ အကြောင်းရင်းလေးကို နားလည်သဘောပေါက်ရန်နှင့် ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ အရေးယူဆောင်ရွက်မှုများကို သိရှိနားလည်ရန်အလို့ငှာ လွှတ်တော်ရဲ့အချိန်ကိုလည်း လေးစားသောအားဖြင့် မကျဉ်းမကျယ် ရှင်းလင်းတင်ပြသွားမှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံအတွင်းမှာ တောဆင်ရိုင်းများနေထိုင်ကျက်စားရာ အဓိကနေရာများကတော့ ပဲခူးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နဲ့ ဧရာဝတီတိုင်းဒေသကြီးတို့ ဖြစ်ကြပါတယ်။ ၁၉၉၇ ခုနှစ်၊ ဆင်စာရင်းများကောက်ယူမှုအရ ဆင်ကောင်ရေ ၅၀၀၀ မှ ၆၀၀၀ခန့် အထိ ရှိနေရာမှ ယခုအချိန်၊ ယနေ့အချိန်အခါတွင် ဆင်ကောင်ရေ ၃၀၀၀ ခန့်မျှသာ ကျန်ရှိကြောင်းခန့်မှန်းရရှိပါသည်။ တောဆင်ရိုင်းများဟာ Home Range လို့ခေါ်တဲ့ ကျက်စားရာနယ်မြေ၊ စတုရန်းမိုင်အားဖြင့် ၃၀ မှ ၄၀ ခန့်အတွင်းလှည့်လည်ကျက်စားနေထိုင်တတ်ပါတယ်။ အဓိကအစားအစာများမှာတော့ မြက်၊ ထမဆိုင်း၊ မျှစ်နဲ့ ဝါးပင်များသစ်ခေါက်များ ဖြစ်ကြပါတယ်။ ငှက်ပျော၊ ကြံနဲ့ စပါးကိုလည်း အထူးပင်နှစ်သက်ကြပါတယ်။ တောဆင်ရိုင်းတစ်ကောင်ဟာ တစ်နေ့သွားလာစားသောက်ချိန် ၁၆ နာရီခန့်ရှိပြီးတော့ တစ်နေ့စားသောအစားအစာမှာလည်း ပိဿာ ၁၀၀မှ ၁၂၀ခန့်အထိ စားသောက်တတ်ပါတယ်။ တောဆင်ရိုင်းများမျိုးသုဉ်းခြင်းအန္တရာယ်မှ ကာကွယ်ထိန်းသိမ်းရန် ဆင်ဘေးမဲ့တောများကို ၁၉၂၇ ခုနှစ် ကတည်းကစတင်တည်ထောင်ခဲ့ပါတယ်။ ၁၉၉၄ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သော တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးဥပဒေ ပုဒ်မ ၁၅(က)အရ ဆင်များကိုလုံးဝကာကွယ်ထားသော တောရိုင်းတိရစ္ဆာန်စာရင်းတွင် ထည့်သွင်းထားပါတယ်။ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် သပိတ်ကျင်းမြို့နယ်၊ မိုးမိတ်မြို့နယ်များတွင်ပါဝင်သော ရွှေဥဒေါင်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော ဧရိယာဧကအားဖြင့် ၆၇.၆၉ စတုရန်းမိုင်၊ ရခိုင်ပြည်နယ်၊ ဂွမြို့နယ်တွင်ရှိသော ရခိုင်ရိုးမဆင်ဘေးမဲ့တော ဧရိယာဧက ၆၇၇.၈၈ စတုရန်းမိုင်ကို တောဆင်ရိုင်းများအတွက် တည်ထောင်ထားရှိပြီးဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ မြောက်ဇာမဏိကြိုးဝိုင်းကိုလည်းအလားတူဆင်များဘေးမဲ့တောအဖြစ် တည်ထောင်ရန် ဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

လူသားများရဲ့ပယောဂကြောင့် သဘာဝသစ်တောများ လျော့နည်းပျက်စီးမှုများ တိုးတက်ဖြစ်ပေါ်လျက်ရှိပါတယ်။ လူဦးရေတိုးပွားလာတာနဲ့အမျှ စားဝတ်နေရေးလိုအပ်ချက်အတွက် သဘာဝသစ်တောများအပေါ်မှာ မှီခိုထိပါးမှုများ ဖြစ်ပေါ်လာလျက်ရှိပါတယ်။ သဘာဝသစ်တောများအတွင်း သစ်ခုတ်ခြင်း၊ ဓာတ်သတ္တုရှာဖွေခြင်း၊ ဆည်မြောင်းတာတမံများတည်ဆောက်ခြင်း၊ ကျူးကျော်တောင်ယာများစိုက်ပျိုးခြင်း၊ ကျေးရွာများတိုးချဲ့ခြင်း၊ စိုက်ပျိုးမြေများဖော်ထုတ်ခြင်းဖြင့် အခြားဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းများကြောင့် တောဆင်ရိုင်းများ၏ကျက်စားရာ သစ်တောဖုံးလွှမ်းသည့် နယ်မြေများ

မှာလည်း ကျဥ်းမြောင်းလာပြီး ကျက်စားရာဒေသတစ်ခုနှင့်တစ်ခုအကြား ပြတ်တောက်မှုများကြောင့် ဆင်များအသုံးပြုသည့် လမ်းကြောင်းများနဲ့ဖြတ်လမ်း၊ Corridor များပြတ်တောက်သွားခြင်းများဖြစ်ပေါ်လျက်ရှိပါတယ်။ တောဆင်ရိုင်းများဟာ ယေဘုယျအားဖြင့် လူကိုရှောင်ရှားတတ်တဲ့ အလေ့အထရှိပါတယ်။ သို့သော် တောဆင်ရိုင်းများကို ကျုံးသွင်းဖမ်းဆီးခြင်း၊ တရားမဝင်သတ်ဖြတ်ခြင်း၊ ထိခိုက်ဒဏ်ရာရရှိစေခြင်းတို့ကြောင့် လူတို့အပေါ်မှာ ပြန်လည်ရန်မူလာခြင်းများလည်း ဖြစ်တတ်ပါတယ်။ စားကျက်နယ်မြေများ ကျဥ်းမြောင်းလာမှု၊ အစားအစာမလုံလောက်မှု၊ သွားလမ်း၊ ဖြတ်လမ်းများပြတ်တောက်မှုတို့ကြောင့် ဘဝရှင်သန်နိုင်ရေးအတွက် လူနဲ့ဆင်များပဋိပက္ခများ ဖြစ်ပေါ်လာရခြင်းဖြစ်ပါတယ်။ သစ်တောရေးရာဝန်ကြီးဌာနအနေနဲ့ တောဆင်ရိုင်းများမျိုးမသုဉ်းစေရေး ထိန်းသိမ်းနိုင်ရန်အတွက် သဘာဝတောများအတွင်းသို့ ပြန်လည်မောင်းသွင်းခြင်းနှင့် တစ်ဖက်တစ်လမ်းမှလည်း ဆင်ကောင်ရေလျှော့ချရန် ဆောင်ရွက်ခြင်းတို့ဖြင့် လူနဲ့ဆင်များ ထိပ်တိုက်တွေ့ဆုံမှုများ နည်းပါးလာစေရန် ၂၀၁၁ ခုနှစ်မှစပြီးတော့ တောဆင်ရိုင်းများကို ဖမ်းဆီးရေးအဖွဲ့များဖွဲ့စည်းပြီး ဖမ်းဆီးခြင်းလုပ်ငန်းများကို စနစ်တကျဆောင်ရွက်ခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တောဆင်ရိုင်းများကို ယဉ်ပါးအောင်လေ့ကျင့်သင်ကြားပေးပြီးတော့ သစ်ထုတ်လုပ်ငန်း၊ ခရီးသွားလာခြင်းလုပ်ငန်း၊ သယ်ယူပို့ဆောင်ခြင်းလုပ်ငန်းနဲ့ သဘာဝခရီးသွားလုပ်ငန်းတို့မှာ အသုံးပြုလျက်ရှိပါတယ်။ လူနဲ့ဆင်များပဋိပက္ခများ ဖြစ်ပေါ်သည့်ဒေသများကို စိစစ်ပြီးတော့ နှစ်စဉ်တောဆင်ရိုင်းများ ဖမ်းဆီးတဲ့စီမံကိန်းကို ကျွန်တော်တို့ဆောင်ရွက်ခဲ့ပါတယ်။ ၂၀၁၀ ခုနှစ်မှ ၂၀၁၄ ခုနှစ်အတွင်းတောဆင်ရိုင်း ၂၁၇ ကောင်ဖမ်းဆီးခဲ့ပါတယ်။ လူ နဲ့ ဆင်ပဋိပက္ခဖြစ်မှုများ ဆက်လက်ဖြစ်ပေါ်လာတဲ့အတွက်ကြောင့်မို့လို့ လွန်ခဲ့တဲ့လေးနှစ်တာအတွင်း ရန်ကုန်တိုင်းဒေသကြီးမှာ တောဆင်အကောင်ရေ ၁၂၀၊ ပဲခူးတိုင်းဒေသကြီးမှာ ၁၁၁ ကောင်၊ မန္တလေးတိုင်းဒေသကြီးမှာ အကောင် ၉၀၊ ရခိုင်ပြည်နယ်မှာ ၂၁ ကောင်၊ စစ်ကိုင်းတိုင်းဒေသကြီးမှာ ၁၀ ကောင်နဲ့ ဧရာဝတီတိုင်းဒေသကြီးမှာ ၉ ကောင်၊ စုစုပေါင်း ၃၆၁ ကောင်ကို ဖမ်းဆီးခဲ့ပြီးဖြစ်ပါတယ်။ ဒါ့အပြင် တောဆင်ရိုင်းများ လူနေဒေသကို ဝင်ရောက်လာတဲ့အခါ မေ့ဆေးသေနတ်များဖြင့် ဖမ်းဆီးခြင်း၊ ကာကွယ်တားဆီးရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်း၊ သဘာဝတောများအတွင်းသို့ ပြန်လည်မောင်းသွင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါတယ်။ တောဆင်ရိုင်း ကာကွယ်တား ဆီးရာတွင် ဆင်များရဲ့ အလေ့အထဖြစ်တဲ့ စားကျက်မြေပြောင်းရွှေ့တတ်မှု၊ အစာများစွာလိုအပ်မှု၊ Home Range စတုရန်းမိုင် ၃၀ မှ ၄၀ ခန့်အတွင်း ကျယ်ပြန့်စွာလှည့်လည်ကျက်စားတတ်မှုနဲ့

သွားလမ်း၊ ပြန်လမ်းတစ်လမ်းတည်းသွားလာတတ်မှုများကို အခြေခံပြီး ဆင်အုပ်စုနှင့် ထိပ်တိုက်မတွေ့ရန်ကြိုတင်ရှောင်ရှားခြင်း၊ ဆင်ဘေးမဲ့တောများအနီး နေထိုင်မှုမပြုခြင်း၊ ဆင်များသွားလာတတ်တဲ့လမ်းများကိုအပြောင်ရှင်းပြီး အမှိုက်များစုပုံအခြောက်ခံ၍ ဆင်လာချိန်တွင် မီးရှို့ခြောက်လှန့်ခြင်း၊ ဗျောက်အိုးများဖောက်ခြင်း၊ ဝါးဆစ်မီးပေါက်များဖောက်ခြင်း၊ ဆင်လာရာလမ်းတွင် ရောင်ပြန်စီဒီပြားများချိတ်ဆွဲထားခြင်း၊ ဆင်များလာရောက်စဉ် ငရုတ်သီးအငွေ့တိုက်ခြင်း၊ လယ်ယာတဲများနေလူအများက တုံးများခေါက်ခြင်း၊ ကုလားတက်ခေါက်ခြင်း၊ သံပုံးတီးခြင်းစသည်များကို လုပ်ဆောင်ကြရာဒေသခံလယ်သမား၊ ခြံသမားများနှင့် တွေ့ဆုံအသိပညာပေးခြင်းလုပ်ငန်းများကို ဌာနဝန်ထမ်းများကဆောင်ရွက်လျက်ရှိပါတယ်။ ဒေသခံများဘက်မှလည်း တောဆင်ရိုင်းများဝင်ရောက်လာမှု သတင်းပေးပို့ပါက နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့ရဲ့အကူအညီဖြင့် သစ်တောဦးစီးဌာန၊ မြန်မာ့သစ်လုပ်ငန်းဝန်ထမ်းများကပူးပေါင်းပြီးတော့ ကျေးလက်ပြည်သူများနဲ့အတူ သဘာဝတောများအတွင်း ပြန်လည်မောင်းသွင်းခြင်းနဲ့ လိုအပ်သလိုဖမ်းဆီးထိန်းသိမ်းခြင်းလုပ်ငန်းများကိုဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဆင်နဲ့လူတို့ရဲ့ ပဋိပက္ခများဖြစ်ပွားရမှုဟာ ဘဝရှင်သန်ရပ်တည်နိုင်ရေးအတွက်သဘာဝတောများကို အပြိုင်မှီတင်းနေထိုင်ကြရာမှ ယခုကဲ့သို့ ထိပ်တိုက်တိုးမိခဲ့ကြခြင်းဖြစ်ပါတယ်။ လူတို့က ဆင်များကျက်စားရာ သဘာဝတောများအတွင်း ကျူးကျော်ဝင်ရောက်လုပ်ကိုင်မှုကိုတတ်နိုင်သမျှ ရှောင်ကြဉ်ကြရန်လည်း လိုအပ်ပါတယ်။ ကျေးရွာများကို တောဆင်ရိုင်းများမဝင်ရောက်နိုင်ရန် ကြိုတင်ပြင်ဆင်ကာကွယ်ခြင်း နှင့် ဝင်ရောက်လာပါက သတင်းပေးပို့ခြင်း အလေ့အကျင့်များပြုလုပ်ထားသင့်ပါတယ်။ မိမိတို့ ဝန်ကြီးဌာနအနေနဲ့ တောဆင်ရိုင်းများ ကျေးရွာများသို့ကျူးကျော်ဝင်ရောက် နှောင့်ယှက်ဖျက်ဆီးလာပါက သတင်းရလျှင်ရခြင်း နယ်မြေများသို့ဆင်းပြီးတော့သစ်တောနယ်မြေများအတွင်းကို ပြန်လည်မောင်းသွင်းခြင်းလုပ်ငန်း၊ လိုအပ်ပါက ဖမ်းဆီး၍ဆင်ကောင်ရေလျှော့ချခြင်းလုပ်ငန်းများကို စီမံချက်ချမှတ်ပြီးတော့ စဉ်ဆက်မပြတ်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ကျေးလက်နေပြည်သူများ၏ သောကကင်းကင်းနှင့် လယ်ယာလုပ်ငန်းများလုပ်ကိုင်နိုင်ရေးအတွက်ကိုလည်း ကျွန်တော်တို့ တောဆင်ရိုင်းများအန္တရာယ်မှ ဖော်ပြပါနည်းလမ်းများနှင့်အညီစောင့်ရှောက်ကာကွယ်ထိန်းသိမ်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း လေးစားစွာပြန်လည်ရှင်းလင်းတင်ပြအပ်ပါတယ်ခင်ဗျား။(ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဆက်လက်ကျင်းပမယ့်အစည်းအဝေးမှာ အစီအစဉ် ၁၇ မှာ ဆွေးနွေးဖို့ အမည်စာရင်း ခုနစ်ဦးပေးထားပါတယ်။ အဲဒီ ခုနစ်ဦးအနက်

ကျွန်တော် ဥက္ကဋ္ဌအနေနဲ့ အကြံပြုတင်ပြတိုက်တွန်းချင်ပါတယ်။ ဒီမှာတင်ပြဆွေးနွေးဖို့ မိုင်းပြင်းမဲဆန္ဒနယ် ဒါ ရှမ်းပြည်နယ်က ဖြစ်ပါတယ်။ နောက်တစ်ခါ ခေါင်လန်ဖူးမဲဆန္ဒနယ်၊ ကချင်ပြည်နယ်က ဖြစ်ပါတယ်။ မင်းတပ်မဲဆန္ဒနယ်၊ ချင်းပြည်နယ်က ဖြစ်ပါတယ်။ ရသေ့တောင်မဲဆန္ဒနယ် ၊ရခိုင်ပြည်နယ်ကဖြစ်ပါတယ်။ ဒုတိယစာမျက်နှာ စာမျက်နှာ၄ ကို ကြည့်မယ့်ဆိုရင် တန့်ယန်းမဲဆန္ဒနယ်က ရှမ်းပြည်နယ်က ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ရှမ်းပြည်နယ်က ကိုယ်စားလှယ်နှစ်ယောက်က တစ်ယောက်ပဲ ဆွေးနွေးပေးဖို့ မေတ္တာရပ်ခံချင်ပါတယ်။ အချိန်ကို လေးစားသောအားဖြင့် ထို့နည်းတူစွာပဲ နာဂအထူးဒေသ လေရှီးမဲဆန္ဒနယ်ကတစ်ဦး၊ ခန္တီးမဲဆန္ဒနယ်ကတစ်ဦးဖြစ်တဲ့အတွက် ဒီနှစ်ဦးအနက်တစ်ဦးပဲ ဆွေးနွေးစေလိုပါတယ်။ ဒါကြောင့်မို့လို့ ဒီအစီအစဉ်ရောက်လို့ ဆွေးနွေးတဲ့အခါမှာ သက်ဆိုင်ရာကိုယ်စားလှယ်များ အချင်းချင်းညှိနှိုင်းပြီးတော့ ထပ်နေတဲ့ပြည်နယ်များ၊ ဒေသများတစ်ဦးသာဆွေးနွေးဖို့ ကြိုတင်ပြောကြားလိုပါတယ်။

**ဥက္ကဋ္ဌ**။ ။ဒီကနေ့အတွက် မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်း အစီအစဉ်များပြီးပါပြီ။ ယခု အစည်းအဝေးကို နေ့လယ်စာသုံးဆောင်ရန်အတွက် တစ်နာရီခန့် ရပ်နားပါမယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။အားလုံးထွက်ခွာနိုင်ကြပါပြီခင်ဗျား။

**[အစည်းအဝေးကို ၁ နာရီခန့်ရပ်နားပါသည်။]**

**အခမ်းအနားမှူး**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများခင်ဗျား၊ အစည်းအဝေးပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီ။

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်က အတည်ပြုချက်ဖြင့်ပေးပို့သော ပြည်ထောင်စုလွှတ်တော် ရွေးကောက်ပွဲကော်မရှင်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၆၇၊ နည်းဥပဒေခွဲ(ခ)အရ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာတင်သွင်းရန် ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌအား ဖိတ်ခေါ်ပါတယ်။

**ဦးတီခွန်မြတ်(ဥက္ကဋ္ဌ၊ ဥပဒေကြမ်းကော်မတီ)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး ကိုယ်စိတ် နှလုံးရွှင်လန်းချမ်းမြေ့ပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း ဂါရဝပြုနှုတ်ခွန်းဆက်သ

အပ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကိုပြင်ဆင်သည့်ဥပဒေကြမ်းအပေါ် လေ့လာစိစစ်တွေ့ရှိချက် အစီရင်ခံစာကို ဖတ်ကြားတင်သွင်းသွားမှာဖြစ်ပါတယ်။ အချိန်ကိုလေးစားသောအားဖြင့် အရေးကြီးတဲ့အချက်များကိုပဲ ကျွန်တော်အကုန်ဖတ်သွားမှာဖြစ်ပါတယ်။

အပိုဒ် ၁ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ရုံးက ပေးပို့လာသော ဤပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း ဒါအမျိုးသားလွှတ်တော်တွင် စတင်ဆွေးနွေးခဲ့ပါတယ်။ ၂၉-၈-၂၀၁၁ ရက်နေ့မှာ အဆိုပါဥပဒေကြမ်းအား ပြင်ဆင်ချက်နှင့်အတူ အမျိုးသားလွှတ်တော်က အတည်ပြုခဲ့တာကို လေ့လာတွေ့ရှိရပါတယ်။

အပိုဒ် ၂ ဤသို့ အမျိုးသားလွှတ်တော်မှာ အတည်ပြုပြီးနောက် ပြည်သူ့လွှတ်တော်သို့ပေးပို့လာသဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၃၉(က)ပါ ပြဋ္ဌာန်းချက်နှင့်အညီ သဘောတူကြောင်း သို့မဟုတ် သဘောမတူကြောင်း သို့မဟုတ် ပြင်ဆင်ချက်နဲ့ သဘောတူကြောင်းကို ဆုံးဖြတ်ချက်နှင့်အတူ အမျိုးသားလွှတ်တော်သို့ ပြန်လည်ပေးပို့သွားရမှာ ဖြစ်ပါတယ်။

အပိုဒ် ၃ ထို့သို့ပြန်လည်ပေးပို့နိုင်ရန် ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီသည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ကော်မတီတွင် အသေးစိတ်စိစစ်လေ့လာဆွေးနွေးခဲ့ပါတယ်။ မူလဥပဒေတွင် အခန်းလေးခန်းနဲ့ ပုဒ်မပေါင်း ၁၄ ခု ပါရှိကြောင်းတွေ့ရှိရပါတယ်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းတွင် ပြင်ဆင်မည့် ဥပဒေပုဒ်မရှစ်ခု ရှိသည်ကို တွေ့ရှိရပါသည်။

အပိုဒ် ၄ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီအနေနဲ့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ပေးပို့လာသော ဥပဒေကြမ်းကို အသေးစိတ်စိစစ်လေ့လာရာမှာ အထူးပြင်ဆင်ဖြည့်စွက်သင့်သည့်အချက်ကို မတွေ့ရှိရပါ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ စိစစ်တွေ့ရှိချက်နဲ့ အမျိုးသားလွှတ်တော်၏ အတည်ပြုချက်များအပေါ်တွင်လည်း သဘောတူလက်ခံပါသည်။ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီအနေနဲ့ ပုဒ်မ ၃နှင့် ပုဒ်မ ၆ တွင် တွေ့ရှိသည့်အချက်များကို ဖော်ပြအပ်ပါသည်။ အပိုဒ် ၄(က)၊ ပုဒ်မ ၃ တွင် မူရင်းဥပဒေ၌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ပထမအကြိမ် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲကိုဟူ၍ ဖော်ပြထားသော ပြဋ္ဌာန်းချက်သည် ခေတ်စနစ်နှင့်ညီညွတ်မှုမရှိတော့ပါသဖြင့် နိုင်ငံတော်သမ္မတသည် လွှတ်တော်ရွေးကောက်ပွဲများကိုဟူ၍ ပြင်ဆင်ရခြင်းဖြစ်ပါသည်။ ထို့သို့ ပြင်ဆင်သည့်အပေါ်တွင် အမျိုးသားလွှတ်တော်မှလည်း စကားလုံးအထားအသို ရွေးချယ်ဖော်ပြထားခြင်းဖြစ်ပြီး၊ မူရင်းအဓိပ္ပာယ်ကို ထိခိုက်

စေခြင်းမရှိ၍ သဘောတူအတည်ပြုခဲ့ပါသည်။ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီအနေနဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၉၈၊ ပုဒ်မခွဲ (က) အရလည်းကောင်း၊ ပုဒ်မ ၂၃၂၊ ပုဒ်မခွဲ (က) ပါပြဋ္ဌာန်းချက်များကို ဖော်ပြခြင်းဖြစ်၍လည်းကောင်း၊ စာသားဖြည့်စွက်ရန်မလိုပါ။ မရှိပါ။ အပိုဒ်၄(ခ)၊ ပုဒ်မ ၆၊ ပုဒ်မခွဲ(က)တွင် မူရင်းဥပဒေ၌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ဆိုသည့်စကားရပ်အစား နိုင်ငံတော်သမ္မတသည်ဟု ပြင်ဆင်၍လည်းကောင်း ဤဥပဒေနှင့်အညီ ကော်မရှင်ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်အသစ်ခန့်အပ်တာဝန်ပေးအပ်နိုင်သည်ဟူ၍ ပြင်ဆင်သည့် ဥပဒေကြမ်းပါဖော်ပြချက်များသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၀၁ ပုဒ်မခွဲ(ခ)ပါ ပြဋ္ဌာန်းချက်ဖြစ်၍ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီအနေနဲ့ ပြင်ဆင်ရန်မရှိကြောင်း တွေ့ရှိရပါတယ်။

အပိုဒ်၅(ဂ)၊ ပုဒ်မ၆ ၊ပုဒ်မခွဲ(ခ)တွင် ကော်မရှင်ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်သည် နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် ကော်မရှင်ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်အဖြစ် ခန့်အပ်တာဝန်ပေးအပ်ခြင်းခံရသည့်နေ့မှစ၍ တည်ဆဲဝန်ထမ်းစည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ နိုင်ငံ့ဝန်ထမ်းအဖြစ်မှ အငြိမ်းစားယူပြီးဖြစ်သည်ဟုမှတ်ယူရမည်ဟု ဖြည့်စွက်ပြဋ္ဌာန်းချက်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ(ဂ)ပါ ပြဋ္ဌာန်းချက်ဖြစ်၍ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီအနေနဲ့ ပြင်ဆင်ရန်မရှိပါ။ အပိုဒ်၅ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီသည် ဥပဒေကြမ်းများကို စိစစ်ရာ၌ အခြေခံရမယ့်မူ ၁၂ ချက်ကို အခြေခံပြီးစိစစ်ရပါတယ်။ ထိုသို့ စိစစ်ရာတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းသည် အခြေခံမူ ၁၂ ချက်နဲ့ကိုက်ညီကြောင်းတွေ့ရှိရပါသဖြင့် ဤဥပဒေကိုပြင်ဆင်ရန် အကြောင်းမရှိကြောင်းကို လေးစားစွာဖြင့် အစီရင်ခံတင်ပြအပ်ပါသည်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီဥပဒေကြမ်းနဲ့ ပတ်သက်လို့ ဥပဒေကြမ်း ကော်မတီရဲ့အစီရင်ခံစာမှာ ပြင်ဆင်ချက်မရှိသလို ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များကလည်း ပြင်ဆင်ချက်တစ်စုံတစ်ရာတင်သွင်းခြင်းမရှိကြောင်း တွေ့ရှိရပါတယ်။ ဥပဒေကြမ်းကိုလည်းလွှတ်တော်ကိုယ်စားလှယ်အားလုံးထံ ကြိုတင်ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ ဒါ့ကြောင့် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၉၊ နည်းဥပဒေခွဲ(ဃ)အရ ဥပဒေကြမ်းတစ်ရပ်လုံးကို အတည်ပြုနိုင်ရန် လွှတ်တော်ရဲ့အဆုံးအဖြတ်ကိုရယူပါ့မယ်။ အဆိုမှာ အမျိုးသားလွှတ်တော်မှ အတည်ပြုချက်ဖြင့်ပေးပို့သော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို သဘောတူညီချက်ရယူရန်ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုရွေးကောက်ပွဲ

ကော်မရှင်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းတစ်ရပ်လုံးကို အမျိုးသားလွှတ်တော်က အတည်ပြု ထားသည့်အတိုင်း ပြည်သူ့လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။လွှတ်တော်က သဘောတူတဲ့အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်မှ အတည်ပြုထားသည့်အတိုင်း ပြည်သူ့ လွှတ်တော်က သဘောတူကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်အစည်းအဝေးသတ္တမနေ့က လက်ခံဆွေးနွေးရန် ဆုံးဖြတ်ထားတဲ့ ၂၀၁၁ ခုနှစ်၊ လယ်ယာမြေဥပဒေကြမ်းကို ပြည်သူ့လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၁၅၄၊ နည်းဥပဒေခွဲ(က)အရ သက်ဆိုင်ရာကိုယ်စားလှယ်က တင်သွင်းရန်ဖြစ်ပါ တယ်။ ဟသ်ာတမဲဆန္ဒနယ်မှ ဦးဌေးဦးအား ဖိတ်ခေါ်ပါတယ်။

**ဦးဌေးဦး(ဟသ်ာတမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းတို့နဲ့ပြည့်စုံ ကြပါစေလို့ ဦးစွာဆုတောင်းရင်း ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဟင်္သာတ မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဌေးဦးဖြစ်ပါတယ်။ ကျွန်တော်အနေနဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး သတ္တမနေ့ဖြစ်တဲ့ ၃၀-၈-၂၀၁၁ ရက်နေ့မှာ ၂၀၁၁ ခုနှစ်၊ လယ်ယာမြေဥပဒေမူကြမ်းကို လွှတ်တော်မှာ လက်ခံဆွေးနွေးခွင့်ရရှိရေးအတွက် လွှတ်တော်ကိုတင်ပြခဲ့ပါတယ်။ ယခု လွှတ်တော်ကတင်သွင်းခွင့်ပြုတဲ့အတွက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ တကွ တာဝန်ရှိသူများ ထောက်ခံအားပေးကြသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အားလုံးအား အထူးပဲကျေးဇူးတင်ရှိပါကြောင်းကိုလည်းပဲ ဦးစွာပြောကြားလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ရဲ့ မြန်မာနိုင်ငံဟာ စိုက်ပျိုးနိုင်တဲ့ ရေ၊ မြေ၊ ရာသီဥတုတွေနဲ့ ပြည့်စုံတဲ့နိုင်ငံဖြစ်ပါတယ်။ သဘာဝကပေးအပ်ထားတဲ့ အခြေအနေကောင်းတွေအပြင် နိုင်ငံတော်က စိုက်ပျိုးထုတ်လုပ်မှု ပိုမိုတိုးတက်ကောင်းမွန်အောင် စီမံအကောင်အထည်ဖော်ဆောင်ရွက်ပေးနေမှု တွေကြောင့် လယ်ယာကဏ္ဍဟာ အရှိန်အဟုန်နဲ့ တိုးတက်နေပြီဖြစ်ပါတယ်။ နိုင်ငံတော်လူဦးရေရဲ့ ၇၀ ရာခိုင်နှုန်းဟာ ကျေးလက်ဒေသမှာနေထိုင်ကြပြီး ကျေးလက်နေပြည်သူတွေရဲ့ အဓိကအသက် မွေးဝမ်းကျောင်းလုပ်ငန်းဟာလည်း စိုက်ပျိုးရေးပဲဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ စိုက်ပျိုးထုတ်လုပ်သူ တောင်သူလယ်သမားများနဲ့ ရင်းနှီးခင်မင်မှု၊ နီးစပ်မှုရှိတဲ့အလျောက် တောင်သူလယ်သမားတွေ ကြုံတွေ့နေရတဲ့အခက်အခဲတွေ၊ ပြဿနာတွေနဲ့ လိုလားချက်တွေကို သိရှိခဲ့ရပါတယ်။ ဒါ့ကြောင့်

စိုက်ပျိုးထုတ်လုပ်သူ တောင်သူလယ်သမားများရဲ့အကျိုး၊ နိုင်ငံတော်ရဲ့ လယ်ယာကုန်ထုတ်လုပ်မှု တိုးတက်မြင့်မားရေးနဲ့ ပကတိဖြစ်ပျက်နေမှုတွေအပေါ် နည်းလမ်းတကျ ရှင်းလင်းနိုင်စေရေးအတွက် လယ်ယာမြေဥပဒေမူကြမ်းအား ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့အားလုံးဟာ ကျွန်တော်တို့ ပြည်သူအားလုံးအတည်ပြုခဲ့တဲ့ ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေ ၂၀၀၈ အတိုင်း လိုက်နာကျင့်သုံးကြရမှာဖြစ်ပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈၊ အခန်း(၁)၊ အပိုဒ် ၃၇(က)မှာ နိုင်ငံတော်သည် နိုင်ငံတော်ရှိ မြေအားလုံး၊ မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက်နှင့် လေထုအတွင်းရှိ သယံဇာတပစ္စည်းများ အားလုံး၏ ပင်ရင်းပိုင်ရှင်ဖြစ်သည်ဟု ပြဋ္ဌာန်းပါရှိပါတယ်။ ဒီပြဋ္ဌာန်းချက်ဟာ ကျွန်တော်တို့ တိကျစွာ လိုက်နာကြရမယ့် အရေးပါတဲ့အချက်ဖြစ်ပါတယ်။ ဒါ့ကြောင့် ကျွန်တော်တင်ပြတဲ့ လယ်ယာမြေဥပဒေ မူကြမ်းဟာ တောင်သူလယ်သမားများ လုပ်ပိုင်ခွင့်ရရှိထားတဲ့ လယ်မြေတွေကို ပိုင်ဆိုင်ခွင့်ရရှိစေဖို့ တင်ပြထားခြင်းမဟုတ်ကြောင်း ဦးစွာရှင်းလင်းတင်ပြလိုပါတယ်။ ၁၉၅၃ ခုနှစ်၊ လယ်ယာမြေ နိုင်ငံပိုင်ပြုလုပ်ရေးအက်ဥပဒေ၊ ၁၉၆၃ ခုနှစ်၊ သီးစားချထားရေးဥပဒေတွေမှာ တောင်သူလယ်သမား များ၏လုပ်ပိုင်ခွင့်ကို တည်ဆဲမြေယာဥပဒေတွေအရ လုပ်ကိုင်နေသရွေ့ ဆက်လက်လုပ်ကိုင်ခွင့်ပြု သည်ဟုပါရှိပါတယ်။ ရောင်းချခြင်း၊ လွှဲပြောင်းခြင်း၊ ပေးကမ်းခြင်းတွေကိုတော့ ခွင့်ပြုထားတာမရှိ ပါဘူး။ လက်ရှိလက်ငုတ်တောင်သူလယ်သမားတွေနှင့်အတူ ပူးတွဲလုပ်ကိုင်လျက်ရှိသော မိသားစုဝင် တွေကိုတော့ ပူးတွဲလက်ငုတ်အဖြစ် ဆက်လက်လုပ်ကိုင်ခွင့်၊ အမွေဆက်ခံခွင့်ပြုထားကြောင်း တွေ့ရှိ ရပါတယ်။ ဒီလိုပြဋ္ဌာန်းရခြင်းမှာလည်း ငွေရှင်၊ ကြေးရှင်တွေက အကြွေးဖြင့်သိမ်းခြင်း၊ ဆွဲဆောင်ခြင်း၊ အကြပ်ကိုင်ခြင်းစတဲ့ နည်းလမ်းမျိုးစုံနဲ့ လယ်ယာမြေတွေကို သိမ်းယူခြင်းမပြုနိုင်စေရန်နဲ့ တောင်သူ လယ်သမားတွေ လယ်မဲ့ယာမဲ့ဘဝကို မကျရောက်စေရန် ကာကွယ်တာဆီးပေးခြင်း ဖြစ်ပါတယ်။ ဒါပေမယ့် ပကတိအခြေအနေမှာ တောင်သူလယ်သမားတွေ မူလလုပ်ပိုင်ခွင့်ရထားသော လယ်မြေ တွေဟာကာလကြာမြင့်လာတာနဲ့အမျှ အဆင့်ဆင့်အပြီးအပိုင် လွှဲပြောင်းမှုတွေ၊ အပြီးအပြတ် ရောင်းချမှုတွေ၊ ဓလေ့ထုံးတမ်းအရ အမွေဆက်ခံမှုတွေရှိနေကြပြီး မပြီးပြတ်နိုင်သေးတဲ့အငြင်းပွား မှုတွေလည်း ရှိနေတယ်ဆိုတာကို တွေ့ရှိရပါတယ်။ တောင်သူလယ်သမားတွေအနေနဲ့ ရင်းနှီးမတည်ငွေ လိုအပ်ချိန်မှာ လုပ်ပိုင်ခွင့်ရရှိထားမှုကို အကြောင်းပြုပြီး တရားဝင်ငွေကြေးရရှိဖို့အတွက် တရားဝင် ဆောင်ရွက်နိုင်ခြင်းမရှိတဲ့အတွက် နားလည်မှုတွေနဲ့ ဆောင်ရွက်ရာကနေပြီး လက်လွတ်ဆုံးရှုံးရမှုတွေ လည်းဖြစ်ပွားနေတယ်ဆိုတာကို သိရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒေသတွင်းနိုင်ငံတွေဖြစ်တဲ့ ဗီယက်နိုင်ငံမှာ ၁၉၉၃ ခုနှစ်၊ မြေယာဥပဒေသစ်ကို ပြဋ္ဌာန်းခဲ့ပါတယ်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှာလည်း ၂၀၀၃ ခုနှစ်၊ မတ်လ ၁ ရက်နေ့မှာ ကျေးလက်ဒေသမြေကန်ထရိုက်ချထားတဲ့ ဥပဒေကိုလည်း ပြဋ္ဌာန်းပေးခဲ့ပါတယ်။ မြေအားလုံးဟာ နိုင်ငံတော်က ပိုင်ဆိုင်တဲ့အတွက် လယ်ယာမြေတွေကို တောင်သူလယ်သမားတွေကို ပိုင်ဆိုင်ခွင့်ပေးခြင်းမရှိပေမယ့် ရရှိထားတဲ့လုပ်ပိုင်ခွင့်တွေကို သတ်မှတ်ထားတဲ့ဥပဒေနှင့်အညီ လွှဲပြောင်းခြင်း၊ လဲလှယ်ခြင်း၊ ငှားရမ်းခြင်း၊ အမွေဆက်ခံခြင်းတွေကို ခွင့်ပြုခဲ့ပါတယ်။ လာအိုနိုင်ငံမှာလည်း မြေယာအသုံးချခွင့်ရရှိတဲ့သူတွေဟာ မိမိတို့ရဲ့ လုပ်ပိုင်ခွင့်၊ အမွေဆက်ခံခွင့်တို့ကို သတ်မှတ်ချက်နှင့်အညီ လွှဲပြောင်းပေးနိုင်တယ်လို့ လေ့လာတွေ့ရှိရပါတယ်။ မြန်မာနိုင်ငံမှာလည်း ပကတိဖြစ်ပေါ်ကြုံတွေ့နေရတဲ့ အခြေအနေတွေအရ နိုင်ငံတော်ရဲ့ လယ်ယာကဏ္ဍပိုမိုတိုးတက်စေဖို့ တောင်သူလယ်သမားတွေရဲ့ လူမှုစီးပွားရေးဘဝ ပိုမိုတိုးတက် မြင့်မားလာစေဖို့ ကြုံတွေ့နေကြရတဲ့ ဆုံးဖြတ်ရန် ဝိဝါဒကွဲပြားနေတဲ့ မြေယာပြဿနာတွေကို ထိရောက်စွာဖြေရှင်းနိုင်ဖို့အတွက် တောင်သူလယ်သမား လုပ်ပိုင်ခွင့်ရရှိထားသောလယ်ယာမြေတွေကို ပိုင်ဆိုင်ခွင့်မပေးသင့်သော်လည်းပဲ လုပ်ပိုင်ခွင့်ကို လွှဲပြောင်းခွင့်၊ ရောင်းချခွင့်၊ ပေးကမ်းခွင့်၊ အမွေဆက်ခံခွင့်တွေကို ဥပဒေစည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ တရားဝင်ဆောင်ရွက်နိုင်ရန် လယ်ယာမြေဥပဒေမူကြမ်းအား လိုအပ်သလိုပြင်ဆင်အတည်ပြု ဆောင်ရွက်နိုင်ဖို့ ကျွန်တော့်အနေနဲ့တင်ပြခြင်းဖြစ်ပါတယ်။ မူလရရှိထားတဲ့ လုပ်ပိုင်ခွင့်အား လွှဲပြောင်းခြင်း၊ ပေးကမ်းခြင်း၊ အမွေဆက်ခံခြင်းဖြစ်တဲ့အတွက် ဆက်ခံတဲ့လူအနေနဲ့လည်း မူလလုပ်ပိုင်ခွင့်ရရှိထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်ရမှာဖြစ်ပါတယ်။ တခြားနည်းအားဖြင့်သုံးစွဲ၍ မရကြောင်းကိုလည်းပဲ ရှင်းလင်းတင်ပြလိုပါတယ်။ ကျွန်တော်တင်ပြတဲ့ လယ်ယာမြေဥပဒေမူကြမ်းမှာ အခန်း၁၃ခန်း၊ အပိုဒ်၃၂ပိုဒ် ပါရှိပါတယ်။ ပိုင်ဆိုင်ခွင့်ကို လွှဲပြောင်းခွင့်၊ ရောင်းချခွင့်၊ ပေးကမ်းခွင့်၊ အမွေဆက်ခံခွင့် တရားဝင်ဆောင်ရွက်နိုင်စေဖို့ အဓိကရည်ရွယ်ပြီး တင်ပြတာဖြစ်ပါတယ်။ အခန်း(၃)ဖြစ်တဲ့ အသုံးချခွင့်ပြုတဲ့ လယ်ယာမြေနဲ့ ပတ်သက်တဲ့အခွင့်အရေးတွေ စာပိုဒ် အပိုဒ်ခွဲ(ခ)မှာ အဆိုပါလယ်ယာမြေကို အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ၊ လုပ်ပိုင်ခွင့်အား အငှားချထားခြင်း၊ လဲလှယ်ခြင်း၊ ပေါင်နှံခြင်း၊ လွှဲပြောင်းခြင်း၊ အမွေဆက်ခံခြင်းလို့ဖော်ပြမှသာ ပိုမိုရှင်းလင်းနိုင်မှာဖြစ်ပါတယ်။ ဒီနေရာမှာ လုပ်ပိုင်ခွင့်တစ်ခု ကျွန်တော်ထည့်ချင်တဲ့သဘောဖြစ်ပါတယ်။ မှတ်ချက်မှာလည်း ပေါင်နှံခြင်းဆိုတဲ့နေရာမှာ လယ်ယာစိုက်ပျိုးထုတ်လုပ်မှုအတွက် အရင်းအနှီးအလို့ငှာ အစိုးရဘဏ် သို့မဟုတ် အစိုးရအသိအမှတ်ပြုဘဏ်မှာ ပေါင်နှံခြင်းကို ဆိုလိုပါသည်ဟု ဖော်ပြထားခြင်းအစား အစိုးရဘဏ်သို့မဟုတ် အစိုးရအသိအမှတ်ပြုဘဏ်သို့မဟုတ် ပုဂ္ဂိုလ်အဖွဲ့အစည်းတစ်ခုခုထံ တရားဝင်ပေါင်နှံခြင်းဟုဖြည့်စွက်မှသာ လက်ရှိ

ဖြစ်ပေါ်နေတဲ့ အခြေအနေနဲ့ ကိုက်ညီမှုရှိပါမယ်။ လုပ်ပိုင်ခွင့်အား အငှားချထားခြင်း၊ လဲလှယ်ခြင်း၊ ပေါင်နှံခြင်း၊ အမွေဆက်ခံခြင်းတို့ ပြုလုပ်ရာတွင် လုပ်ပိုင်ခွင့်ရှိသူရဲ့ ဆန္ဒသဘော တူညီချက်မပါတဲ့ ဆောင်ရွက်မှုများ မဖြစ်စေရဆိုတဲ့အချက်တစ်ချက်ကို လည်း တောင်သူလယ်သမားများ အကျိုးအတွက် ဖြည့်စွက်လိုပါတယ်။ လုပ်ပိုင်ခွင့်အား အငှားချထားခြင်း၊ လဲလှယ်ခြင်း၊ ပေါင်နှံခြင်း၊ အမွေဆက်ခံခြင်းတို့ ပြုလုပ်ရာတွင်လည်း သတ်မှတ်ချက်အတိုင်းဖြစ်ရန် လိုကြောင်းကိုလည်းပဲ ဖြည့်စွက်လိုပါတယ်။ တင်ပြထားတဲ့လယ်ယာမြေဥပဒေမူကြမ်းဟာ ၁၉၅၃ ခုနှစ်၊ လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေး အက်ဥပဒေ အတွက်သာ ဆောင်ရွက်ထားခြင်းဖြစ်ပါတယ်။ ဒါကြောင့် အခန်း(၁၃)၊ အပိုဒ်၃၂မှာ ဖော်ပြထားတဲ့ ၁၉၆၃ ခုနှစ်၊ တောင်သူလယ်သမားအခွင့်အရေးကာကွယ်တဲ့ဥပဒေနဲ့ ၁၉၆၅ ခုနှစ်၊ သီးစားချထားရေးဥပဒေကို ပြင်ဆင်တဲ့ဥပဒေအနေနဲ့ သက်ဆိုင်ခြင်းမရှိပါဘူး။ ဒါကြောင့် ဒီစာပိုဒ်မှာဖော်ပြထားတဲ့ ၁၉၆၃ ခုနှစ်၊ သီးစားချထားရေးဥပဒေ၊ ၁၉၆၃ ခုနှစ်၊ တောင်သူလယ်သမားအခွင့်အရေးကာကွယ်တဲ့ဥပဒေနဲ့ ၁၉၆၅ ခုနှစ်၊ သီးစားချထားရေးဥပဒေကို ပြင်ဆင်တဲ့ဥပဒေစာသားတွေကိုလည်း ပယ်ဖျက်ပေးဖို့ တစ်ပါတည်းတင်ပြလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်အစည်းအဝေးကို တက်ရောက်လာကြတဲ့ ကိုယ်စားလှယ်တော်ကြီးတွေထဲမှာ ကိုယ်တိုင်လယ်ယာလုပ်ငန်းကို လုပ်ကိုင်နေကြသူတွေ၊ တောင်သူလယ်သမားများရဲ့ ပကတိအခြေအနေတွေကို နားလည်စာနာမှုရှိသူတွေ ပါရှိကြပါတယ်။ ယခု ကျွန်တော်ရှင်းလင်း တင်ပြထားတဲ့ လယ်ယာမြေဥပဒေမူကြမ်းကို တောင်သူလယ်သမားအများစု ရင်ဆိုင်ကြုံတွေ့နေကြရတဲ့ ပကတိအခြေအနေတွေအပေါ်အခြေပြုစဉ်းစားသုံးသပ်ပြီး ပြုစုတင်ပြထားခြင်းဖြစ်တဲ့အတွက် လွှတ်တော်က ဆွေးနွေးခွင့်ပြုတဲ့အချိန်မှာ တောင်သူလယ်သမားများရဲ့အကျိုးအတွက် ဝိုင်းဝန်းဝေဖန်အကြံပြုဆွေးနွေးနိုင်ကြမယ်လို့လည်းပဲ ကျွန်တော့်အနေနဲ့ ယုံကြည်ပါတယ်။ ဆွေးနွေးဆုံးဖြတ်ချက်များအပေါ် မူတည်ပြီး လိုအပ်တဲ့နည်းဥပဒေနဲ့ အခြားပြင်ဆင်ရန်လိုအပ်တဲ့ ဥပဒေ၊ နည်းဥပဒေတွေကိုလည်း ဆက်လက်ဆောင်ရွက်နိုင်မယ်လို့ ကျွန်တော့်အနေနဲ့ ယုံကြည်ပါကြောင်း တင်ပြရင်းရင်းနိဂုံးချုပ်အပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၄၊ နည်းဥပဒေခွဲ(ခ)အရ ၂၀၁၁ ခုနှစ်၊ လယ်ယာမြေဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးစောလှထွန်း(အတွင်းရေးမှူး၊ဥပဒေကြမ်းကော်မတီ)**။ ။ချစ်ခင်လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားသူများ၊ ဧည့်သည်

တော်များနဲ့ကြွရောက်လာသော ပုဂ္ဂိုလ်အပေါင်းတို့ ကျန်းမာချမ်းသာကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ချောင်းဦးမြို့နယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ဥပဒေကြမ်းကော်မတီ၊ အတွင်းရေးမှူး ဦးစောလှထွန်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဥပဒေကြမ်းကော်မတီရဲ့ကိုယ်စား ၂၀၁၁ ခုနှစ်၊ လယ်ယာမြေဥပဒေမူကြမ်းအား စိစစ်တွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာကိုတင်ပြပါမယ်။ ပြည်ထောင်စုလွှတ်တော်က ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၈၀၊ နည်းဥပဒေခွဲ (က)အရ ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးဆောင်ရွက်နိုင်ရန် ၂၆-၈-၂၀၁၁ ရက်စွဲပါစာအမှတ်၊ ၈၄ ဖြင့်ပေးပို့လာတဲ့ ၂၀၁၁ ခုနှစ်၊ လယ်ယာမြေဥပဒေမူကြမ်းကို ရည်ညွှန်းပါတယ်။ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီဟာ ၂၀၁၁ ခုနှစ်၊ လယ်ယာမြေဥပဒေမူကြမ်းအား ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၄ နှင့်အညီစိစစ်ခြင်း လုပ်ငန်းများကိုဆောင်ရွက်ခဲ့ပြီး နည်းဥပဒေ ၄၅ နှင့်အညီ အစီရင်ခံစာကို တင်ပြနိုင်ရန် ၂၀၁၁ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်နေ့မှ စတင်၍ဆောင်ရွက်ခဲ့ကြပါတယ်။ ဥပဒေကြမ်းကိုတင်သွင်းသူ ဦးဒွေးဦး၊ ဟသ်ာတမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်မှ ဥပဒေကြမ်း တင်သွင်းရခြင်း၏ ရည်ရွယ်ချက်ကို ဖော်ပြထားပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၇ (က) တွင်နိုင်ငံတော်ရှိ မြေအားလုံး၊ မြေပေါ်မြေအောက် ရေပေါ်ရေအောက်နှင့် လေထုအတွင်းရှိ သယံဇာတပစ္စည်းအားလုံး၏ ပင်ရင်းပိုင်ရှင်ဖြစ်သည်ကို ရည်ညွှန်းထားပါတယ်။ ပကတိဖြစ်ပေါ်ကြုံတွေ့နေရသော အနေအထားများအရ နိုင်ငံတော်နှင့် တောင်သူလယ်သမားများ စိုက်ပျိုးထုတ်လုပ်သူများ၏ အကျိုးစီးပွားပိုမိုဖြစ်ထွန်းမှုရှိစေရန်နှင့် ကြုံတွေ့နေရသောမြေယာပြဿနာများအား ထိရောက်စွာ ဖြေရှင်းနိုင်ရန်အတွက် တောင်သူလယ်သမားများ လုပ်ကိုင်ခွင့်ရရှိထားတဲ့ လယ်ယာမြေအား ပိုင်ဆိုင်ခွင့်မပြုသင့်သော်လည်း လုပ်ပိုင်ခွင့်အား လွှဲပြောင်းခွင့်၊ ရောင်းချခွင့်၊ ပေးကမ်းခွင့်၊ အမွေဆက်ခံခွင့်များကို ဥပဒေစည်းမျဉ်းစည်းကမ်းများနှင့်အညီ တရားဝင်ဆောင်ရွက်နိုင်ရန် တင်ပြခြင်းဖြစ်ကြောင်း ဖော်ပြထားပါတယ်။ ၂၀၁၁ ခုနှစ်၊ လယ်ယာမြေဥပဒေမူကြမ်းတွင် အခန်း ၁၃ ခန်းပါရှိပါတယ်။ ထို့သို့ အခန်းလိုက်ပြုစုဖော်ပြထားတဲ့ ဥပဒေကြမ်းအား အခန်းအလိုက်စိစစ်တွေ့ရှိချက်များကို တင်ပြလိုပါတယ်။ ၂၀၁၁ ခုနှစ်၊ လယ်ယာမြေဥပဒေမူကြမ်းတွင်ပါရှိသည့် အခန်း ၁၃ ခန်းအနက် အခန်း(၁)၊ အခန်း(၃)နဲ့ အခန်း(၈) တို့သာလျှင် ပြင်ဆင်ရန်အချက်များကို စိစစ်တွေ့ရှိရပါတယ်။ အခန်း(၁)လယ်ယာမြေ အဓိပ္ပာယ်ဖွင့်ဆိုချက်တွင် မြေနုကျွန်းဟူသော ဝေါဟာရနှင့် သတ်မှတ်ထားသည့်မြေများဆိုတဲ့ စာသားဟာ တစ်ဆက်တည်းဖြစ်သင့်သည်ဟု အကြံပြုထားပါတယ်။ သို့မှသာ နှစ်စဉ်သတ်မှတ်ပေးရန် ဖြစ်ကြောင်း ပေါ်လွင်မှာဖြစ်ပါတယ်။ ထို့ကြောင့် မြေနုကျွန်းဟူသော ဝေါဟာရကို မြေနုကျွန်းဟု သတ်မှတ်သည့်

မြေများဟု ပြင်ဆင်သင့်ကြောင်း စိစစ်တွေ့ရှိရပါတယ်။ အခန်း(၃)တွင် လုပ်ပိုင်ခွင့်ဆိုသော စကားရပ်ကို ဖြည့်စွက်ထားပါတယ်။ ထို့ကြောင့် အခန်း(၃) အသုံးချခွင့်ပြုသည့် လယ်ယာမြေများနှင့်ပတ်သက်သည့် စည်းကမ်းချက်များမှာ ပုဒ်မ ၄(ခ) အဆိုပါလယ်ယာမြေကို အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ လုပ်ပိုင်ခွင့်အား အငှားချထားခြင်း၊ လဲလှယ်ခြင်း၊ ပေါင်နှံခြင်း( မှတ်ချက်-ပေါင်နှံခြင်း ဆိုသည်မှာ လယ်ယာမြေစိုက်ပျိုးရေးထုတ်လုပ်မှုအတွက် အရင်းအနှီးအလို့ငှာ အစိုးရဘဏ်သို့မဟုတ် အစိုးရ အသိအမှတ်ပြုဘဏ် သို့မဟုတ် ပုဂ္ဂိုလ်အဖွဲ့အစည်းတစ်ခုခုထံ တရားဝင်ပေါင်နှံခြင်းကို ဆိုသည်။) ပုဒ်မ ၄ (ဂ)လုပ်ပိုင်ခွင့်အား အငှားချထားခြင်း၊ လဲလှယ်ခြင်း၊ ပေါင်နှံခြင်းတို့ပြုလုပ်ရာတွင် လုပ်ပိုင်ခွင့်ရှိသူ၏ ဆန္ဒသဘောတူညီချက်မပါသော ဆောင်ရွက်မှုများမဖြစ်စေရ။ ပုဒ်မ ၄(ဃ) လုပ်ပိုင်ခွင့်အား အငှားချထားခြင်း၊ လဲလှယ်ခြင်း၊ ပေါင်နှံခြင်းတို့သည် သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ ဖြစ်ရမည်ဟူသော အချက်များသည် ဒီဥပဒေကို အကောင်အထည်ဖော်ရာတွင် ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက်လည်းကောင်း၊ တောင်သူများရဲ့အကျိုးကို ကာကွယ်သည့်အနေဖြင့်လည်းကောင်း အကြံပြုဖြည့်စွက်ထားခြင်းဖြစ်ကြောင်း တင်ပြလိုပါတယ်။ ဒီနေရာမှာ ပြင်ဆင်ချက်အနေနဲ့ မဟုတ်ဘဲ ထည့်သွင်းတင်ပြလိုတာကတော့ အခန်း(၅)လယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့များဖွဲ့စည်းခြင်းဆိုတဲ့ အခန်းအတွက် ၃၁-၈-၂၀၁၁ ရက်နေ့က ကျင်းပခဲ့တဲ့ လွှတ်တော်အစည်းအဝေးမှာ ထီးချိုင့်မဲဆန္ဒနယ်က ဦးစိုးစိုးတင်ပြသွားတဲ့ မြေယာမှုခင်းများကို စစ်ဆေးဆုံးဖြတ်ရာတွင် စကားရပ်များ အစားထိုးခြင်း ဥပဒေအရတစ်ဦးတည်းကို အခွင့်အာဏာပေးခြင်းထက် ကော်မတီပုံသဏ္ဍာန်ဖြင့် ဆောင်ရွက်သင့်ကြောင်း အဆိုတစ်ရပ်ကို တင်ပြခဲ့ပါတယ်။ ဒီအဆိုမှာ တင်ပြလိုတဲ့၊ ဖြစ်စေလိုတဲ့ အဆိုမှာပါတဲ့အချက်များဟာ ဦးဌေးဦးတင်သွင်းသွားတဲ့ လယ်ယာမြေဥပဒေကြမ်းမှာတွေ့ရှိရကြောင်း ကြားဖြတ်အနေနဲ့ ဖြည့်စွက်တင်ပြလိုပါတယ်။ ဆက်လက်ပြီး အခန်း(၈)တွင် အယူခံခြင်းနှင့် ပြင်ဆင်ခြင်းများ အခန်းခေါင်းစဥ်အနက် ပြန်လည်ပြင်ဆင်ခြင်းသည် တရားရုံးတွင်သာ သုံးစွဲသည့်စကားရပ်အသုံးအနှုန်းဖြစ်သဖြင့် အခန်းခေါင်းစဉ်ကို အယူခံခြင်းဟု ပြင်ဆင်ပေးပါရန် ဖြစ်ပါတယ်။ အလားတူ အခန်း(၈)၊ပုဒ်မ ၂၀(က)နှင့် ပုဒ်မ ၂၁ တို့တွင် အမိန့်၊ စီရင်ချက်ဆိုတဲ့စကားရပ်ကို ဆုံးဖြတ်ချက်ဟုသာ သုံးစွဲသင့်ပါတယ်။ အကြံပြုအပ်ပါတယ်။ သို့မှသာ လယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့အဆင့်ဆင့်သည် စီမံခန့်ခွဲခြင်းနည်းလမ်းဖြင့် ဆုံဖြတ်ခြင်းဖြစ်ပြီး တရားရုံး၏ စီမံပိုင်ခွင့်များနှင့် ရောထွေးခြင်းမရှိဘဲ တရားစီရင်ရေးအာဏာနှင့် အုပ်ချုပ်ရေးစီမံခန့်ခွဲမှုအာဏာတို့ ခွဲခြားကျင့်သုံးကြောင်း ပေါ်လွင်ထင်ရှားမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီသည် ပြည်သူ့လွှတ်တော်သို့ ရောက်ရှိပေးပို့လာသော ဥပဒေကြမ်းများကို စိစစ်ရာတွင် အချက် ၁၂ ချက်နှင့် ကိုက်ညီမှု ရှိ၊ မရှိကို စိစစ် ရန်ဖြစ်သော်လည်း နိုင်ငံတော်နှင့်

အများပြည်သူတို့အတွက် အကျိုးရှိသော ဥပဒေကြမ်းများ ပေါ်ထွက်လာရေးသည် အဓိကဖြစ်သည်ဟု ခံယူပါတယ်။ ဒါကြောင့် စိစစ်ရန် တာဝန်ပေးခြင်းခံရတဲ့ ဥပဒေများအား စိစစ်ရာတွင် အကြံပြုချက်များကိုပါ တစ်ပါတည်းဖြည့်စွက် ပြုစုဆောင်ရွက်ခဲ့ပါတယ်။ ကော်မတီ၏ဆောင်ရွက်ချက်များမှာ စိစစ်တွေ့ရှိချက်ကို ဖော်ပြရာ၌ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် စိစစ်ခြင်းဖြစ်ရာ ရောက်ရှိလာသော ဥပဒေကြမ်းများကို တိတိကျကျစစ်ဆေးဆောင်ရွက်ကြရပါတယ်။ ရည်ရွယ်ချက်ကောင်းမွန်စွာပြုစုထားကြသော ဥပဒေကြမ်းများဖြစ်သော်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မကိုက်ညီပါက ဥပဒေကြမ်းကော်မတီအနေနဲ့ ရှင်းလင်းမြင်သာစေရန် ထောက်ပြရခြင်းသာ ဖြစ်ပါတယ်။

တစ်နည်းအားဖြင့်ပြောရရင် လွှတ်တော်၏ ဂုဏ်သိက္ခာကို ထိန်းသိမ်းခြင်း၊ အခြေခံဥပဒေကို လိုက်နာစောင့်ထိန်းခြင်း ဖြစ်ပါတယ်။ ပြည်သူအတွက် အကျိုးရှိစေမယ့် ဥပဒေကြမ်းများ ပေါ်ထွက်လာစေရေးအတွက် ကော်မတီအနေနဲ့ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သင့်သည်ဟု ယူဆမိသော်လည်း ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေများ ပုဒ်မ ၄၆ မှာ ကော်မတီ၏ ဆွေးနွေးချက်များကို မှတ်တမ်းတင်ထားရမည်။ ယင်းမှတ်တမ်းများကို ဖြန့်ဝေခြင်းမပြုရ။ ကော်မတီအစည်းအဝေးတွင် ကော်မတီဝင်တစ်ဦး ပြောဆိုသော သို့မဟုတ် ပြုလုပ်သောကိစ္စကိုသော်လည်းကောင်း၊ ကော်မတီတွင်ဆွေးနွေးသော ဆွေးနွေးချက်များကိုသော်လည်းကောင်း ပြင်ပသို့ ပေါက်ကြားခြင်းမရှိစေရဟု ပြဋ္ဌာန်းထားပါတယ်။ ဒါကြောင့် ဥပဒေကြမ်းကော်မတီ၏ လုပ်ဆောင်ချက်များ အပေါ်မှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများမှ နားလည်နိုင်ကြဖို့ အသိပေးတင်ပြလိုခြင်းဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီသည် ၂၀၁၁ ခုနှစ်၊ လယ်ယာမြေဥပဒေမူကြမ်းကို အချက် ၁၂ ချက်ဖြင့် အခြေခံထား စိစစ်ခဲ့ရာတွင်လည်း အချက် ၁၂ ချက်စလုံးနဲ့ ကိုက်ညီမှုရှိကြောင်း တွေ့ရှိရပါတယ်။ အချိန်ကိုလေးစားသောအားဖြင့် အချက် ၁၂ ချက်ကို တစ်ချက်ချင်း ဖတ်ကြားခြင်း မပြုတော့ပါဘူး။ သို့ပါ၍ ၂၀၁၁ ခုနှစ်၊ လယ်ယာမြေဥပဒေမူကြမ်းအား ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီမှ အကြံပြုချက်၊ ပြင်ဆင်ချက်၊ ဖြည့်စွက်ချက်များ ထည့်သွင်းလျက် စိစစ်တွေ့ရှိချက်ကို တင်ပြရင်း ကျွန်တော့်အနေနဲ့ နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးဌေးဦးတင်သွင်းတဲ့ ၂၀၁၁ ခုနှစ်၊ လယ်ယာမြေဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးမည့်ရက်ကို ထပ်မံကြေညာပါ့မယ်။ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၅၊ ၁၅၇ တို့နှင့်အညီ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးလိုသူများသည် ပြင်ဆင်လိုသည့်အပိုဒ်၊ အပိုဒ်ခွဲအကြောင်းအရာ၊ စာသားတို့ကို

တိတိကျကျဖော်ပြ၍ ၉-၉-၂၀၁၁ ရက် (သောကြာနေ့)မှာ နောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာပါတယ်။(ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ၁၂ ရက်မြောက်နေ့မှာ တင်သွင်းခဲ့တဲ့ နိုင်ငံတကာအဆင့်မီ အလုပ်သမားအခွင့်အရေးဆိုင်ရာ ဥပဒေသစ်တစ်ရပ် မူကြမ်းရေးဆွဲ ပြုစုပြီး ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေးသို့ တင်သွင်းဆွေးနွေးနိုင်ရေး လိုအပ်သော အစီအစဉ်များ ပြုလုပ်ပေးပါရန် အဆိုနဲ့စပ်လျဉ်းပြီး ဆွေးနွေးလိုကြောင်း လွှတ်တော် ကိုယ်စားလှယ် သုံးဦးက အမည်စာရင်းတင်သွင်းထားပါတယ်။ ပထမဦးစွာ ညောင်ရွှေမဲဆန္ဒနယ်မှ ဦးဝင်းဆွေအား ဆွေးနွေးရန်ဖိတ်ခေါ်ပါတယ်။

**ဦးဝင်းဆွေ (ညောင်ရွှေမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ တကွပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များကို မင်္ဂလာအပေါင်း နဲ့ ခညောင်းကြပါစေလို့ ပထမဦးစွာ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်တောင်ပိုင်း၊ ညောင်ရွှေမြို့နယ်၊ အင်းလေးဒေသမှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဆွေဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ပထမအကြိမ် ဒုတိယ ပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့မှာ ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမဲဆန္ဒနယ်မှ ဦးသိန်းညွန့် တင်သွင်းထားတဲ့ နိုင်ငံတကာအဆင့်မီ အလုပ်သမားအခွင့်အရေး နဲ့ဆိုင်ရာ ဥပဒေသစ်တစ်ရပ်မူကြမ်း ရေးဆွဲပြုစုပြီး လိုအပ်သောအစီအစဉ်များ ပြုလုပ်ပေးပါရန်အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်အား ရိုသေလေးစားစွာ ဖတ်ကြားတင်သွင်း ခွင့်ပြုပါရန် ခွင့်ပန်ကြားအပ်ပါတယ်။ အဆိုရှင်တင်ပြသွားသလို ၁၉၆၄ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥပဒေအမှတ် (၆)အရ ထုတ်ပြန်ခဲ့တဲ့ ၁၉၆၄ ခုနှစ်၊ ပြည်သူ့အလုပ်သမားများ၏ အခြေခံရပိုင်ခွင့်နှင့် တာဝန်များပြဋ္ဌာန်းသည့်ဥပဒေဟာ ဆိုရှယ်လစ်ခေတ်တစ်ခေတ်လုံး အသက်ဝင် လှုပ်ရှားခဲ့ပေမယ့် ၁၉၈၈ ခုနှစ်၊ နောက်ပိုင်းမှာတော့ အဲဒီဥပဒေဟာ သက်ဝင်လှုပ်ရှားခြင်း မရှိတော့ဘဲ ရပ်တန့်နေတဲ့ သဘောသက်ရောက်နေခဲ့ကြောင်း လေ့လာသိရှိခဲ့ရ ပါတယ်။ ၁၉၈၈ ခုနှစ်၊ နောက်ပိုင်း ကာလတွေမှာ အလုပ်သမားတွေအဖို့ အားလပ်ချိန်ရပိုင်ခွင့်၊ ပညာသင်ပိုင်ခွင့်၊ မီးဖွားတဲ့အခါ ရပိုင်ခွင့်၊ နာမကျန်းဖြစ်တဲ့အခါ လုံခြုံမှုရပိုင်ခွင့်၊ အလုပ်ခွင်တွင် ထိခိုက်ဒဏ်ရာရရှိမှုအတွက် လျော်ကြေး ရပိုင်ခွင့်၊ အိုမင်းမစွမ်းသည့်အခါ လုံခြုံမှုရပိုင်ခွင့်၊ လုပ်အားအတတ်ပညာနှင့်လျော်ညီစွာ မျှတသော လုပ်ခရပိုင်ခွင့်၊ နေထိုင်စားသောက်မှုအဆင့်အတန်း မှန်မှန်တိုးတက်ရပိုင်ခွင့်စတဲ့ အလုပ်သမား ရပိုင်ခွင့်တွေနဲ့ ပတ်သက်လာရင် အခုနောက်ပိုင်း အလုပ်သမားတွေအဖို့ နားလည်သဘောပေါက်ခြင်း

မရှိသလို ပုဂ္ဂလိကအလုပ်ရှင်တွေအနေနဲ့လည်း မိမိတို့ရဲ့ အလုပ်သမားတွေအပေါ် မသိကျိုးကျွံပြုပြီးနေခဲ့ကြတဲ့ ဖြစ်ရပ်တွေဟာလည်း မမြင်ချင်၊ မကြားချင်တဲ့ အဆုံးဖြစ်ပါတယ်။ စက်ရုံ၊ အလုပ်ရုံပေါများတဲ့ မြို့ကြီးပြကြီးတွေကိုအသာထား ကျွန်တော်တို့ အင်းလေးဒေသမှာရှိတဲ့ အလုပ်သမားအချို့ဟာဆိုရင် မူလရတဲ့လုပ်ခနဲ့ နောက် လေး၊ ငါးနှစ်ကြာပြီး မှ ရတဲ့လုပ်ခတွေဟာ အတူတူဖြစ်နေတာတွေ၊ ဒါ့အပြင် နေထိုင်မကောင်းလို့ဖြစ်ဖြစ်၊ မီးဖွားတဲ့အခါမျိုးမှာပဲဖြစ်ဖြစ် အလုပ်သမားတစ်ယောက်ရဲ့ရပိုင်ခွင့်တွေကို အလုပ်ရှင်ဖြစ်သူတွေက ဘာမှမစဉ်းစားပေးဘဲ အလုပ်မှရပ်ဆိုင်းလိုက်တာမျိုးတွေ၊ လူစားထိုးခန့်လိုက်တာမျိုးတွေ မကြာမကြာကြားသိနေရပါတယ်။ အလုပ်ရှင်နဲ့အခန့်မသင့်ရင်ဘဲဖြစ်ဖြစ်၊ အဆင်မပြေမှုဖြစ်ခဲ့ရင်ဘဲဖြစ်ဖြစ် အလုပ်ရှင်သဘောတစ်ခုတည်းနဲ့ အလုပ်ထုတ်ပစ်လိုက်လို့ ဘဝပျက်သွားကြရတဲ့ အလုပ်သမားတွေဟာလည်း နည်းမှာမဟုတ်ပါ။ အဲဒီလိုအဖြစ်ဆိုးနဲ့ကြုံတွေ့တိုင်း အာဏာပိုင်အဖွဲ့အစည်းအဆင့်ဆင့်ထံမှ အကူအညီရလိုရငြား စေလွှတ်လိုက်တဲ့အခါမျိုးမှာလည်း ထိရောက်တဲ့ ဖြေရှင်းမှုမျိုး ရရှိခဲ့ခြင်းမရှိပါဘူး။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အလုပ်ရှင်နဲ့အလုပ်သမားတွေအကြားမှာ ပေါ်ပေါက်လာတဲ့ပဋိပက္ခတွေကို လက်ရှိတည်ဆဲဥပဒေဖြစ်တဲ့ ၁၉၆၄ ခုနှစ်၊ ပြည်သူ့အလုပ်သမားများ၏အခြေခံရပိုင်ခွင့်နှင့်တာဝန်များ ပြဋ္ဌာန်းသည့်ဥပဒေအရ ဖြေရှင်းပေးကြရမှာ ဖြစ်ပေမယ့် အချို့လုပ်ငန်းသေးသေးလေးတွေအပါအဝင်စက်ရုံအလုပ်ရုံတွေမှာဥပဒေနှင့်အညီ တိတိကျကျ ဖြေရှင်းပေးနိုင်ခဲ့ခြင်းမရှိတာကိုလည်းကျွန်တော့်ကိုယ်တွေ့ဖြစ်ခဲ့ပါတယ်။ ၁၉၆၄ ခုနှစ်၊ အလုပ်သမားဥပဒေကိုပြန်လည်သုံးသပ်ကြည့်တဲ့အခါမှာ ဒီဥပဒေဟာ ကနေ့မျက်မှောက်ခေတ် ကာလမှာ ဖြစ်ပွားပေါ်ပေါက်နေတဲ့ အလုပ်ရှင်နဲ့ အလုပ်သမားတွေအကြား ပဋိပက္ခဖြစ်မှုများကို ဖြေရှင်းရာမှာ အလုပ်သမားများအဖို့ အခွင့်အရေးကို ပြည့်ပြည့်ဝဝရရန် ခဲယဉ်းနေကြောင်းကိုလည်း သုံးသပ်တွေ့ရှိရပါတယ်။ အခု လက်ရှိပကတိအခြေအနေအရပ်ရပ်အရ အလုပ်သမားတွေဘက်မှာ ရပ်တည်ပေးမယ့် နိုင်ငံတကာအဆင့်မီ အလုပ်သမားအခွင့်အရေးဆိုင်ရာ ဥပဒေတစ်ရပ်ရှိဖို့ လိုအပ်နေပြီဖြစ်ကြောင်းကိုလည်း သုံးသပ်ယူဆမိပါတယ်။ ဒါ့အပြင် အလုပ်သမားတွေရဲ့အရေးကိစ္စတွေကို တာဝန်ယူဖြေရှင်းပေးမယ့်ဥပဒေနဲ့အညီ ခိုင်မာတဲ့ အလုပ်သမားအဖွဲ့အစည်းတွေ ပေါ်ပေါက်လာရေးဟာလည်း အလုပ်သမားတွေအဖို့ အရေးကြီးတဲ့ကိစ္စတစ်ရပ်ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အနေနဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၄ တွင် နိုင်ငံတော်သည် အလုပ်သမားများအခွင့်အရေးကိုကာကွယ်စောင့်ရှောက်ရန် လိုအပ်သည့်ဥပဒေများကို ပြဋ္ဌာန်းဆောင်ရွက်မည်လို့ သတ်မှတ်ပြဋ္ဌာန်းထားပြီး

ဖြစ်ရာ ယခုအချိန်တွင် ခေတ်ကာလနဲ့ အံဝင်ခွင်ကျဖြစ်သော အလုပ်သမားဥပဒေတစ်ရပ် ပေါ်ထွန်းရန် အချိန်ရောက်နေပြီဖြစ်ကြောင်းကိုလည်း တင်ပြလိုပါတယ်။ ဒါကြောင့် ရန်ကုန်တိုင်းဒေသကြီးရဲ့ သဃ်န်းကျွန်းမဲဆန္ဒနယ်က ဦးသိန်းညွန့်အဆိုတင်သွင်းထားတဲ့ နိုင်ငံတကာအဆင့်မီ အလုပ်သမား အခွင့်အရေးဆိုင်ရာ ဥပဒေသစ်တစ်ရပ်မူကြမ်းရေးဆွဲပြုစုပြီး ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေးသို့ တင်သွင်းဆွေးနွေးနိုင်ရေး လိုအပ်သောအစီအစဉ်များ ပြုလုပ်ပေးပါရန်အဆိုကို လေးလေးနက်နက် ထောက်ခံဆွေးနွေးတင်ပြအပ်ပါတယ်ခင်ဗျား။ လေးစားပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ကျောက်ကြီးမဲဆန္ဒနယ်မှ ဦးညာဏ်ဆွေဝင်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးညာဏ်ဆွေဝင်း(ကျောက်ကြီးမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ ကြွရောက်လာကြတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ဖိတ်ကြားထားတဲ့ အထူးဧည့်သည်တော်ကြီးများခင်ဗျား။ ယနေ့ ဒီအချိန်ဒီအခါကစပြီးတော့ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ ချမ်းသာခြင်းနဲ့ ပြည့်စုံပါစေလို့ ဦးစွာပဏာမ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးညာဏ်ဆွေဝင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဦးသိန်းညွန့်၊ သဃ်န်းကျွန်းမဲဆန္ဒနယ် တင်ပြသွားတဲ့ နိုင်ငံတကာ အဆင့်မီ အလုပ်သမားအခွင့်အရေးဆိုင်ရာ ဥပဒေသစ်တစ်ရပ် မူကြမ်းရေးဆွဲပြုစုပြီး လိုအပ်သော အစီအစဉ်များ ပြုလုပ်ပေးပါရန်အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အလုပ်သမားနဲ့ အလုပ်ရှင်ဟာ ခေတ်အဆက်ဆက်မှာ အနည်းနဲ့အများ ပဋိပက္ခရှိတတ်သလိုပဲ ယနေ့အကျိုးတူပူးပေါင်းဆောင်ရွက်နေကြတဲ့အတွက် ကမ္ဘာ့ ထိပ်သီးအဆင့်ရှိတဲ့ နိုင်ငံကြီးတွေမှာလည်းပဲ အလျင်အမြန်စီးပွားရေးတိုးတက်တဲ့ နိုင်ငံများအဆင့်ကို ရောက်ရှိတဲ့နိုင်ငံတွေ ရှိနေပါတယ်။ တဖန် အဲဒီနိုင်ငံကြီးတွေမှာပဲ တစ်ဖက်မှာ အလုပ်သမား၊ အလုပ်ရှင် ပဋိပက္ခတွေဟာလည်းပဲ ဆန္ဒပြမှုများဖြစ်ပေါ်ပြီးတော့မှ အပြင်းအထန် ရင်ဆိုင်ဖြေရှင်း နေရတာလည်း ယနေ့တိုင် ရှိနေတာတွေ တွေ့ရှိသုံးသပ်လို့ရပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အလုပ်သမား ဆိုတာကတော့ မိမိပိုင်ဆိုင်တဲ့ ကာယ၊ ဉာဏလုပ်အားနဲ့ စွမ်းဆောင်မှုတွေကို အရင်းတည်ပြီးတော့ အသက်မွေးဝမ်းကြောင်းပြုရသူ ဖြစ်တဲ့အတွက် အလုပ်သမားနဲ့ အလုပ်ရှင်ကြားမှာ ပဋိပက္ခဖြစ်ပေါ် မှုဟာဓမ္မတာတစ်ရပ်လိုပဲ ဖြစ်နေပါတယ်။ မြန်မာ့နိုင်ငံရေးသမိုင်းမှာပြန်ပြီး ကြည့်မယ်ဆိုရင် ကျွန်တော်တို့သခင်ဖိုးလှကြီးတို့ လက်ထက်ကစခဲ့တဲ့ ၁၉၃၀ ခုနှစ်၊ အလုပ်သမား အရေးတော်ပုံကြီးဟာ တိုင်းရင်းသားရေနံမြေအလုပ်သမားတွေနဲ့ အလုပ်ရှင်ကိုလိုနီနယ်ချဲ့ ဗြိတိသျှ BOC ကုမ္ပဏီတို့ရဲ့

ကြီးမားတဲ့ ပဋိပက္ခဖြစ်ခဲ့ပြီးတော့ အမျိုးသားရေးနဲ့ နယ်ချဲ့ဆန့်ကျင်ရေးကို အားကောင်းစေခဲ့တဲ့ မောင်းတင်အားတစ်ရပ်ဖြစ်ခဲ့ပါတယ်။ တော်လှန်ရေးကောင်စီလက်ထက်မှာတော့ အလုပ်သမား လူတန်းစား စည်းလုံးညီညွတ်ရေးကို အရှိန်အဟုန်နဲ့ ဆောင်ရွက်ခဲ့ပြီး ချောက်ရေနံမြေ၊ ကျိုက္ကဆံစတဲ့ သမိုင်းဝင်အလုပ်သမား နှီးနှောဖလှယ်ပွဲကြီးတွေကို အကြိမ်ကြိမ်ကျင်းပပြီးတော့မှ အလုပ်သမား ကိုယ်စားလှယ်များ ကိုယ်တိုင်မိမိတို့ခံစားခဲ့ရတဲ့ အခက်အခဲတွေ၊ အတွေ့အကြုံတွေ၊ တင်ပြချက်တွေကို စုစည်းသုံးသပ်ပြီး ဥပဒေပညာရှင်များနဲ့ညှိနှိုင်း၍ ၁၉၆၄ ခုနှစ်၊ တော်လှန်ရေးကောင်စီဥပဒေ အမှတ်(၆)အနေနဲ့ ၁၉၆၄ ခုနှစ်၊ ပြည်သူ့အလုပ်သမားများ၏ အခြေခံရပိုင်ခွင့်နှင့် တာဝန်များကို ပြဋ္ဌာန်းကျင့်သုံးစေခဲ့တာဖြစ်ပါတယ်။ တစ်နည်းအားဖြင့် အလုပ်သမားတွေကို ခေါင်းပုံဖြတ်မှု အမျိုးမျိုးကို လျော့နည်းပျောက်ကွယ်စေဖို့ ရည်မှန်းချက်ထားပြီး ဆောင်ရွက်စေခဲ့ကြောင်းလည်းပဲ သမိုင်းမှာအထင်အရှားရှိခဲ့ပါတယ်။ အဲဒီဥပဒေမှာ အလုပ်ရှင်နဲ့ အလုပ်သမားကြား နေ့စဉ်ဖြစ်ပေါ် နိုင်တဲ့ပြဿနာတွေကို ညှိနှိုင်းပြီးတော့ ကူညီဖြေရှင်းဖို့နည်းလမ်းတွေ အသေးစိတ်ပါဝင်ပါတယ်။ စောစောက တင်ပြခဲ့တဲ့အလုပ်လုပ်ပိုင်ခွင့်၊ အလုပ်ခွင်တည်မြဲခွင့်၊ အားလပ်ချိန်ရပိုင်ခွင့်၊ ပညာသင်ကြားခွင့်နှင့် ဝါဏိဇ္ဇပဋိပက္ခတွေကို ဖြေရှင်းတဲ့နည်းလမ်းကအစ အလုပ်သမားအဖွဲ့အစည်းများ ထူထောင်ရေးအထိ ပြည့်စုံစွာ ပါရှိတာကို သုံးသပ်ရရှိပါတယ်။ နောက်ပိုင်းလမ်းစဉ်ပါတီကာလမှာ အလုပ်သမားအစည်းအရုံးအဆင့်ဆင့်ဟာ အလုပ်သမားရပိုင်ခွင့်နဲ့ တာဝန်တွေကိုအမြင့်မားဆုံး စည်းရုံးအကောင်အထည်ဖော်နိုင်ခဲ့တာကိုလည်း လေ့လာသုံးသပ်လို့ရပါတယ်။ ၁၉၈၈ နောက်ပိုင်း မှာအလုပ်သမားအစည်းအရုံး အဆင့်ဆင့်ပျက်ပြယ်သွားပြီးတဲ့နောက်ပိုင်း နိုင်ငံခြားရင်းနှီးမြှပ်နှံမှုနဲ့ အတူ စက်ရုံ၊ အလုပ်ရုံ၊ စက်မှုဇုန်လုပ်ငန်းများလည်းပဲ ပြည်တွင်းပြည်ပဖက်စပ်လုပ်ငန်းများနဲ့အတူ အမျိုးမျိုးဟာ ဈေးကွက်စီးပွားရေးစနစ်နဲ့အတူ ပေါ်ထွန်းလာခဲ့ပါတယ်။ တစ်ပြိုင်နက်တည်းမှာပဲ နိုင်ငံတော်ရဲ့နည်းပညာနဲ့ စက်မှုကုန်ထုတ်လုပ်ငန်းများဟာလည်း အရှိန်အဟုန်နဲ့တိုးတက်ဖွံ့ဖြိုးလာ သလိုအချို့သောလုပ်ငန်းကြီးများမှာ စီမံခန့်ခွဲမှုစနစ်ကောင်းမွန်တယ်။ အလုပ်ရှင်နဲ့အလုပ်သမား သဟဇာတမျှတမှုရှိတဲ့အတွက် ပြဿနာနည်းပါးပြီး အောင်မြင်မှုရှိခဲ့သလို တချို့သော စက်ရုံ၊ အလုပ်ရုံ များမှာအလုပ်ရှင်နဲ့ အလုပ်သမားကြား ပဋိပက္ခများဟာ ပုံစံအမျိုးမျိုးနဲ့ ပေါ်ပေါက်ခဲ့ကြောင်းကို လေ့လာတွေ့ရှိရပါတယ်။ အထူးသဖြင့် ဥပဒေနဲ့အညီ တိတိကျကျ ဖြေရှင်းပေးနိုင်ခဲ့ခြင်းမရှိတဲ့ကိစ္စတွေ တော်တော်များများလည်းပဲ လေ့လာတွေ့ရှိရပါတယ်။ တရားမဝင်ထူထောင်ထားတဲ့ အသေးစား လုပ်ငန်းအများအပြားမှာ အလုပ်သမားများကို ဖိနှိပ်ချုပ်ချယ်သွေးစုပ်မှုဟာ အထင်ရှားဆုံးသော သာဓကဖြစ်ပြီးတော့မှ တရားမဝင်ထူထောင်ထားတဲ့အတွက် နိုင်ငံတော်အကျိုးအတွက်ရော

အလုပ်သမားအကျိုးအတွက်ပါ များစွာနစ်နာဆုံးရှုံးခဲ့တာတွေကိုလည်းပဲ လေ့လာတွေ့ရှိခဲ့ရပါတယ်။ ၁၉၆၄ ခုနှစ်၊ ပြည်သူ့အလုပ်သမားများ အခြေခံရပိုင်ခွင့်နဲ့တာဝန်များ ဥပဒေအရ ဖြေရှင်းပေးနိုင်မှုလည်းပဲ အချို့စက်ရုံ၊ အလုပ်ရုံများမှာ ဒီနေ့တိတိကျကျ ဆောင်ရွက်ပေးနိုင်ခြင်းမရှိတာတွေကိုလည်းပဲ တော်တော်များများ လေ့လာတွေ့ရှိနေရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၁ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့က ပြည်ထောင်စုလွှတ်တော်ကြီးမှာ နိုင်ငံတော်သမ္မတကြီးက ပြည်တွင်းမှာရှိတဲ့ အလုပ်သမားများရဲ့ အခွင့်အရေးသာမကဘဲနဲ့ ပြည်ပမှာ လုပ်ကိုင်နေတဲ့ မြန်မာနိုင်ငံသားအလုပ်သမားများရဲ့ တရားဝင်အခွင့်အရေးတွေကို အပြည့်အဝရနိုင်ဖို့ အတွက်ကိုလည်း ကြိုးပမ်းလုပ်ဆောင်ပေးသွားမှာ ဖြစ်တယ်လို့ တိုင်းပြည်ကို မြွက်ကြားခဲ့ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၁)၊ ပုဒ်မ ၂၄ မှာ နိုင်ငံတော်သည် အလုပ်သမားများ၏ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရန်လိုအပ်သည့်ဥပဒေများကို ပြဋ္ဌာန်းရမယ်လို့အတိအလင်းပြဋ္ဌာန်းပါရှိပါတယ်။ လက်ရှိအခြေအနေဟာ ၁၉၆၄ ခုနှစ်၊ အလုပ်သမားများရဲ့ အခြေခံရပိုင်ခွင့်နဲ့တာဝန်များ ဥပဒေမှာ လက်ရှိကာလအခြေအနေနဲ့ လိုက်လျောညီထွေမှု ပြည့်စုံမှုမရှိတော့ကြောင်း သုံးသပ်ရရှိပါတယ်။ ဒါကြောင့် နိုင်ငံတကာအဆင့်မီ အလုပ်သမားအခွင့်အရေးဆိုင်ရာဥပဒေတစ်ရပ် မူကြမ်းရေးဆွဲပြုစုတင်သွင်းရန် အထူးပဲလိုအပ်လျက်ရှိတဲ့ အချိန်အခါဖြစ်ပါတယ်။ ဒါ့ကြောင့် ဦးသိန်းညွန့်၊ သယ်န်းကျွန်းမဲဆန္ဒနယ်မှ တင်ပြသွားတဲ့ နိုင်ငံတကာအဆင့်မီ အလုပ်သမားအခွင့်အရေးဆိုင်ရာ ဥပဒေသစ်တစ်ရပ် မူကြမ်းရေးဆွဲပြုစုပြီး ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး သို့ တင်သွင်းဆွေးနွေးနိုင်ရေးလိုအပ်သော အစီအစဉ်များ ပြုလုပ်ပေးပါရန်အဆိုကို လေးနက်စွာထောက်ခံအပ်ပါကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ဒဂုံမြို့သစ်တောင်ပိုင်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်စုစုလှိုင်မှ ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒေါ်စုစုလှိုင်(ဒဂုံမြို့သစ်တောင်ပိုင်းမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနဲ့ ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကျန်းမာချမ်းသာပါစေလို့ ဦးစွာ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်ရှင်။ ကျွန်မကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်တောင်ပိုင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်စုစုလှိုင်ဖြစ်ပါတယ်ရှင်။ ဥက္ကဋ္ဌကြီးရှင်။ ကျွန်မအနေနဲ့ ရန်ကုန်တိုင်းဒေသကြီး၊ သယ်န်းကျွန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့်တင်သွင်းခဲ့

သောနိုင်ငံတကာအဆင့်မီ အလုပ်သမားအခွင့်အရေးဆိုင်ရာ ဥပဒေသစ်တစ်ရပ် မူကြမ်းရေးဆွဲပြုစုပြီး ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေးသို့ တင်သွင်းဆွေးနွေးနိုင်ရေး လိုအပ်သောအစီအစဉ်များပြုလုပ်ပေးပါရန် အဆိုနှင့်ပတ်သက်ပြီး ဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မရဲ့ ဆွေးနွေးမှုကို ဖတ်ကြားဆွေးနွေးခွင့်ပြုပေးပါရန် ပန်ကြားအပ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များရှင့်။ ၁၉၆၄ ခုနှစ်၊ ပြည်သူ့ အလုပ်သမားများ၏ အခြေခံရပိုင်ခွင့်နှင့် တာဝန်များပြဋ္ဌာန်းသည့် ဥပဒေများအောက်တွင် ဥပဒေ ပုဒ်မ ၁၂ အရမှတ်ယူရမည့် အလုပ်သမားရေးရာ အက်ဥပဒေများ ၂၁ ခု ပါရှိပါတယ်။ ဒီဥပဒေ များအနက် ခေတ်နှင့်မလျော်ညီသော ဥပဒေနှစ်ရပ်ကို ရုပ်သိမ်းပြီးလည်းဖြစ်ပါတယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး ၂၀၁၁ ခုနှစ်၊ မတ်လ ၁၆ ရက်နေ့၌ မရမ်းကုန်း မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဒေါက်တာပွင့်ဆန်းက နိုင်ငံတကာအဆင့်မီလူမှုဖူလုံရေး ဥပဒေသစ်တစ်ရပ်ပြုစုပြီး၊ ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးသို့ တင်သွင်းဆွေးနွေးနိုင် ရေးအတွက်အဆိုကိုတင်သွင်းခဲ့ပါတယ်။ ၎င်းအဆိုသည် အလုပ်သမားများ၏ ဘဝလုံခြုံရေးအတွက် ဖြစ်ပါတယ်။ ဒ့ါအပြင် မင်္ဂလာဒုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဝင်း ကလည်း အလုပ်အကိုင်အခွင့်အလမ်းတိုးတက်ရေး၊ လုပ်ငန်းခွင်အေးချမ်းသာယာရေး နှင့် အလုပ် သမားများ၏ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဥပဒေမူကြမ်းတစ်ရပ် တင်သွင်းဆွေးနွေးနိုင် ရေးကိုစီစဉ်ဆောင်ရွက်ပေးပါရန် အဆိုတင်သွင်းခဲ့ကြပြီးဖြစ်ပါတယ်။ ယင်းအဆိုများကို လွှတ်တော်က သဘောတူတဲ့အတွက် လွှတ်တော်ကအတည်ပြုဆုံးဖြတ်ထားပါတယ်။ ဥက္ကဋ္ဌကြီးရှင့်။ လက်ရှိ အလုပ်သမားရေးရာဥပဒေများကလည်း မြန်မာနိုင်ငံသည် ILO အဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံဖြစ်တာကြောင့် ILO မှပြဋ္ဌာန်းလိုက်သော အပြည်ပြည်ဆိုင်ရာ အလုပ်သမားကွန်ဗင်းရှင်း ၁၉ ခုကို လက်ခံကျင့်သုံး ထားတဲ့အတွက် အဖွဲ့ဝင်နိုင်ငံတစ်ခု၏ ဥပဒေအရ တာဝန်ရှိတဲ့နိုင်ငံအနေဖြင့် ဥပဒေများကိုရေးဆွဲခဲ့ ခြင်းဖြစ်ရာ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာစံနှုန်းများနှင့် လိုက်လျောညီထွေရှိပြီးဖြစ်ပါ တယ်။

ဥက္ကဋ္ဌကြီးရှင့်။ ၎င်းဥပဒေများကို ယခုအခါ ILO က ပြင်ဆင်ချက်၊ သုံးသပ်ချက်ပြုလုပ်ပါက မြန်မာနိုင်ငံအနေဖြင့် လိုက်လျောညီထွေစွာ ပြင်ဆင်ရန် အသင့်ရှိပြီးဖြစ်ပါတယ်။ ခေတ်နှင့်မလျော်ညီ တဲ့အသုံးအနှုန်းများကိုလည်း ပြင်ဆင်နေပြီး ဖြစ်သကဲ့သို့ အသစ်ပြန်လည်ရေးဆွဲ သင့်သည်ဟု ယူဆ ရသော ဥပဒေများကိုလည်း အသစ်ပြန်လည်ရေးဆွဲလျက်ရှိပါသဖြင့် အလုပ်သမားအခွင့်အရေးများကို အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာစံနှုန်းများနှင့်အညီ ယင်းဥပဒေများအောက်တွင် အကာ

အကွယ်ပြုပြီးဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီသို့လည်း အလုပ်သမားဝန်ကြီးဌာနမှ ဥပဒေမူကြမ်းကို ပေးပို့ထားပြီးလည်းဖြစ်ပါတယ်။ ဒါ့ကြောင့် သဃ်န်းကျွန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့် တင်သွင်းခဲ့သော နိုင်ငံတကာအဆင့်မီ အလုပ်သမားအခွင့်အရေးဆိုင်ရာ ဥပဒေသစ်တစ်ရပ်မူကြမ်းရေးဆွဲပြုစုပြီး ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေးသို့ တင်သွင်းဆွေးနွေးနိုင်ရေး လိုအပ်သော အစီအစဉ်များ ပြုလုပ်ပေးပါရန်အဆိုကို ထပ်မံတင်သွင်းရန် မလိုအပ်သောကြောင့် ဦးသိန်းညွန့်အနေဖြင့် ပြန်လည်ရုပ်သိမ်းပေးပါရန် တောင်းဆိုအပ်ပါတယ်ရှင့်။ ကျေးဇူးတင်ပါတယ်ရှင်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။အဆိုနဲ့စပ်လျဉ်းပြီး သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးက ရှင်းလင်းဖို့ ဖြစ်ပါတယ်။

**ဦးအောင်ကြည်(ပြည်ထောင်စုဝန်ကြီး၊ အလုပ်သမားဝန်ကြီးဌာန)**။ ။လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနဲ့တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော်ကတော့ အလုပ်သမားဝန်ကြီးဌာန ၊ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည် ဖြစ်ပါတယ်။ ယခုကျွန်တော်ဆွေးနွေးမှာကတော့ သဃ်န်းကျွန်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့်ရဲ့အဆိုနဲ့စပ်လျဉ်း၍ ပြန်လည်ရှင်းလင်းဆွေးနွေးမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီအဆိုကို ဦးသိန်းညွန့်က တင်သွင်းတဲ့ နေရာမှာ အကျိုးအကြောင်းဖော်ပြချက်အနေနဲ့ ၁၉၆၄ ခုနှစ်၊ ပြည်သူ့အလုပ်သမားများရဲ့ အခြေခံရပိုင်ခွင့်နှင့် တာဝန်များပြဋ္ဌာန်းတဲ့ ဥပဒေသည် အိပ်ပျော်နေ၍ ပြန်အသက်သွင်းပေးပါ။ အလုပ်ရှင်၊ အလုပ်သမားပြဿနာများပေါ်သည့်အခါ အလုပ်သမားအရာရှိသည် ငွေထုတ်ပိုက်ပြီး ပြန်သွားသည်သာတွေ့ရသည် စသည်ဖြင့်တင်ပြသွားခဲ့ပါတယ်။ ဦးသိန်းညွန့်၏ ကျိုးကြောင်းဖော်ပြချက်များသည် အလုပ်သမားများ၏ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ပေးနေသော အလုပ်သမားဝန်ကြီးဌာန၏ကြိုးပမ်းအားထုတ်မှုများအပေါ်မှာ များစွာထိခိုက်နစ်နာစေသည့်အတွက် အဆိုပါကျိုးကြောင်းဖော်ပြချက်များအပေါ်မှာ ရှေးဦးစွာ ပြန်ကြားခွင့်ပြုပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၁၉၆၄ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးကောင်စီဥပဒေအမှတ်( ၆ )ဖြစ်တဲ့ ၁၉၆၄ ခုနှစ်၊ ပြည်သူ့အလုပ်သမားများ၏ အခြေခံရပိုင်ခွင့်နှင့်တာဝန်များ ပြဋ္ဌာန်းသည့်ဥပဒေသည် ဆိုရှယ်လစ်စီးပွားရေးစနစ်ကို ကာကွယ်စောင့်ရှောက်တဲ့ဥပဒေဖြစ်ကြောင်း လူတိုင်းသိကြပါတယ်ခင်ဗျား။ ယခုအခါ ကျွန်တော်တို့ဟာ ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၇ အရ နိုင်ငံတော်သည် စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးနေပြီဖြစ်ပါတယ်။ ပုဒ်မ ၃၅ အရလည်း

နိုင်ငံတော်၏စီးပွားရေးစနစ်သည် ဈေးကွက်စီးပွားရေးစနစ်ဖြစ်ပါတယ်။ ဒါကြောင့် ၁၉၆၄ ခုနှစ်၊ ပြည်သူ့အလုပ်သမားများ၏ အခြေခံရပိုင်ခွင့်နှင့်တာဝန်များပြဋ္ဌာန်းသည့် ဥပဒေသည် ပါတီစုံဒီမိုကရေစီစနစ်ကိုလည်းကောင်း၊ ဈေးကွက်စီးပွားရေးစနစ်ကိုလည်းကောင်း အထောက်အကူမပြုတော့သည်ကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အားလုံးက လက်ခံနိုင်ကြမည်ဟု ယုံကြည်ပါတယ်ခင်ဗျား။ သို့ဖြစ်၍ ယင်းဥပဒေကို ယခုအခါမှ ပြန်လည်အမွှန်းတင်နေရမယ့် အချိန်မဟုတ်တော့ပါကြောင်း ဦးစွာပထမပြန်ကြားလိုပါတယ်။ ၁၉၆၄ ခုနှစ်၊ ပြည်သူ့အလုပ်သမားများရဲ့ အခြေခံရပိုင်ခွင့်နှင့်တာဝန်များကိုပြဋ္ဌာန်းသည့်ဥပဒေမှာ ပုဒ်မ ၁၆ ခုပါရှိပြီးတော့ ဆိုရှယ်လစ်သဘောတရားအမြင်များ ရေးသားဖော်ပြထားချက်သည် အများစုဖြစ်ပြီး လက်တွေ့ကျင့်သုံးနိုင်မှုအပိုင်းမှာတော့ ပုဒ်မ ၁၁ ပြစ်ဒဏ်များနှင့် ပုဒ်မ ၁၂ တည်ဆဲ ဥပဒေများသာပါရှိပါတယ်။ ပုဒ်မ ၁၂ အရတည်ဆဲအလုပ်သမားဥပဒေ ၂၁ ခုကို နည်းဥပဒေအဖြစ်မှတ်ယူ၍ လုပ်ကိုင်ဆောင်ရွက်ပေးရမည်ဟု ဖော်ပြထားပါတယ်။ ယင်းဥပဒေ ၂၁ ခုတွင် လေးခုမှာ ရုပ်သိမ်းခဲ့ပြီးဖြစ်ပါတယ်။ ယခုအခါ အလုပ်သမားအခွင့်အရေးများကိုကျန်တည်ရှိဆဲဥပဒေ ၁၇ ခုဖြင့် ကာကွယ်စောင့်ရှောက်ပေးလျက်ရှိပါတယ်။ ဒါကြောင့် ပြည်သူ့အလုပ်သမားများ၏ အခြေခံ ရပိုင်ခွင့်နှင့်တာဝန်များကို ပြဋ္ဌာန်းသည့် ဥပဒေပုဒ်မ ၁၂ ပါ အတိုင်း နည်းဥပဒေအဖြစ် မှတ်ယူရမည်ဖြစ်သော တည်ဆဲအလုပ်သမားဥပဒေများဖြင့် အလုပ်သမားများ၏ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်နေခြင်းသည် ၁၉၆၄ ခုနှစ်၊ ပြည်သူ့အလုပ်သမားများ၏ အခြေခံရပိုင်ခွင့်နှင့် တာဝန်များကိုပြဋ္ဌာန်းသည့်ဥပဒေအရ ကာကွယ်စောင့်ရှောက်ခြင်းလည်းဖြစ်ပါတယ်လို့ပြောကြားလိုပါတယ်။ ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အလုပ်ရှင်နှင့် အလုပ်သမားအငြင်းပွားမှုပြဿနာများသည် ၂၀၀၈ ခုနှစ်မှ ၂၀၁၁ ခုနှစ်၊ သြဂုတ်လအထိ အမှုပေါင်း ၂၀၂၁ ခုရှိခဲ့ရာ သက်ဆိုင်ရာအလုပ်သမားတို့အတွက် အကျိုးခံစားခွင့်ငွေကျပ် ၂၅၈၇.၂ သန်းနှင့် FEC ၂၉၉၆၂ တို့ ခံစားရရှိအောင် အလုပ်သမားဝန်ကြီးဌာနမှ သက်ဆိုင်ရာမြို့နယ်အလုပ်သမား အရာရှိများ အတွင်းရေးမှူးအဖြစ်နဲ့ပါဝင်တဲ့ အလုပ်သမားကြီးကြပ်ရေးကော်မတီများက ဖြေရှင်း ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ အဲဒီလို ဖြေရှင်းဆောင်ရွက်တဲ့နေရာမှာ ကျွန်တော်တို့က အငြင်းပွားမှုကိုညှိနှိုင်းပေးခြင်း (Negotiation) နဲ့ဖျန်ဖြေပေးခြင်း (conciliation) အဆင့်များကိုသာဆောင်ရွက်ခြင်းဖြစ်ပါတယ်။ အထက်မှာတင်ပြခဲ့တဲ့ အငြင်းပွားမှုများရဲ့ ၉၉.၆ ရာခိုင်နှုန်းသည် ဒီလိုနည်းဖြင့် ပြေလည်သွားကြတာဖြစ်ပါတယ်။ အလုပ်သမားဘက်ကရော အလုပ်ရှင်ဘက်ကပါ ပြေလည်ကျေနပ်သွားတဲ့အခါမှာ (Qualitative vicarious Agreement)ကို(Trivial Type)ပုံစံနဲ့ ချုပ်ဆိုရတာ ဖြစ်ပါတယ်။ အပြင်လူလုံးဝမပါရပါဘူး။ ဤသည်မှာ နိုင်ငံတကာလုပ်ထုံးလုပ်နည်း

ဖြစ်ပါတယ်။ စာချုပ်ချုပ်ပြီးတဲ့အခါမှာ ပြီးပြတ်စေခြင်း (Arbitration) အဆင့်ကို ရောက်ရှိပါတယ်။ ဒီလို (Aribitration)ကို မလိုက်နာခဲ့လျှင်သာ သက်ဆိုင်ရာတရားရုံးများမှာ တရားစွဲဆိုလို့ရမှာဖြစ်ပြီး၊ တရားရုံးများကလည်း ၁၉၆၄ ခုနှစ်၊ ပြည်သူ့အလုပ်သမားများရဲ့ အခြေခံရပိုင်ခွင့်နှင့် တာဝန်များကို ပြဋ္ဌာန်းထားတဲ့ ဥပဒေပုဒ်မ ၁၁ အရ ပြစ်ဒဏ်စီရင်ခဲ့ရမှုများရှိပါကြောင်း ပြန်ကြား အပ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးနှင့်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အလုပ်ရှင်၊ အလုပ်သမားပြဿနာများကိုဖြေရှင်းပေးတဲ့ မြို့နယ်အလုပ်သမားကြီးကြပ်ရေးကော်မတီဟာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက အရာရှိက ဥက္ကဋ္ဌဖြစ်ပြီးတော့မှ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနက အရာရှိက အတွင်းရေးမှူးဖြစ်ပါတယ်။ သမဝါယမဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ စက်မှု-၁၊ လူမှုဖူလုံရေးအဖွဲ့၊ စက်မှုဇုန်အုပ်ချုပ်ရေးအဖွဲ့မှ အရာရှိများပါဝင်ပြီးတော့ အဖွဲ့ ၁၂ နှင့် စုပေါင်းဖြေရှင်းပေးနေကြခြင်းဖြစ်ပါသည်။ ထို့ပြင် အလုပ်ရှင်ကိုယ်စားလှယ်များ၊ အလုပ်သမားကိုယ်စားလှယ်များရဲ့ ရှေ့မှောက်မှာဖြေရှင်းပေးခြင်းဖြစ်တဲ့အတွက် အလွန့်ကို ထင်သာမြင်သာရှိတဲ့ အခြေအနေအောက်မှာ အကြပ်အတည်းတစ်ရပ်ကို ဖြေရှင်းပေးရသလို အပန်းတကြီးနဲ့ လုပ်ရတဲ့အလုပ်လည်းဖြစ်ပါတယ်။ အလုပ်ရှင်၊ အလုပ်သမားပြဿနာပေါ်တဲ့အခါ အလုပ်သမားအရာရှိသည် ငွေထုတ်ပိုက်ပြီး ပြန်သွားသည်သာတွေ့ရပါသည်ဆိုသည့် သယ်န်းကျွန်းမြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွှန့်ပြောကြားချက်များနှင့်စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ရွှေလင်ပန်းစက်မှုဇုန်ရှိ Grade World ရှူးဖိနပ်စက်ရုံ၊ အချောကိုင်ဌာနမှ အလုပ်သမားများရဲ့မကျေနပ်မှုအား ၁၉-၈-၂၀၁၁ ရက်နေ့မှာဖြေရှင်းပေးခဲ့ရာမှာ လေဘာရုံးမှလူကြီးများကို ငွေပေးလိုက်ရသည်ဟု လိုင်းဆရာနိုင်ငံခြားသားမှ ပြောကြားခဲ့သည်ဟု စကားပြန်အမျိုးသမီးက ဘာသာပြန်ခဲ့ခြင်းကို ဆိုလိုပါသည်ဟု ကျွန်တော်သဘောရပါတယ်။ ယင်းကိစ္စနှင့်ပတ်သက်၍ နိုင်ငံရေးပါတီတစ်ခုကို တိုင်ကြားခဲ့ကြောင်း ကြားသိရသည့်အတွက် ၂၃-၈-၂၀၁၁ နေ့ ၁၆၀၀ နာရီမှာ အဆိုနိုင်ငံရေးပါတီမှ ကိုယ်စားလှယ်ခြောက်ဦး၊ ပြောသံကြားလိုက်ရသည်ဆိုသော အလုပ်သမားကိုးဦး၊ အလုပ်ရှင်ကိုယ်စားလှယ်လေးဦးတို့ကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကို ဖိတ်ကြားပြီးတော့ နိုင်ငံခြားသားနဲ့ စကားပြန်တို့ကို မြို့နယ်အလုပ်သမားကြီးကြပ်ရေးကော်မတီနဲ့ မြို့နယ်ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့တို့ရဲ့ ရှေ့မှောက်မှာ မေးမြန်းတဲ့အခါ ၎င်းတို့ကတစ်စုံတစ်ရာ ငွေပေးရမှုမရှိခဲ့ပါကြောင်း၊ အလုပ်ချိန်ပျက်ကွက်၍ ငွေအမြောက်အမြားဆုံးရှုံးသွားခဲ့ပြီးဖြစ်ကြောင်း၊ နိုင်ငံခြားသားက ပြောကြားခြင်းသာလျှင်ဖြစ်ကြောင်း ကိုယ်တိုင်ဝန်ခံကတိလက်မှတ်ရေးထိုးထားသည့် အထောက်အထား ကျွန်တော့်မှာရှိပါတယ်။ ဒီအထောက်အထားကို မည်သူ့ကိုမဆို ကျွန်တော် ဖြန့်ဝေပေးနိုင်ပါတယ်။ အကယ်၍ အလုပ်ရှင်၊ အလုပ်သမား အငြင်းပွားမှု

များတွင် အလုပ်သမားအရာရှိများက ငွေထုတ်ပိုက်ပြီး ပြန်သွားတယ်ဆိုတဲ့ ကိစ္စရပ်မျိုးအခြားနေရာတွေမှာရှိခဲ့မယ်ဆိုရင်လည်း နေ့ရက်၊ နေရာ၊ ဖြစ်စဉ်တို့ကိုဖော်ပြပြီး ကျွန်တော့်ကို အကြောင်းကြားပေးမယ်ဆိုရင် အထူးကျေးဇူးတင်ရှိမှာဖြစ်ပါတယ်။ စုံစမ်းစစ်ဆေးပြီး ထိရောက်စွာအရေးယူမှုများကိုလည်းပြုလုပ်သွားမှာဖြစ်ပါကြောင်း တင်ပြလိုပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုနဲ့တိုက်ရိုက်သက်ဆိုင်တဲ့ပြန်ကြားချက်ကို ဆက်လက်တင်ပြပေးပါ့မယ်။ ဦးသိန်းညွန့်ရဲ့အဆိုကတော့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၄ အရ နိုင်ငံတော်သည် အလုပ်သမားများ၏အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရန် လိုအပ်သည့် ဥပဒေများ ပြဋ္ဌာန်းဆောင်ရွက်မည်ဆိုသည့်အချက်နဲ့အညီ နိုင်ငံတကာအဆင့်မီအလုပ်သမားအခွင့်အရေးဆိုင်ရာ ဥပဒေသစ်တစ်ရပ် မူကြမ်းရေးဆွဲပြုစုပြီး ပထမအကြိမ်ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းဝေးသို့ တင်သွင်းဆွေးနွေးနိုင်ရေးလိုအပ်သောအစီအစဉ်များ ပြုလုပ်ပေးရန်ဟူ၍ ဖြစ်ပါတယ်။

အလုပ်သမားဝန်ကြီးဌာနသည် အလုပ်သမားရေးရာဥပဒေများဖြင့် အလုပ်သမားများရဲ့ရပိုင်ခွင့်ဖြစ်သောအလုပ်လုပ်ပိုင်ခွင့်၊ လုပ်ငန်းခွင်တည်မြဲပိုင်ခွင့်၊ အားလပ်ချိန်ရပိုင်ခွင့်၊ ပညာသင်ပိုင်ခွင့်၊ မီးဖွားသည့်အခါ ရပိုင်ခွင့်၊ နာမကျန်းဖြစ်သည့်အခါ လုံခြုံမှုရပိုင်ခွင့်၊ လျော်ကြေး ရပိုင်ခွင့်စသည့်တို့ကို အပြည့်အဝခံစားမှုရရှိအောင် ကာကွယ်စောင့်ရှောက်ပေးလျက်ရှိပါတယ်။ နိုင်ငံတော် သမ္မတကြီးက ပြည်ထောင်စုလွှတ်တော်တွင် ၃၀-၃-၂၀၁၁ရက်နေ့မှာ ပြောကြားခဲ့တဲ့မိန့်ခွန်းမှာ အလုပ်သမားများရဲ့အခွင့်အရေးများ အပြည့်အဝရရှိနိုင်ဖို့အတွက် ကြိုးပမ်းဆောင်ရွက်မည်ဟု ဖော်ပြခဲ့ခြင်းကို အကောင်အထည်ဖော်မှုတစ်ရပ်အနေနဲ့ အလုပ်သမားဝန်ကြီးဌာနဟာ ယခုကျင်းပနေတဲ့ အမျိုးသားလွှတ်တော်ကိုအလုပ်သမားအဖွဲ့အစည်းဥပဒေကြမ်း Labour Organization Law ကိုတင်သွင်းဆွေးနွေးခဲ့ပြီးဖြစ်ပါတယ်။ ဆက်လက်၍လည်းပဲ ပြည်သူ့လွှတ်တော်မှာ စဉ်းစားဆွေးနွေးနိုင်ရန် တင်သွင်းသွားမှာဖြစ်ပါတယ်။ ယင်းဥပဒေကြမ်းကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၄ နဲ့အညီ အလုပ်သမားများရဲ့အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ရန်၊ အလုပ်သမားအချင်းချင်းအကြား အလုပ်ရှင်နှင့် အလုပ်သမားများအကြား ဆက်ဆံရေးကောင်းမွန်စေရန်၊ အလုပ်သမားအဖွဲ့အစည်းများကို စနစ်တကျနဲ့ လွတ်လပ်စွာဖွဲ့စည်း ဆောင်ရွက်နိုင်ရန်ဆိုတဲ့ ရည်ရွယ်ချက်များနဲ့ပြုစုတင်ပြခြင်းဖြစ်ပါတယ်။ ထို့အပြင် အဆိုပါဥပဒေကြမ်းသည် နိုင်ငံတကာအဆင့်မီအရေးကြီးသော အလုပ်သမားအခွင့်အရေးဆိုင်ရာ ဥပဒေကြမ်းတစ်ရပ်လည်း ဖြစ်ပါတယ်။ ဆက်လက်၍ နောင်ကျင်းပသွားမယ့် လွှတ်တော်အစည်းအဝေးမှာလည်းပဲ အလုပ်သမားဥပဒေများ

ပြဋ္ဌာန်းသွားဖို့၊ ဥပဒေကြမ်းများတင်ပြသွားရန်ရှိပါတယ်။ ဒါတွေကတော့ လူမှုဖူလုံရေးဥပဒေ၊ အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဥပဒေတို့ပဲ ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ သယ်န်းကျွန်း မြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့်တင်သွင်းခဲ့သော နိုင်ငံတကာအဆင့်မီ အလုပ်သမားအခွင့်အရေးဆိုင်ရာ ဥပဒေသစ်တစ်ရပ်မူကြမ်းရေးဆွဲပြုစုပြီး ပထမအကြိမ် ပြည်သူ့ လွှတ်တော် တတိယပုံမှန်အစည်းအဝေးသို့ တင်သွင်းဆွေးနွေးနိုင်ရေးအတွက် လိုအပ်သောအစီအစဉ် များပြုလုပ်ပေးပါရန်ဆိုတဲ့အဆိုဟာ ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲလုပ်ငန်းများဖြစ်နေတာကြောင့် သီးခြားအဆိုတစ်ရပ်နေနဲ့ လက်ခံရန်မလိုအပ်တော့ပါကြောင်း ပြန်ကြားအပ်ပါတယ်။ ကျေးဇူးတင် ပါတယ်။(ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဆိုရှင် ဦးသိန်းညွန့်ရဲ့ သဘောထားသိလိုပါတယ်။

**ဦးသိန်းညွန့်(သယ်န်းကျွန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ဝန်ကြီးက ဖြေဆိုတဲ့နေရာမှာ ငွေထုတ်ပိုက်ပြီး ပြန်သွားတဲ့အရာရှိတွေနဲ့ပတ်သက်ရင် တိတိ ကျကျတိုင်ကြားရင် အရေးယူပေးမယ်ဆိုတဲ့အချက်ကို ကျွန်တော်အင်မတန်မှ ကျေနပ်အားရပါတယ်။ နောက်တစ်ချက်ကလည်း ကျွန်တော် ဒီဥပဒေတင်တဲ့အခါမှာ အလုပ်သမားအခွင့်အရေးက အဓိကပါ။ အဲဒါကြောင့် ဝန်ကြီးကနောင်လာမယ့်လွှတ်တော်မှာ လူမှုဖူလုံရေးနဲ့အလုပ်အကိုင်သစ် ဥပဒေတွေ တင်သွင်းမယ်ဆိုတာ အလုပ်သမားအတွက်အကျိုးရှိတဲ့ အချက်အလက်များဖြစ်ပါတယ်။ ကျွန်တော် ဒီအဆိုကို တင်သွင်းရတာဟာလည်း နစ်နာနေတဲ့အလုပ်သမားတွေအတွက် သူတို့ရဲ့ အခွင့်ရေးတွေ၊ ရပိုင်ခွင့်တွေရအောင် တင်သွင်းခြင်းဖြစ်ပါတယ်။ အဲဒါကြောင့် ကျွန်တော့်အဆိုကို ထောက်ခံခဲ့တဲ့ လွှတ်တော်ကိုယ်စားလှယ်များကိုလည်း ကျွန်တော် ကျေးဇူးတင်တယ်။ အခြားနည်းနဲ့ ဝေဖန်တဲ့သူတွေ ကိုလည်း ကျွန်တော်နားလည်ပါတယ်။ ဒါ့ကြောင့် ဒီအဆိုကို လွှတ်တော်က မှတ်တမ်းတင်ထားပေးဖို့ လွှတ်တော်ဥက္ကဋ္ဌကြီးက ပန်ကြားပါတယ်။ အဲဒီအပေါ်မှာမူတည်ပြီးတော့ ဝန်ကြီးရဲ့ ရှင်းပြချက်ကို ကျွန်တော် လက်ခံပါတယ်။

**ဥက္ကဋ္ဌ**။ ။ဦးသိန်းညွန့်တင်သွင်းခဲ့တဲ့ နိုင်ငံတကာဆင့်မီအလုပ်သမားအခွင့်အရေးဆိုင်ရာ ဥပဒေတစ်ရပ်မူကြမ်းရေးဆွဲပြီး ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေးသို့ တင်သွင်းဆွေးနွေးနိုင်ရေးလိုအပ်သော အစီအစဉ်များ ပြုလုပ်ပေးပါရန်အဆို။ ဒီအဆိုနဲ့ပတ်သက်ပြီး လွှတ်တော်ကိုယ်စားလှယ်သုံးဦး ဆွေးနွေးသွားပါတယ်။ နှစ်ဦးကထောက်ခံပြီးတော့ တစ်ဦးက ဒီအဆို ဟာဆောင်ရွက်ဆဲ၊ ဆောင်ရွက်ပြီးအဆိုဖြစ်တဲ့အတွက် ပြန်လည်ရုပ်သိမ်းဖို့ ပြန်လည်ရှင်းလင်း ဆွေးနွေးသွားပါတယ်။ တဖန် ပြည်ထောင်စုဝန်ကြီးကလည်း ဦးသိန်းညွန့် စတင်တင်သွင်းသွားတုန်းက

ပြောဆိုစွပ်စွဲမှုများကို အမှန်ပြန်လည်ရှင်းလင်းပြီး အဓိကအဆိုနဲ့ပတ်သက်ပြီးတော့ ဒုတိယပိုင်းမှာ ဒီလိုတင်ပြသွားကြောင်းလည်း တွေ့ရှိရပါတယ်။ ဝန်ကြီးရဲ့ရှင်းလင်းဖော်ပြချက်မှာ အဓိကမိမိအနေနဲ့ နှစ်ခုအဓိကမှတ်သားမိပါတယ်။ (၁) ကတော့ ခေတ်တွေပြောင်းလာပြီ။ စနစ်တွေပြောင်းလာပြီ။ ယခင် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်က ပြဋ္ဌာန်းထားတဲ့ ဥပဒေသည် ဒီနေ့ခေတ်၊ ဒီနေ့စနစ်နဲ့ မကိုက်ညီတာတွေပါတယ်ဆိုရင် ဒါတွေကိုခေတ်စနစ် နဲ့ညီတဲ့ဥပဒေများ ပြန်လည်ပြဋ္ဌာန်းပေးဖို့၊ တစ်နည်းအားဖြင့် ပြောမယ်ဆိုရင် ပါတီစုံဒီမိုကရေစီ ခေတ်စနစ် မှာလိုက်လျောညီထွေရှိတဲ့ဥပဒေများ ပြန်လည်ပြင်ဆင်ပြဋ္ဌာန်းဖို့ လိုအပ်တဲ့အတွက် ဆောင်ရွက်နေပြီဆိုတဲ့အကြောင်း တစ်ချက်ပါပါတယ်။ နောက်ဒုတိယအချက်ကတော့ စွပ်စွဲပြောဆိုမှုများဝန်ကြီးကတော့ ယဉ်ယဉ်ကျေးကျေး လိမ်လိမ်မာမာ တင်ပြသွားပါတယ်။ စွပ်စွဲပြစ်တင်ပြောဆိုမှုများ မမှန်ကန်ဘဲနဲ့၊ မလိုအပ်ဘဲနဲ့ ပြောခြင်းဟာ သက်ဆိုင်ရာဌာနများကို ထိခိုက်သလို စွပ်စွဲပြောဆိုတဲ့လူကိုလည်း ပြန်ပြီးတော့ ရောင်ပြန်ဟပ်နိုင် ပါတယ်။ တခြားတခြားနိုင်ငံတွေမှာ Defamation Law ခေါ်တဲ့ အသေရေဖျက်မှု စသည်စသည် ဒီလိုဥပဒေများနှင့်လည်းပြန်ပြီတော့ အရေးယူနိုင်ကြောင်းရှိတယ်ဆိုတာလည်း သွယ်ကာဝိုက်ကာပြော သွားတဲ့သဘောရှိပါတယ်။ ဒါ့ကြောင့်မို့လို့ မိမိတို့လွှတ်တော်ကိုယ်စားလှယ်များ လွှတ်တော်အစည်း အဝေးမှာတင်ပြတဲ့အခါမှာ ကျွန်တော်တစ်ခါက ပြောခဲ့သလို မလိုအပ်တဲ့အကြောင်းအရာတွေ၊ မလိုအပ်တဲ့စကားအသုံးအနှုန်းတွေ သတိပြုဆင်ခြင်ဖို့လိုပါတယ်။ ဒီဟာသည် လွှတ်တော်ရဲ့ ဂုဏ်သိက္ခာ၊ လွှတ်တော်ကိုယ်စားလှယ်များရဲ့ ဂုဏ်သိက္ခာနဲ့ သက်ဆိုင်တဲ့အတွက် ဒါတွေကိုလည်း အားလုံးသတိထားဆောင်ရွက်ဖို့လိုတယ်လို့ ကျွန်တော် ပြောချင်ပါတယ်။ ဒီအခါမှာ ဦးသိန်းညွန့်ကို သူ့ရဲ့သဘောထားဆန္ဒ မေးတဲ့အခါမှာလည်း ဦးသိန်းညွန့်က ဒီလိုဝန်ကြီးက ရှင်းရှင်းလင်းလင်း ပြောသွားတဲ့အတွက် ကျေးဇူးတင်ကြောင်းပြောပါတယ်။ သဘောကတော့ ပြန်လည်သတိရပြီးတော့ ဒီလိုပြောကြားခြင်းဟာ အကျိုးသက်ရောက်မှု မကောင်းဘူးဆိုတာကို ဒီလိုနားလည်လို့ ဒီလိုပြန်ပြော တဲ့သဘောဖြစ်တယ်လို့ပဲ ယူဆပါတယ်။ ဒါ့ကြောင့် ကျွန်တော့်ဘက်ကလည်း လွှတ်တော်ဥက္ကဋ္ဌ တစ်ယောက်အနေနဲ့ ယခုကဲ့သို့ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက တင်ပြခြင်း၊ ဆွေးနွေးခြင်းဟာ သက်ဆိုင်ရာဝန်ကြီးဌာနကို ထိခိုက်တယ်လို့ ယူဆတယ်ဆိုလို့ရှိရင်လည်း တစ်ကြိမ် မှာတော့ ဒီဝန်ကြီးဌာနအနေနဲ့၊ သက်ဆိုင်တဲ့ဝန်ကြီးဌာနအနေနဲ့ ဒါကိုနားလည်ခွင့်လွှတ်ပေးဖို့ ကျွန်တော်အနေနဲ့ ဒီလိုပြောချင်ပါတယ်။ နောက်နောင်ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များ တင်ပြတဲ့အခါမှာ ကျွန်တော် တစ်ချိန်ကပြောခဲ့တဲ့ လွှတ်တော်ရဲ့ လွှတ်တော်ကိုယ်စားလှယ်များရဲ့ အခွင့်အရေးကို စနစ်တကျ ထိထိရောက်ရောက်အသုံးပြုဖို့ မှာကြားခဲ့တာရှိသလို မလိုအပ်သော

စကား၊ မလိုအပ်သောအကြောင်းအရာတွေ လွှတ်တော်အတွင်း ယူဆောင်လာခြင်းအားဖြင့် လွှတ်တော်ရဲ့စည်းလုံးညီညွတ်မှုကိုထိခိုက်ပြီး၊ လွှတ်တော်ရဲ့ဂုဏ်သိက္ခာလည်း ထိခိုက်နိုင်တယ်ဆိုတာကိုလည်း အားလုံးသတိထားဆောင်ရွက်သွားဖို့လိုပါတယ်။ အဆိုနဲ့ ပတ်သက်လို့ကတော့ သက်ဆိုင်ရာအဆိုရှင်ဖြစ်တဲ့ ဦးသိန်းညွန့် ကိုယ်တိုင်ကသည်ပင်လျှင် ဝန်ကြီးတင်ပြတဲ့အပေါ်မှာ နားလည်တယ်။ သဘောပေါက်တယ်။ ဒီလုပ်ငန်းတွေဟာလည်း ဆောင်ရွက်ပြီး ကိစ္စတွေရှိသလို ဆောင်ရွက်ဆဲကိစ္စတွေလည်းရှိတယ်။ ထပ်ပြီးတော့လည်း အလုပ်သမားများရဲ့ အခွင့်အရေးနဲ့ ပတ်သက်ပြီးတော့ ဆက်လက်ဆောင်ရွက်မယ်ဆိုတဲ့အတွက် ဝမ်းမြောက်တယ်။ ဒါ့ကြောင့်မို့လို့ အဆိုနဲ့ပတ်သက်ပြီးတော့ လွှတ်တော်အနေနဲ့ မှတ်တမ်းတင်ထားဖို့ပဲသက်ဆိုင်ရာ ဦးသိန်းညွန့်က ဒီလိုပြောသွားတဲ့အတွက် ကျွန်တော်တို့ လွှတ်တော်အနေနဲ့လည်း အဆိုရှင်ရဲ့ နောက်ဆုံးတင်ပြလိုလားချက်အတိုင်းပဲ လွှတ်တော်မှာ မှတ်တမ်းတင်ထားရှိမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အစည်းအဝေးကို မိနစ် ၂၀ ခန့်ရပ်နားပါမယ်။

**အခမ်းအနားမှူး**။ ။အားလုံးထွက်ခွာနိုင်ကြပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးပြန်လည်ထွက်ခွာပါပြီခင်ဗျား။

[ အစည်းအဝေးကို မိနစ် ၂၀ ခန့်ရပ်နားပါသည်။ ]

**အခမ်းအနားမှူး**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများခင်ဗျား။ အစည်းအဝေးပြန်လည်စတင်ပါတော့မယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ဦးသိန်းညွန့်၊ သဃ်န်းကျွန်းမဲဆန္ဒနယ်မှ တင်သွင်းထားတဲ့အဆိုနဲ့ပတ်သတ်ပြီး လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးဖို့အမည်စာရင်းပေးထားပါတယ်။ ဦးစွာ ပေါင်းတည်မဲဆန္ဒနယ်မှ ဦးအောင်မြင့်သိန်း ဆွေးနွေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးအောင်မြင့်သိန်း(ပေါင်းတည်မဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော်ကြီးများ ကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ ချမ်းသာကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ ပေါင်းတည်မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မြင့်သိန်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမဲဆန္ဒနယ်၊

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့်အဆိုတင်သွင်းထားတဲ့ သတင်းမီဒီယာသမားများ၏ ထင်မြင်ယူဆချက်များကို လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ ရေးသားဖြန့်ဝေခွင့် စသည့်အခွင့်အရေး များကာကွယ်စောင့်ရှောက်ပေးသည့် ဥပဒေတစ်ရပ်ပြဋ္ဌာန်းပေးပါရန် အဆိုနဲ့ပတ်သက်လို့ ဆွေးနွေး သွားမှာဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော့်အနေနဲ့ အဆိုမှာပါရှိတဲ့ လွတ်လပ်စွာဆိုတဲ့စကားလုံးကို ဦးစွာ ဆွေးနွေးလိုပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၃၅၄ မှာ နိုင်ငံသားတိုင်းသည် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာ အေးချမ်းသာယာရေး သို့မဟုတ် ပြည်သူတို့၏ကိုယ်ကျင့်တရားအကျိုးငှာ ပြဋ္ဌာန်းထားသည့်ဥပဒေ များနှင့်မဆန့်ကျင်လျှင် အောက်ပါအခွင့်အရေးများကို လွတ်လပ်စွာသုံးစွဲဆောင်ရွက်ခွင့် ရှိသည်-

(က) မိမိ၏ယုံကြည်ချက်၊ထင်မြင်ယူဆချက်များကို လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ရေးသား ဖြန့်ဝေခွင့်၊

(ခ) လက်နက်မပါဘဲ ငြိမ်းချမ်းစွာစုဝေးခွင့်၊ စီတန်းလှည့်လည်ခွင့်၊

(ဂ) အသင်းအဖွဲ့ သို့မဟုတ် အစည်းအရုံးများဖွဲ့စည်းဆောင်ရွက်ခွင့်၊

(ဃ) တိုင်းရင်းသားလူမျိုး တစ်မျိုးနှင့်တစ်မျိုး သို့မဟုတ် တိုင်းရင်းသားလူမျိုးအချင်းချင်းကို လည်းကောင်း၊ အခြားဘာသာ သာသနာကိုလည်းကောင်း ထိခိုက်နစ်နာမှုမရှိစေဘဲ မိမိချစ်ခင်မြတ်နိုး သည့် စကား၊ စာပေ၊ ယဉ်ကျေးမှု၊ ကိုးကွယ်သည့်ဘာသာ သာသနာနှင့် ဓလေ့ထုံးတမ်းများကို လွတ်လပ်စွာ ဆောင်ရွက်ပိုင်ခွင့် စသည်ဖြင့်ဖော်ပြထားပါတယ်။

စာပိုဒ်မှာပါရှိတဲ့ လွတ်လပ်ခွင့်ဆိုတဲ့စကားလုံးကို ကျွန်တော့်အနေနဲ့ သဘောပေါက်ခံယူ ထားတာက လွတ်လပ်စွာဆိုတိုင်း စည်းမဲ့ကမ်းမဲ့ လွတ်လပ်မှုမျိုး မဖြစ်စေလိုပါဘူး။ စည်းကမ်းနဲ့ လွတ်လပ်မှုမျိုးပဲ ဖြစ်စေချင်ပါတယ်။ စည်းမဲ့ကမ်းမဲ့ လွတ်လပ်စွာထုတ်ဖော်ပြောဆို ရေးသားဖြန့်ဝေ မှုတွေကြောင့် ကျွန်တော်တို့ တိုင်းပြည်ကြီးပျက်စီးသွားတော့မယ့် အဖြစ်မျိုးတွေကို ကျွန်တော်တို့ ကြုံတွေ့ခဲ့ကြရပြီးပါပြီ။ သင်ခန်းစာတွေလည်း ကျွန်တော်တို့ ရခဲ့ကြပြီးပါပြီ။ သတင်းမီဒီယာသမား တချို့ရဲ့ စည်းကမ်းမဲ့ ထုတ်ဖော်ပြောဆို ရေးသားဖြန့်ဝေ စည်းရုံးလှုံ့ဆော်မှုတွေနဲ့အတူ လူစုလူဝေးနဲ့ ဆန္ဒပြ၊ တိုင်းရင်းသားလူမျိုးချင်းသွေးခွဲကြတာကြောင့် တာဝန်ထမ်းဆောင်နေကြတဲ့ ပြည်သူ့ဝန်ထမ်း တွေ စိတ်ဝမ်းကွဲသွားကြရတာတွေ၊ အေးချမ်းစွာပညာသင်ကြားနေကြတဲ့ ကျောင်းသား၊ ကျောင်းသူတွေ ရဲ့ ပညာသင်မှုကိုထိခိုက်တာတွေ၊ ပုဂ္ဂလိကလွတ်လပ်ခွင့်ကို နှောင့်ယှက်ထိပါးတာတွေ အချုပ်တင်ပြ ရမယ်ဆိုရင် တိုင်းပြည်ရဲ့ တည်ငြိမ်အေးချမ်းမှုပျက်ပြားရတာတွေဟာ စည်းမဲ့ကမ်းမဲ့လွတ်လပ်မှုတွေ

ကြောင့်ဖြစ်ခဲ့ရတယ်ဆိုတာကို ကျွန်တော်ထောက်ပြလိုပါတယ်။ ဥပမာအားဖြင့် အကွပ်မဲ့ကြမ်းဗရမ်းဗတာဆိုတာမျိုးလို့ဆိုချင်တာပါ။ အကွပ်မဲ့သော၊ စည်းကမ်းမဲ့သော လွတ်လပ်မှုမျိုးကို မဖြစ်စေလိုပါဘူး။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ဟာ စာပေ၊ စာနယ်ဇင်းအဖွဲ့ဝင်တစ်ဦးအဖြစ်နဲ့ ကဗျာ၊ ဆောင်းပါး၊ ဝတ္ထုတိုနဲ့ကာတွန်းတွေကို ဝါသနာအလျောက် ရေးသား၊ ရေးဆွဲနေသူ ဖြစ်ပါတယ်။ စည်းကမ်းလိုက်နာသော ပြည်သူတစ်ဦးအနေနဲ့ တို့တာဝန်အရေးသုံးပါးကို အမြဲဦးထိပ်ထားပြီး လွတ်လပ်စွာရေးသား၊ ရေးဆွဲခဲ့ပါတယ်။ တို့တာဝန်အရေးသုံးပါးကို ထိပါးမယ့်အရေးအသားကို လုံးဝရှောင်ကြဥ်ခဲ့ပါတယ်။ ကျွန်တော့်အနေနဲ့ လွတ်လပ်စွာရေးသား၊ ရေးဆွဲလို့ရတယ်ဆိုရုံနဲ့ မပြီးနိုင်ပါဘူး။ ဒီမိုကရေစီရဲ့ အနှစ်သာရဖြစ်တဲ့ လွတ်လပ်မှုနဲ့အတူ မိမိမှာ တာဝန်ရှိမှု၊ တာဝန်ခံနိုင်မှုရှိရန်ပါလိုတယ်လို့ သဘောပေါက်နားလည်ထားခဲ့ပါတယ်။ ဒီအတွက်ကြောင့် အဆိုရှင်တင်သွင်းတဲ့ သတင်းမီဒီယာသမားများ၏ ထင်မြင်ယူဆချက်များကို လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ ရေးသားဖြန့်ဝေခွင့်စတဲ့ အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ပေးတဲ့ ဥပဒေတစ်ရပ်ပြဋ္ဌာန်းပေးပါရန်အဆိုကို ကျွန်တော့်အနေနဲ့ ဖြည့်စွက်ဆွေးနွေးရမယ်ဆိုရင်ဖြင့် သတင်းမီဒီယာသမားများ၏ ထင်မြင်ယူဆချက်များကို လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ ရေးသားဖြန့်ဝေခွင့်စသည့်အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ပေးသည့် ဥပဒေတစ်ရပ်ကို ပြည်သူတစ်ရပ်လုံးက တစ်ခဲနက်ထောက်ခံအတည်ပြုခဲ့သည့် ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ ပြဋ္ဌာန်းပေးသင့်ပါကြောင်းဆွေးနွေးတင်ပြအပ်ပါတယ်ခင်ဗျား။ကျေးဇူးတင်ပါတယ်။(ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။သီပေါမဲဆန္ဒနယ်မှ ဦးရဲထွန်းဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးရဲထွန်း(သီပေါမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တကွဖိတ်ကြားထားသောဧည့်သည်တော်များ၊ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ သီပေါမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရဲထွန်း(ခ)ဦးမင်းထွန်းဖြစ်ပါတယ်။ မနေ့က ပြည်သူ့လွှတ်တော်မှာ သဃ်န်းကျွန်းမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးသိန်းညွန့် တင်သွင်းသွားခဲ့တဲ့ သတင်းမီဒီယာများ၏ ထင်မြင်ယူဆချက်များကို လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ ရေးသားဖြန့်ဝေခွင့် စသည့်အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ပေးသည့်ဥပဒေတစ်ရပ်ပြဋ္ဌာန်းပေးပါရန် အဆိုကိုထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဦးသိန်းညွန့် တင်သွင်းသွားခဲ့တဲ့အဆိုဟာ တကယ်ကတော့ စတုတ္ထမဏ္ဍိုင်လို့ခေါ်တဲ့ သတင်းမီဒီယာလွတ်လပ်ခွင့်ပဲဖြစ်ပါတယ်။ ဘယ်ဒီမိုကရေစီနိုင်ငံမှာမဆို အုပ်ချုပ်ရေးအာဏာ၊ ဥပဒေပြုရေးအာဏာနဲ့ တရားစီရင်ရေး

အာဏာများဟာ အပြန်အလှန်အထိန်းအထေ Check & Balance ဖြစ်ဖို့နဲ့ ပြည်သူတွေကို အပြည့်အဝ တာဝန်ခံနိုင်ဖို့ဆိုတာ သတင်းမီဒီယာလွတ်လပ်ခွင့်ဆိုတဲ့ စတုတ္ထမဏ္ဍိုင်မပါဘဲ လုံးဝမဖြစ်နိုင်ပါဘူး။ သတင်းမီဒီယာက လွတ်လပ်ခွင့်အပြည့်ဝရှိမှသာ ပြည်သူတို့က ရွေးကောက်တင်မြှောက်လိုက်တဲ့ အုပ်ချုပ်သူအစိုးရများ၊ ဥပဒေပြုသူများနဲ့ တရားစီရင်ခွင့်ရသူများကို ပြည်သူတွေကိုယ်စားစောင့်ကြည့်နိုင်မှာဖြစ်ပါတယ်။ တကယ်တော့ ကျွန်တော်တို့အားလုံးဟာ ပုထုဇဉ်လူသားများဖြစ်ကြတဲ့အတွက် လောဘ၊ ဒေါသ၊ မောဟ၊ မာနတွေ မပယ်သတ်နိုင်သေးတာကြောင့် မှားနိုင်ကြပါတယ်။ ဒီအမှားတွေကို ကြီးကြီးမားမားမကျူးလွန်မိခင်မှာမှန်မှန်ကန်ကန်ဝေဖန်ထောက်ပြမဲ့သူရှိပါမှအမှားကြီးမမှားခင် ပြင်ဆင်နိုင်ကြမှာဖြစ်ပါတယ်။ ယခုအခါ ကမ္ဘာ့မြေပုံပေါ်ကပျောက်ကွယ်သွားပြီဖြစ်တဲ့ ဆိုဗီယက်ဆိုရှယ်လစ်သမ္မတနိုင်ငံကြီးဟာ တစ်ချိန်ကကမ္ဘာပေါ်မှာ တန်ခိုးထွားခဲ့ပါတယ်။ ဒီလောက်တန်ခိုးသြဇာကြီးထွားခဲ့တဲ့ နိုင်ငံကြီးတစ်ခု ရုတ်တရက်ချက်ချင်းဆိုသလို ပြိုကျပျက်စီးသွားရခြင်းရဲ့အဓိကအကြောင်းရင်းကတော့ မှားယွင်းတဲ့ဗဟိုချုပ်ကိုင်တဲ့ စီးပွားရေးစနစ်ကြောင့်ဖြစ်ပေမယ့် ဒီအမှားတွေကိုမှန်မှန်ကန်ကန်ထောက်ပြနိုင်တဲ့ လွတ်လပ်ပွင့်လင်းတဲ့ မီဒီယာမရှိခြင်းကလည်း အရေးကြီးတဲ့အချက်တစ်ချက်ဖြစ်ပါတယ်။ လွတ်လပ်ပွင့်လင်းတဲ့ မီဒီယာမရှိတဲ့အတွက် ပြည်သူကိုကိုယ်စားပြုပါတယ်ဆိုတဲ့ Supreme Soviet လို့ခေါ်တဲ့ လွှတ်တော်ကြီးကလည်း အားလုံးကောင်းပါသည်ခင်ဗျားဆိုတဲ့ လက်ညှိုးထောင်ခေါင်းညိတ်လွှတ်တော်ကြီးဖြစ်နေကြောင်း ပြည်သူတွေသိအောင်အမှန်အတိုင်းတင်ပြ ခွင့်မရခဲ့ပါဘူး။ အစိုးရပိုင်မီဒီယာများကဖော်ပြတဲ့ အလိမ်အညာသတင်းများကိုပဲ ခေါင်းဆောင်များက အဟုတ်ထင်၊ ပြည်သူလူထုခံစားနေရတဲ့ ဒုက္ခအခက်အခဲတွေကို ခပ်ပေ့ါပေ့ါသဘောထား၊ အစိုးရကိုထိခိုက်မယ်လို့ ယူဆတဲ့သတင်းများကိုအမှောင်ချထား၊ အစိုးရက လုပ်ကိုင်ပေးတာနည်းနည်းကလေးကို ပုံကြီးချဲ့ကြွား၊ ဆန့်ကျင်ဘက်ကပြောတာများလုံးလုံးမကြား၊ ဒီလိုနဲ့ဆိုဗီယက်ဆိုရှယ်လစ်သမ္မတနိုင်ငံကြီးဟာ ကိုယ်ရေပြားရောဂါစွဲကပ်နေတဲ့ လူနာကြီးတစ်ယောက်လိုဘာခံစားမှုမှမရဘဲ နောက်ဆုံးဗုန်းဗုန်းလဲကျဆုံးရတော့မှပဲ တအံ့တသြသိလိုက်ရတာက ကိုယ့်အခြေအနေကိုသိတာ သိပ်ကိုနောက်ကျသွားပြီ ဆိုတာပါပဲ။ တကယ်တော့ လွတ်လပ်ပွင်းလင်းတဲ့ မီဒီယာဆိုတာ အသုံးပြုတတ်ရင် ကိုယ့်ရဲ့အရေပြားလိုပဲ ရာသီဥတုပူရင်ပူသလို၊ အေးရင်အေးသလိုခံစားရမယ်၊ လက္ခဏာတွေပြမယ်။ လက္ခဏာတွေပြပြီဆိုရင် ကြိုတင်ကာကွယ်နိုင်ပါပြီ။ ကြိုတင်မကာကွယ်ဘဲ ခပ်ပေ့ါပေ့ါနေမယ်ဆိုရင် နာမယ်၊ ဖျားမယ်။ ဒါ့ထက်မက ပူတဲ့၊ အေးတဲ့ လက္ခဏာပြတာတွေကို ဂရုမစိုက်အလေးမထားရင်တော့ အသက်သေစေလောက်တဲ့အထိ ဒုက္ခပေးတော့မှာပဲဖြစ်ပါတယ်။ ဒါကြောင့် မိမိခန္ဓာကိုယ်ကို အန္တရာယ်မကျရောက်အောင် ကာကွယ်သတိပေး

ထုတ်ပြန်ချက်တွေလုပ်နေတဲ့ ခန္ဓာကိုယ်အရေပြားကိုဂရုစိုက်သလို လွှတ်လပ်တဲ့မီဒီယာရဲ့ အခန်းကို ဂရုစိုက်သင့်လှပါတယ်။ ဆိုဗီယက်ဆိုရှယ်လစ်စနစ်နဲ့ ပြောင်းပြန်ပါပဲ။ သေပန်းပွင့်နေပြီ၊ ကမ္ဘာမြေပြင်ပေါ်က ပျောက်ကွယ်သွားတော့မှာလို့ အပြောအဆိုခံရတဲ့ လစ်ဘရယ်ဒီမိုကရေစီကတော့ ပြည်သူလူထုအကျိုးကို တကယ်တမ်းဖော်ဆောင်နိုင်တဲ့ Check & Balance ရှိတဲ့မဏ္ဍိုင်ကြီးလေးရပ်ကို ခိုင်ခိုင်မာမာတည်ဆောက်နိုင်ပြီး မီဒီယာကိုပြည်သူလူထုရဲ့ကိုယ်စားစောင့်ကြည့်တဲ့ တာဝန်ကိုလွှဲအပ်ထားနိုင်တာကြောင့် ကမ္ဘာမြေပြင်ပေါ်ကပျောက်ကွယ်မသွားဘဲ ယနေ့ထက်တိုင် ပန်းပန်း လျက်ပဲရှိနေပါတယ်။ မီဒီယာများကတစ်ဆင့် ဆန့်ကျင်ဘက်တွေ၊ မတူတဲ့အမြင်ရှိသူတွေရဲ့ ထောက်ပြဝေဖန်မှုတွေနဲ့ ပြည်သူတွေရဲ့လိုအပ်ချက်တွေကို အချိန်မီသိရှိပြီးပိုမိုကောင်းမွန်အောင် ပြင်ဆင်နိုင်ခဲ့ကြပါတယ်။ ရှေ့ကိုတစ်လှမ်းပြီးတစ်လှမ်း တိုးတက်လျှောက်လှမ်းနိုင်ခဲ့ကြပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံဟာ ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးဆီကို ခြေလှမ်းကျဲကျဲကြီးနဲ့ ချီတက်နေပါပြီ။ နိုင်ငံတော်သမ္မတကြီးနဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးများရဲ့ ပြောဆိုပြုမူဆောင်ရွက်ပုံများဟာ အနာဂတ်မြန်မာပြည်အတွက် အားတက်စရာကောင်းလှပါတယ်။ ဒါပေမယ့် သတင်းမီဒီယာအပိုင်းကတော့ ခြေတစ်လှမ်းနောက်ကျ ကျန်နေပုံရပါတယ်။ အရေးကြီးတဲ့ စတုတ္ထမဏ္ဍိုင် သတင်းမီဒီယာလွတ်လပ်ခွင့်ကိုအခြားသောမဏ္ဍိုင်သုံးရပ်ထက် ခြေလှမ်းများစွာ နောက်ကျမကျန်ရစ်စေလိုပါ။ ဒါ့ကြောင့် ဦးသိန်းညွန့် တင်သွင်းတဲ့အဆိုဟာ အချိန်မီတင်သွင်းတဲ့ အဆိုတစ်ရပ်ဖြစ်တာကြောင့် ဒီအဆိုကို လေးလေးနက်နက်ထောက်ခံကြောင်းနဲ့ ခုန ပေါင်းတည်မဲဆန္ဒနယ်က ဦးအောင်မြင့်သိန်း ဆွေးနွေးသွားတဲ့အထဲမှာ အခြေခံဥပဒေပုဒ်မ ၃၅၄ ကို ကိုးကား သွားတာကိုလည်း ကြားသိလိုက်ရပါတယ်။ ဒီပုဒ်မ ၃၅၄ အခြေခံဥပဒေဆိုတာ ကျွန်တော်တို့ အားကိုးရမယ့် အမြဲပြန်လှန်ကြည့်ရမယ့် ပုဒ်မ ဖြစ်ပါတယ်။ ဒီအချက်ကို ကျွန်တော်ထောက်ခံပါတယ်။ ဒါပေမယ့် သတင်းမီဒီယာလွတ်လပ်ခွင့်ကို ဘယ်သူကဆုံးဖြတ်မှာလဲ။ ဒီပုဒ်မနဲ့ ကိုက်ညီ၊မကိုက်ညီဆိုတာ ကျွန်တော်တို့မှာ လွတ်လပ်တဲ့ တရားစီရင်ရေးအာဏာ ရှိနေပြီပဲ။ သီးခြားစာပေစိစစ်ရေးဆိုတာ လိုသေးသလား။ ကျွန်တော် ဒီလောက်နဲ့ပဲ နိဂုံးချုပ်ပါတယ်ခင်ဗျား။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။မော်လိုက်မဲဆန္ဒနယ် မှ ဦးသောင်းဆွေးနွေးရန် ဖြစ်ပါတယ်။

**ဦးသောင်း(မော်လိုက်မဲဆန္ဒနယ်)**။ ။လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများနဲ့တကွ အထူးဖိတ်ကြားထားတဲ့ ဧည့်သည်တော်ကြီးများ ခင်ဗျား။ ကိုယ်စိတ်နှစ်ပါးကျန်းမာ၊ ချမ်းသာကြပါစေလို့ ဆုမွန်ကောင်းတောင်းမေတ္တာပို့သနှုတ်ခွန်းဆက်သလိုက်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ မော်လိုက်မဲဆန္ဒနယ်၊

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသောင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမဲဆန္ဒနယ် ၊ဦးသိန်းညွန့်အဆိုတင်သွင်းထားတဲ့ သတင်းမီဒီယာများ၏ ထင်မြင်ယူဆချက်များကို လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့် ရေးသားဖြန့်ဝေခွင့် စသည့်အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ပေးသည့် ဥပဒေတစ်ရပ် ပြဋ္ဌာန်းပေးရန်ဆိုသည့်အဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဦးသိန်းညွန့်တင်သွင်းသွားတဲ့အဆိုတွင် သတင်းမီဒီယာသမားများ၏ ထင်မြင်ယူဆချက်ဆိုတဲ့အသုံးအနှုန်း စကားရပ်အစား သတင်းမီဒီယာသမားများ၏ သတင်းမီဒီယာသမား၏ ကိုယ်တိုင်တွေ့ထိသိမြင်ချက်ကို လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့် ၊ရေးသားဖြန့်ဝေခွင့်ဆိုတဲ့စကားရပ်ကို ပိုမိုနှစ်သက်ပါတယ်။ ဘာ့ကြောင့်လဲဆိုလို့ရှိရင် ထင်မြင်ယူဆချက်များ (Obedient) ဆိုတာ တိကျမှု၊ ခိုင်မာမှု၊ မှန်ကန်မှု၊ သေချာမှုမရှိပါဘူး။ ထင်မြင်ချက်ဆိုတာနဲ့ မှန်ချင်မှန်မယ်။ မှားချင်မှားမယ်လို့ယူဆလို့ရတဲ့ အဓိပ္ပါယ်သက်ရောက်ပါတယ်။ ဒါ့ကြောင့်မို့လို့ ထင်မြင်ယူဆချက်ဆိုသောစကားအစား သတင်းမီဒီယာသမားများ၏ အမှန်ကို ကိုယ်တိုင်တွေ့ထိသိမြင်သူဟု သုံးမှသာ သင့်မြတ်မယ်၊ သက်သေခံဥပဒေပုဒ်မနဲ့လည်း ညီမယ်လို့ဆိုရမှာ ဖြစ်ပါတယ်။

လေးစားအပ်တဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၅ မှာ နိုင်ငံတော်သည် အသိပညာရှင်၊ အတတ်ပညာရှင်များ၏ အကျိုးကိုကူညီဆောင်ရွက်မည်ဟုလည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၅၇ မှာ ပြည်သူ့ကို မည်သူ့ကိုမဆို တည်ဆဲဥပဒေမှတပါး အသက်ကိုဖြစ်စေ၊ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုကိုဖြစ်စေ နစ်နာဆုံးရှုံးမှု မရှိစေရဟုလည်းကောင်း၊ ဒါ့အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၅၄(က)မှာ မိမိ၏ယုံကြည်ချက်၊ ထင်မြင်ယူဆချက်များကို လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ ရေးသားဖြန့်ဝေခွင့်ရှိသည်ဟု ဆိုတာကို ပြဋ္ဌာန်းထားပါတယ်။ အဲဒီပုဒ်မ ၂၅၊ ပုဒ်မ၃၅၇၊ ပုဒ်မ၃၅၄(က) ပုဒ်မများဟာ ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံသားတိုင်း၏ အခွင့်အရေးကို အပြည့်အဝခံစားမှုကို သာတူညီမျှရရှိစေရေးအတွက် သာမန်လူပုဂ္ဂိုလ်များရဲ့ အခွင့်အရေးသာဖြစ်ပါတယ်။ တစ်နည်းအားဖြင့် လူသားတို့ရဲ့အခွင့်အရေးကို အပြည့်အဝခံစားစေရေးအတွက် ပြဋ္ဌာန်းထားတာဖြစ်ပါတယ်။ သို့သော်လည်းပဲ သတင်းမီဒီယာသမားများရေးသားတဲ့ စာပေအရေးအသား များဟာ လူသာမန်ပုဂ္ဂိုလ်များ ထင်မြင်ယူဆချက်ကဲ့သို့ တစ်ထပ်တည်း သဘောမထားသင့်ဘူးဆိုတာ ပြောလိုပါတယ်။ စာပေမီဒီယာသမားများ၏ ထင်မြင်ချက်၊ ယူဆချက်များဟာ အသိပညာရှင်၊ အတတ်ပညာရှင်များ ဖြစ်ကြပါတယ်။ ၎င်းတို့ရေးသားချက်များဟာ မြန်မာတစ်ပြည်လုံးမှာရှိတဲ့ လူထုခေါင်းထဲမှာဖြစ်စေ၊ ကမ္ဘာတစ်ဝန်းလုံးမှာရှိတဲ့လူအများရဲ့ ခေါင်းထဲမှာဖြစ်စေ၊ လူမျိုးအသီးသီးရဲ့ ခေါင်းထဲမှာဖြစ်စေ စိမ့်ဝင်ပျံ့နှံ့သွားနိုင်ပါတယ်။ စာပေမီဒီယာသမားများ ရေးသားဖြန့်ဝေတဲ့ စာပေ

တွေဟာ ကျန်းမာရေးဆိုင်ရာစာပေတွေ၊ ဘာသာရေးဆိုင်ရာစာပေတွေ၊ ပညာရေးဆိုင်ရာစာပေတွေ၊ စိုက်ပျိုးရေးဆိုင်ရာစာပေတွေ၊ မွေးမြူရေးဆိုင်ရာစာပေတွေ၊ နိုင်ငံရေးဆိုင်ရာ စာပေတွေ အတွေး အခေါ်အယူအဆ အမျိုးမျိုးစသည်ဖြင့် အသိပညာပေးဆိုင်ရာစာပေအမျိုးမျိုးကို ရေးသားတဲ့အခါမှာ မှန်ဖို့၊သေချာဖို့၊ တိကျဖို့လိုပါတယ်။ မှန်မှန်ကန်ကန်၊သေသေချာချာ၊ဂဃနဏ၊ ပိုင်ပိုင်နိုင်နိုင်ရေးသား ဖို့လည်းလိုပါတယ်။ဒါမှသာအသိမှန်၊အမြင်မှန်၊အမှတ်မှန်၊အတွေးမှန်၊အယူအဆမှန်၊ သုံးသပ် ချက်မှန်၊ ဆုံးဖြတ်ချက်မှန်မှာဖြစ်ပါတယ်။ စာပေမီဒီယာသမားများက ၎င်းတို့ထင်မြင်ချက်၊ ယူဆချက်များ ဟာသူတပါးကပြောသလို Ear say တစ်ဆင့်ကြားတဲ့စကားမျိုးနဲ့ သတင်းကို ရေးသားထုတ်ဝေမှု မပြုသင့်ပါဘူး။ မမှန်ကန်သော သတင်းတွေကို ဖြန့်ဝေရေးသားမယ်ဆိုရင် အမျိုးမျိုးအယူအဆတွေ ကွဲပြားခြားနားသွားနိုင်ပါတယ်။ လူအများရဲ့ ဦးနှောက်ကို အဆိပ်ခပ်သလို ဖြစ်သွားပါလိမ့်မယ်။

လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီကနေ့ကမ္ဘာကြီးဟာ တစ်ကမ္ဘာတစ်ရွာ ဖြစ်နေတဲ့အချိန် ဖြစ်ပါတယ်။ ကမ္ဘာ့အရှေ့ဖျားကသတင်းကို အနောက်ဖျား၊ ကမ္ဘာ့တောင်ဖျားက သတင်းများကို မြောက်ဖျားစက္ကန့်ပိုင်း၊ နာရီပိုင်းအတွင်းမှာ ရုပ်ရော၊ အသံရောအလွယ်တကူ လျှင်လျှင်မြန်မြန် သိရှိမြင်တွေ့နိုင်တဲ့ ကမ္ဘာ့မီဒီယာခေတ်၊ ကမ္ဘာ့လျှပ်စစ်ခေတ်၊နည်းပညာပေါင်းများစွာ ထွန်းကားပြန့်နိုင်တဲ့ ခေတ်ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ သတင်းမီဒီယာသမားများမှာမိမိတို့ ရေးသား ထုတ်ဝေဖြန့်ချိတဲ့သတင်းများဟာ မြန်ဖို့ထက်မှန်ဖို့ အထူးလိုအပ်ပါတယ်။ ကျွန်တော်တို့ ပါလီမန် ခေတ်က Cabinet အစည်းအဝေးမှာ အစည်းအဝေးမလုပ်ရသေးမီ၊ ဘာဆုံးဖြတ်ချက်မှ မလုပ်ရ သေးမီမှာ အပြင်မှာသတင်းမှား ရော၊သတင်းမှန်ရောထွက်နေတဲ့ အချက်တွေကျွန်တော်တို့ကြားဖူး၊ သိဖူး၊ မှတ်ဖူးပါတယ်။ National သတင်းစာ အယ်ဒီတာ ဦးလောရုံက သတင်းအယ်ဒီတာ ဖြစ်ပါတယ်။ Cabinet ကမှဆုံးဖြတ်ချက် မထွက်ရသေးဘူး။ကြိုတင်ပြီးသတင်းထဲမှာ ထည့်တဲ့အတွက်ဦးလောရုံနဲ့ ဦးသိန်းဖေနဲ့ဟာ အကြီးအကျယ် စကားများဖူးတယ်ဆိုတာ ကြားသိမှတ်သားဖူးပါတယ်။ အမေရိကန် နိုင်ငံမှာ Water Gate အရေးအခင်းဖြစ်ရတဲ့ကိစ္စ၊ အင်္ဂလန်မှာ သတင်းခိုးနားထောင်တဲ့အတွက် ကုမ္ပဏီမှာရှိတဲ့ တာဝန်ရှိပုဂ္ဂိုလ်အားလုံးကို အရေးယူရတဲ့ကိစ္စ၊ ဒါတွေဟာအမှန်ကို စောစောစီးစီး မသိရတဲ့အတွက် မဖြစ်သင့်တာတွေ ဖြစ်လာတာဆိုတာ ကျွန်တော်တို့ သာဓကေတွေရှိပါတယ်။

လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီကနေ့ သတင်းမီဒီယာတွေဟာ ခေတ်မီဖွံ့ဖြိုးတိုးတက်မှု မြန်ဆန်တဲ့ခေတ်မှာ ဈေးကွက်စီးပွားရေးစနစ် ထူထောင်နေတဲ့အချိန်မှာ မှန်ကန်တိကျတဲ့ သတင်းမီဒီယာ အမြန်ရရှိရေးဟာ အလွန်လိုအပ်တဲ့ အချိန်ဖြစ်ပါတယ်။ ဝေဖန်ရေး သတင်းတွေလည်း အမြန်ရဖို့လိုအပ်ပါတယ်။ ဒီနေ့ဒီအချိန်မှာ သူတပါးကိုလည်း ဝေဖန်တတ်ရမယ်။

မိမိကိုယ်တိုင်ကလည်း ဝေဖန်ခံနိုင်ရပါမယ်။ တချို့သတင်း မီဒီယာသမားတွေဟာ သူတပါးကိုတော့ မှိုချိုး၊ မျှစ်ချိုး ရက်ရက်စက်စက် ဝေဖန်သုံးသပ် တတ်ကြပါတယ်။ ကျွန်တော်တို့ သံဘရပ်ရှိနဲ့ တိုက်သလိုပေါ့။ တချို့ဝေဖန်ရေးသမားတွေဟာ ကိုယ့်ကိုယ် ကိုကြတော့ ချိုချိုသာသာ ဝေဖန်ပြောဆို ရေးသား တတ်ကြတယ်။ ဝါဂွမ်းနဲ့ ပွတ်သလိုပေါ့။ သူတစ်ပါးက ဝေဖန်ပြောဆိုတဲ့အခါမှာ ကောင်းဆိုးဝေဖန်တဲ့အခါမှာ မှားတဲ့သူကလည်း အချိန်မီ ပြုပြင်နိုင်မယ်။ မှန်တဲ့သူကလည်း ပို၍ပို၍တိုးတက်ကောင်းမွန်အောင် လုပ်ဆောင်သွားမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ သတင်းမှန် မီဒီယာတွေလိုအပ်တယ်ဆိုတာကို ပြောကြားလိုပါတယ်။ ကျွန်တော့်အနေနဲ့ မီဒီယာသမားများ ဟာ တိုင်းပြည်အကျိုး၊ ပြည်သူလူထုအကျိုးကို လုပ်ဆောင်သယ်ပိုးနိုင်မှာဖြစ်ပါတယ်လို့ မီဒီယာသမားများ ကို ကျွန်တော့်အနေနဲ့ ပြောကြားလိုပါတယ်။ ကောင်းတဲ့မီဒီယာ၊ ကောင်းတဲ့ဝေဖန်ချက် မှန်ကန်တဲ့ သတင်းအမြန်ရမှသာ မှားသူကမြန်မြန်ပြင်နိုင်မှာ ဖြစ်ပါတယ်။ အမှားကြာရင် အမှန်ဖြစ်သွားနိုင် ပါတယ်။ ဒါမှသာ ပြည်သူ့အသံ လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒလွှတ်တော်ဆန္ဒ၊ ပြည်သူတို့မျှော်လင့် ချက် လွှတ်တော်ကဖော်ဆောင်ရွက်ဆိုတဲ့ ဆောင်ပုဒ်နဲ့ ညီမှာဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကျွန်တော် ကိုယ်တိုင်တွေ့ခဲ့ရတဲ့ မမှန်သတင်းလေးတွေကို ကျွန်တော့်အနေနဲ့ တင်ပြလိုပါတယ်။ တိုင်းမှူး တစ်ယောက်ဟာ ဆေးရုံကိုစစ်တဲ့အခါမှာ ဆေးများမရှိပါဘူး။ အပြင်ဆေးဆိုင်ကယူပြီးတော့မှ ပြသထားပါတယ်။ ဒါမျိုးမဖြစ်သင့်ပါဘူး။ ပြန်ကြားရေးမှာ TV မရှိဘူး။ မရှိတဲ့အတွက် ကျောင်းက TV ကို ငှားပြီးသုံးရတဲ့ကိစ္စတွေ GDP တိုးတက်မှု မရှိပါဘဲ ရှိပါတယ်လို့ လိမ်ပြရတာတွေ၊ ကြက်မွေးတာကို မအောင်မြင်တာရှိတော့ ရွာထဲကကြက်တွေနဲ့ ကြက်ဥတွေ ငှားပြီးတော့မှ ပြတာမျိုးတွေ၊ ကြက်ဆူပင် ဧက ၅၀ စိုက်ပါလို့ ခိုင်းတဲ့အခါမှာ မစိုက်ဘဲလိမ်ပြတာတွေ ကြက်ဆူပင်အပင် ၃၀၀၀ ပျိုးခိုင်းတာကို မပျိုးဘဲနဲ့ တခြားဌာနကအပင်များကို ငှားပြတာတွေဟာ မမှန်တဲ့သတင်းတွေ။ အဲဒီမမှန်တဲ့ သတင်းတွေကို သတင်းမီဒီယာသမားတွေက ဓါတ်ပုံတွေရိုက်၊ သတင်းစာတွေထဲ ထည့်တဲ့အခါကြတော့ ဒီလိုမမှန်သတင်းတွေဖြစ်လာတယ်။ အဲဒါဟာ မလိုလားအပ်တဲ့ကိစ္စတွေဖြစ်ပါတယ်။ ဒါဆိုလို့ရှိရင် လူကြီးတွေအလိမ်ခံနေရတာကို ပြောဆိုလိုတာ ဖြစ်ပါတယ်။ အလိမ်မခံရအောင် သတိပြုသင့်ပါတယ်။ ဒါဟာဆိုလို့ရှိရင် မှန်ကန်တဲ့သတင်း ရတယ်ဆိုလို့ရှိရင် ကျွန်တော်တို့ ကိစ္စမရှိဘူး။ မမှန်ကန်တဲ့ သတင်းကို ရမယ်ဆိုရင် လူတစ်စု၊ လူ့အဖွဲ့အစည်း၊ တိုင်းပြည်တစ်ပြည်ဟာ ပြိုလဲပျက်စီးသွား နိုင်ပါတယ်။ ဒါကြောင့်မို့လို့ မှန်ကန်တဲ့ မီဒီယာသမားများလိုအပ် ပါတယ်။ မမှန်မကန် ရေးသားတဲ့ မီဒီယာသမားများ ဆိုလို့ရှိရင် မလိုအပ်ပါဘူး။ အောက်ခြေမှာ မှားနေတာကို အပြောအဆိုခံရမှာ စိုးတော့ လူကြီးကိုလိမ်ပြတာမျိုး မဖြစ်စေသင့်ပါဘူး။ အလုပ်တစ်ခု၊ စီမံကိန်းတစ်ခု ဘာပဲလုပ်လုပ်

လုပ်တဲ့အခါမှာ အောင်မြင်တာရှိသလို မအောင်မြင်တာလည်း ရှိမှာဖြစ်ပါတယ်။ ဖြစ်တာလည်းရှိသလို မဖြစ်တာလည်း ရှိမှာဖြစ်ပါတယ်။ ပျက်တာလည်းရှိမှာဖြစ်ပါ တယ်။ ကောင်းတာဖြစ်တာတွေ ဖြစ်သလို မကောင်းတာတွေပျက်တာကိုလည်း မှန်းဆတွက်ချက်ရမှာ ဖြစ်ပါတယ်။ ဒါကြောင့် စာပေမီဒီယာ သမားများရဲ့ မှန်ကန်တိကျ ခိုင်မာတဲ့သတင်းများ၊ ကိုယ်တိုင်သိတဲ့သတင်းကို လွတ်လပ်စွာ ရေးသားထုတ်ဝေခွင့်ပြုသင့်ပါတယ်။ ဒါမှသာ နိုင်ငံရေးအရပြုပြင်ပြောင်းလဲမှုတွေ၊ အုပ်ချုပ်ရေးအရ ပြုပြင်ပြောင်းလဲမှုတွေ၊ စီးပွားရေးအရပြုပြင်ပြောင်းလဲမှုတွေ၊ ပြောင်းလဲလွယ် ပြောင်းလဲဖြစ်သင့်သော ကိစ္စများ၊ တရားမျှတမှုရှိတဲ့ ကိစ္စများကိုဆိုတဲ့ အနိဋ္ဌာရုံတွေ တွေ့မှာဖြစ်ပါ တယ်။ ဒါမှသာ နိုင်ငံဟာ ခေတ်မီတိုးတက်တဲ့ နိုင်ငံဖြစ်ပါမယ်။ အခြားနိုင်ငံများနဲ့လည်း ရင်ဘောင်တန်း နိုင်မှာဖြစ်ပါတယ်။ နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်က ပြည်ထောင်စုလွှတ်တော်မှာ ၃၀-၃-၂၀၁၁ ရက်နေ့က ပြောကြားခဲ့တဲ့မိန့်ခွန်းမှာ တစ်ဖက်ကလည်းစတုတ္ထမဏ္ဍိုင်ဖြစ်တဲ့စာနယ်ဇင်းများရဲ့ အခန်းကဏ္ဍကို အလေးထားဖို့ လိုအပ်ပါတယ်။ စာနယ်ဇင်းများကတစ်ဆင့် ပြည်သူတွေ သိသင့်သိထိုက်တဲ့ အချက်များ ကို အသိပေးသွားဖို့လိုသလို စာနယ်ဇင်းများက အပြုသဘောဆောင်၊ အကြံပြုချက်များကိုလည်း အလေးထားဖို့လိုအပ်ပါတယ်လို့ သမ္မတကြီးက မိန့်ခွန်းချွေခဲ့ပါတယ်။ ဒါဟာဆိုလို့ရှိရင် သမ္မတကြီးက အမှန်ကို သိလိုကြားလိုတဲ့မိန့်ခွန်းဖြစ်တယ်ဆိုတာကို ဝေဖန်သုံးသပ်လို့ရပါတယ်။

လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ မှန်ကန်တဲ့မီဒီယာသမားများ၊ သတင်းသမားများကိုစိစစ်ပြီး ဆုပေးချီးမြှောက်သင့်သလို အကာအကွယ်ပေးသင့်ပါတယ်။ ဥပဒေနဲ့ လည်း ကာကွယ်ပေးသင့်ပါတယ်။ မမှန်သတင်း၊ မမှန်မီဒီယာသမားများကို စိစစ်ရေးယူပြစ်ဒဏ် ပေးသင့်ပါတယ်။ သတင်းမီဒီယာသမားများကလည်း ၎င်းတို့သတ်မှတ်ထားတဲ့ စည်းကမ်းများကို လိုက်နာကျင့်သုံးဖို့လိုပါတယ်။ သတင်းမီဒီယာသမားများကလည်း စာနယ်ဇင်းမူဝါဒများကို လေးစား လိုက်နာဖို့ ဘက်မလိုက်တဲ့ နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးပြု လုပ်ငန်းများကို အမှန်အတိုင်း ပေးဝေ ရေးသားဖြန့်ချိပါက လှိုက်လှိုက်လှဲလှဲ ကြိုဆိုလက်ခံရမှာ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ တင်ပြ လိုတာကတော့ ဖွဲ့စည်းပုံအခြေခံပုဒ်မ ၃၅၄ မှာ ပြဋ္ဌာန်းထားတဲ့အတိုင်း နိုင်ငံသားတိုင်းသည် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး သို့မဟုတ် ပြည်သူတို့၏ ကိုယ်ကျင့်တရားအကျိုးငှာ ပြဋ္ဌာန်းထားသည့်ဥပဒေကို မဆန့်ကျင်ပါက အောက်ပါပုဒ်မ ၃၅၄ (က) တွင် မိမိယုံကြည်ချက်၊ ထင်မြင်ယူဆချက်များကို လွတ်လပ်စွာထုတ်ဖော်ပြောခွင့်၊ ပြောဆိုရေးသားခွင့်၊ ဖြန့်ဝေခွင့်ရမယ်ဆိုတာ ပြဋ္ဌာန်းထားပါတယ်။ အဲဒီ ပြဋ္ဌာန်းချက်အရ ကိုယ်တိုင်သိရှိပြီး တိကျ မှန်ကန်သော သတင်းမီဒီယာသမားများကို လွတ်လပ်တဲ့အခွင့်အရေးပေး သင့်သလို အကာအကွယ်

ပေးသည့် ဥပဒေတစ်ရပ် ပြဋ္ဌာန်းပေးထိုက်ပါကြောင်း တင်ပြဆွေးနွေးလိုပါတယ်။ ဒါကြောင့် ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမဲဆန္ဒနယ်မှ ဦးသိန်းညွန့်အဆိုတင်သွင်းထားတဲ့ သတင်းမီဒီယာသမားများ၏ ထင်မြင်ယူဆချက်များကို လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ ရေးသားဖြန့်ဝေခွင့် စသည့်အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ပေးသည့် ဥပဒေတစ်ရပ် ပြဋ္ဌာန်းပေးပါရန်ဆိုတဲ့ အဆိုကို စကားလုံးပြောင်းလဲ သုံးကာအမှန်ကိုတင်ပြခြင်း သဘောရိုးနဲ့ တိုင်းပြည်အကျိုး၊ ပြည်သူ့အကျိုးရှေးရှုပြီး အပြုသဘောဆောင်တဲ့ ရေးသားသူသတင်းမီဒီယာသမားများအတွက် အကာအကွယ်ပြုတဲ့ ဥပဒေတစ်ရပ် ပြဋ္ဌာန်းပေးသင့်ပါကြောင်း ထောက်ခံဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။လှိုင်သာယာမဲဆန္ဒနယ်မှ ဦးဉာဏ်ဝင်းဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးဉာဏ်ဝင်း(လှိုင်သာယာမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဉာဏ်ဝင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးသိန်းညွန့်၏သတင်းမီဒီယာသမားများ၏ ထင်မြင်ယူဆချက်များကို လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ ရေးသားဖြန့်ဝေခွင့်စသည့်အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ပေးသည့် ဥပဒေတစ်ရပ် ပြဋ္ဌာန်းပေးပါရန် အဆိုကိုဆွေးနွေးတင်ပြသွားမှာဖြစ်ပါတယ်။ ကျွန်တော်၏ ဆွေးနွေးတင်ပြချက်အားဖတ်ကြားဆွေးနွေးခွင့်ပြုပါရန်ရိုသေစွာ ပန်ကြားအပ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ သတင်းမီဒီယာသမားများဟာ ပြည်တွင်းမှာရော နိုင်ငံတကာမှာပါ နေ့စဉ်နှင့်အမျှဖြစ်ပေါ်ပြောင်းလဲနေတဲ့ လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေးအစရှိတဲ့ အခြေအနေအရပ်ရပ်၏ အခြေအနေမှန်ကို ပြည်သူများ အချိန်နှင့် တစ်ပြေးညီ အမှန်အတိုင်းသိရလေအောင် ထုတ်ဖော်ပြောဆို၊ ရေးသားဖြန့်ဝေနေရတဲ့သူများဖြစ်တဲ့အတွက် ပြည်သူများရဲ့ အကျိုးစီးပွားကို ဖော်ဆောင်နေကြသူများ ဖြစ်ပါတယ်။ ၃၀-၃-၂၀၁၁ နေ့တွင်ပြောကြားခဲ့သော နိုင်ငံတော်သမ္မတကြီး၏ မိန့်ခွန်းတွင် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်တည်ဆောက်ရေးတွင်သတင်းမီဒီယာ၏ အခန်းကဏ္ဍသည် စတုတ္ထမဏ္ဍိုင်ဖြစ်သည်ဟု အလေးထားမိန့်ကြားခဲ့ပြီး ယခုအခါ သတင်းမီဒီယာသမားများဟာ လွှတ်တော်အစည်းအဝေးခန်းမထဲအထိ ဝင်ရောက်ပြီးသတင်းရယူနိုင်ကြတဲ့ အခွင့်အရေးတွေ ရရှိနေကြပြီဆိုတာ အားလုံးအသိပဲ ဖြစ်ပါတယ်။

ပြည်သူများအနေနဲ့မိမိတို့ဆောင်ရွက်နေကြရတဲ့ လုပ်ငန်းဆောင်တာများကို နေ့စဉ်ဖြစ်ပေါ်နေတဲ့ အခြေအနေအရပ်ရပ်ပေါ်မှာ နှိုင်းချိန်ပြီး ဆောင်ရွက်နေကြရတာ ဖြစ်တာကြောင့် သတင်းမှန်၊ အခြေအနေမှန်တွေကို သိရှိဖို့လိုအပ်ပါတယ်။ သတင်းမီဒီယာသမားများအနေဖြင့်လည်း မိမိတို့ ထိတွေ့သိရှိလေ့လာရရှိတဲ့ သတင်းကို အချုပ်အခြယ်ကင်းကင်းနဲ့ စည်းကမ်းတကျ လွတ်လပ်စွာ ပြောဆိုရေးသား ဖြန့်ဝေခွင့်ရရှိရမှာဖြစ်သလို တစ်ဖက်ကလည်း လူမှာစည်းကမ်း၊ ရဟန်းမှာ ဝိနည်း၊ ရွာကြီးမှာ စည်းရိုး၊ မင်းမျိုးမှာ ဥပဒေဆိုတဲ့စကားအတိုင်း သတင်းမီဒီယသမားများ အနေနဲ့လည်း မိမိတို့စောင့်ထိန်းရမယ့် ကျင့်ဝတ်တွေ၊ စည်းကမ်းတွေကို လိုက်နာစောင့်ထိန်းရမှာဖြစ်သလို လိုက်နာစောင့်ထိန်းရမယ့်တာဝန်လည်း ရှိပါတယ်။

မြန်မာ့လူ့ဘောင်အဖွဲ့အစည်းကို ယဉ်ကျေးပြီး တိုးတက်ပြောင်းလဲလာဖို့အတွက် လူ့ကျင့်ဝတ်တွေ၊ စည်းကမ်းတွေကို သတ်မှတ်ပြဋ္ဌာန်းပြီး သမိုင်းစဉ်တလျှောက် ကျင့်သုံးနေထိုင်လုပ်ကိုင်လာခဲ့တာကြောင့် တည်ငြိမ်အေးချမ်းပြီး ပြဟ္မစိုရ်တရားထွန်းကားတဲ့ လူ့ဘောင်အဖွဲ့အစည်းအဖြစ် ယနေ့တိုင်အောင် တည်ရှိနေတာ ဖြစ်ပါတယ်။ ဒါကြောင့် လွတ်လပ်မှုဆိုတဲ့ အဓိပ္ပါယ်ကို ဖွင့်ဆိုရမှာ ကျွန်တော်တို့နားလည် လက်ခံထားကြတာကတော့ စည်းမျဉ်းစည်းကမ်းနှင့် ညီညွတ်တဲ့ လွတ်လပ်မှုပဲဖြစ်ပါတယ်။ စည်းမျဉ်း စည်းကမ်းနှင့်မညီညွတ်သည့် အကြွင်းမဲ့လွတ်လပ်မှုမျိုး စည်းမဲ့၊ ကမ်းမဲ့ လွတ်လပ်မှုမျိုး မဖြစ်သင့်ပါဘူး။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျွန်တော်တို့နိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီနိုင်ငံတော်ကြီးအဖြစ် တည်ဆောက်လျက်ရှိရာမှာ စည်းကမ်းတကျ လွတ်လပ်စွာ ပြောဆိုရေးသားနိုင်ဖို့အတွက် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၁ (က)မှာ နိုင်ငံသားတိုင်းသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ပြဋ္ဌာန်းထားသည့် တန်းတူညီမျှ အခွင့်အရေး၊ လွတ်လပ်မှုအခွင့်အရေး၊ တရားမျှတမှု အခွင့်အရေးတို့ကို ခံစားခွင့်ရှိသည်ဟုလည်းကောင်း ပုဒ်မ ၃၅၄ (က)တွင် နိုင်ငံသားတိုင်းသည် နိုင်ငံတော်လုံခြုံရေး၊တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး သို့မဟုတ် ပြည်သူတို့၏ ကိုယ်ကျင့်တရားအကျိုးငှာ ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့်မဆန့်ကျင်လျှင် မိမိ၏ယုံကြည်ချက်၊ ထင်မြင်ယူဆချက်များကို လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ ရေးသားဖြန့်ဝေခွင့်ရှိသည်ဟု ပြဋ္ဌာန်းထားပါတယ်။ ဒါကြောင့် သတင်းမီဒီယာသမားများဟာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားချက်များနှင့်အညီ လွတ်လပ်စွာထုတ်ဖော်ပြောဆိုရေးသား ဖြန့်ဝေခွင့်ရရှိထားပြီး ဖြစ်ပါတယ်။ ယင်းသို့ရရှိထားတဲ့ အခွင့်အရေးများအတိုင်း မိမိတို့၏ယုံကြည်ချက်၊ ထင်မြင်ယူဆချက်များကို ပြဋ္ဌာန်း

ဥပဒေများနှင့် မဆန့်ကျင်ဘဲ စည်းကမ်းတကျ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုရေးသားဖြန့်ဝေခြင်းကို ကျွန်တော့်အနေနဲ့ ထောက်ခံကြိုဆိုပါတယ်။

သို့ဖြစ်ပါ၍ သယ်န်းကျွန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့် တင်သွင်းတဲ့ သတင်းမီဒီယာသမားများ၏ ထင်မြင်ယူဆချက်များကိုလွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ ရေးသားဖြန့်ဝေခွင့်စသည့် အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ပေးသည့် ဥပဒေတစ်ရပ် ပြဋ္ဌာန်း ပေးပါရန်အဆိုဟာ မလိုအပ်တော့တဲ့ အဆိုဖြစ်ပါကြောင်း ဆွေးနွေးတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။အဆိုနှင့်စပ်လျဉ်းပြီး သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးက ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးကျော်ဆန်း(ပြည်ထောင်စုဝန်ကြီး၊ပြန်ကြားရေးဝန်ကြီးဌာန)**။ ။လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနဲ့တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာ ချမ်းသာပြီး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဦးစွာဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်ပါတယ်။ မနေ့ကကျင်းပပြုလုပ်ခဲ့တဲ့ ပြည်သူ့လွှတ်တော်အစည်းအဝေးမှာ ရန်ကုန်တိုင်းဒေသကြီး၊ သယ်န်းကျွန်း မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့်က စတုတ္ထမဏ္ဍိုင်ဖြစ်တဲ့ မီဒီယာသမားများ ရဲ့ထင်မြင်ယူဆချက်များကို လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ လွတ်လပ်စွာ ရေးသားဖြန့်ဝေခွင့် စတဲ့အခွင့်အရေးများကို အကာအကွယ်ပေးတဲ့ ဥပဒေတစ်ရပ်ပြဋ္ဌာန်းပေးဖို့ အဆိုတင်သွင်းသွားတာ ကိုယ်စားလှယ်ကြီးများအားလုံး သိရှိခဲ့ကြပြီးဖြစ်ပါတယ်။ ဒီနေ့မှာလည်းပဲ ဒီအဆိုပေါ်မှာ ဆွေးနွေး ပြောဆိုသွားကြတဲ့ပုဂ္ဂိုလ်များရဲ့ ပြောကြားချက်တွေကိုလည်း ကြားသိခဲ့ကြပြီးဖြစ်ပါတယ်။ ဆွေးနွေး ပြောကြားသွားကြတဲ့ ပုဂ္ဂိုလ်များကိုလည်းကျေးဇူးတင်ပါတယ်။ ကျွန်တော့်အနေနဲ့ ဦးသိန်းညွန့်ရဲ့ အဆိုအပေါ်မှာ ရှင်းလင်းပြောကြားသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဦးသိန်းညွန့်ရဲ့ အဆိုမှာမီဒီယာသမားများရဲ့ ထင်မြင်ယူဆချက်များလို့ ပါရှိပါတယ်။ ထင်မြင်ယူဆချက် ဆိုတာဟာ ကျယ်ပြန့်ပါတယ်။ ဒီလိုပဲ ထင်မြင်ယူဆရမယ်။ ဒီလိုတော့ ထင်မြင်ယူဆလို့ မရဘူးလို့ ကန့်သတ်ထားလို့ရနိုင်တဲ့ကိစ္စ မဟုတ်ပါဘူး။ ဥပမာအားဖြင့် အကြောင်းအရာတစ်ခုကို လူ ၁၀၀ ကိုခေါ်ပြီး အဲဒီအကြောင်းအရာနဲ့ ပတ်သက်တဲ့ ထင်မြင်ယူဆချက် ပေးပါလို့တောင်းရင် ထင်မြင်ယူဆချက်ပေါင်း ၁၀၀ ကျော်၊ ၁၀၀ နီးပါးရှိလာမှာ ဖြစ်ပါတယ်။ ဒါကြောင့် ထင်မြင်ယူဆချက်ဆိုတာနဲ့ပတ်သက်လို့ ၅၅၀ နိပါတ်တော်လာ ကျွန်တော်တို့ ဆန္ဒန်ဆင်မင်း ဝတ္ထုနဲ့ယှဉ်ပြီး ကျွန်တော် ပြောလိုပါတယ်။ ဆန္ဒန်ဆင်မင်းဝတ္ထုကို ကိုယ်စားလှယ်တော်ကြီးများ

အားလုံးသိကြပြီးသားပါ။ ဆန္ဒန်ဆင်မင်းက မယားကြီး မဟာသုဘဒ္ဒါ၊ မယားငယ်စူဠသုဘဒ္ဒါနဲ့ အင်ကြင်းတောမှာ အင်ကြင်းပန်းခူးတယ်။ အဲဒီလိုအင်ကြင်း ပန်းခူးတဲ့အခါမှာ အင်ကြင်းပန်းရဲ့ မွှေးပျံ့တဲ့ဝတ်မှုန်တွေ၊ ဝတ်လွှာလေးတွေကတော့ မယားကြီးမဟာသုဘဒ္ဒါရဲ့အပေါ်မှာ ကျပြီးတော့ ကံအားလျော်စွာပဲ ခါချဥ်အုံကြီးကတော့ မယားငယ်စူဠသုဘဒ္ဒါအပေါ်ကို ကျပါတယ်။ ကျတော့ ခါချဥ်တွေက စူဠသုဘဒ္ဒါကို တုတ်တဲ့အတွက် စူဠသုဘဒ္ဒါဟာငါ့ကိုတော့ မချစ်လေခြင်းလို့ဆန္ဒန် ဆင်မင်းအပေါ် ရန်ငြိုး၊ အမုန်းဖွဲ့တယ်လို့ ဆိုပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ ယူဆကြတဲ့အခါမှာ တချို့သော အယူအဆရှိတဲ့သူတွေက ဆင်ရဲ့အရေခွံဆိုတာအထူကြီးတဲ့၊ အဲဒီအထူကြီးကို ခါချဥ်ကတုတ်လို့ ပေါက်မှာလား၊ အဲဒီလိုမပေါက်တဲ့အတွက် စူဠသုဘဒ္ဒါ ဘယ်လိုလုပ်နာမှာလဲ၊ ဒါသူရဲ့ ထင်မြင်ယူဆ ချက်ပါ။ ထင်မြင်ယူဆချက်ဆိုတာ အမျိုးမျိုးဖြစ်နိုင်ပါတယ်။ အမျိုးမျိုးရှိနိုင်ပါတယ်။ တစ်ခါ စူဠသုဘဒ္ဒါကဒါတင်မကဘူး။ ကျွန်တော်တို့ ဒီဆန္ဒန်ဆင်မင်းကို အခြားသောဆင်များက ပွင့်လွှာ၊ ပွင့်ဖက်ခုနှစ်ချက်နဲ့ ပြည့်စုံတဲ့ အင်မတန်မှမွှေးကြိုင်သင်းပျံ့တဲ့ ပဒုမ္မာကြာပန်းကို ကပ်တယ်။ အဲဒီအခါမှာ ဆန္ဒန်ဆင်မင်းက ဒီပဒုမ္မာကြာပန်းကို သူ့ခေါင်းမှာလည်း ဒီလိုရမ်းပြီးတော့ အမွှေးနံ့သာ တွေရအောင် လုပ်လိုက်တယ်။ ပြီးတဲ့အခါမှာသူက ဒီပဒုမ္မာကြာပန်းကို မဟာသုဘဒ္ဒါ လက်ပေးလိုက် တယ်။ ပေးလိုက်တော့ စူဠသုဘဒ္ဒါကထပ်ပြီးတော့ သူငါ့အပေါ်မှာ မချစ်ပါလားလို့ ရန်ငြိုးဖွဲ့တယ်။ အဲဒီလို ရန်ငြိုးတွေကြောင့် နောင်ဘဝကိုရောက်တဲ့အခါမှာ စူဠသုဘဒ္ဒါက သောနုတ္တိုရမုဆိုးကို စေလွှတ်ပြီးတော့ ဆန္ဒန်ဆင်မင်းရဲ့ အစွယ်ကိုဖြတ်တယ်။ ဆန္ဒန်ဆင်မင်းသေတယ်။ တစ်ခါ အဲဒီအစွယ် သူ့ဆီရောက်တဲ့အခါကြတော့လည်းပဲ စူဠသုဘဒ္ဒါ ရင်ကွဲနာကျပြီးသေတယ်။ အဲတော့ ဒီလိုကြေကွဲစရာ ဇာတ်လမ်းကြီးဘာကြောင့်ဖြစ်လာရသလဲဆိုတဲ့ အယူအဆကိုပြောကြတဲ့အခါကြတော့လည်း တချို့က ဒီလိုဖြစ်လာတာဟာဆန္ဒန်ဆင်မင်း ကြောင့်ဖြစ်တာ။ ဆန္ဒန်ဆင်မင်းက မယားနှစ်ယောက်ယူလို့တဲ့။ မယားတစ်ယောက်သာ ယူရင်မဖြစ်ဘူး။ အယူအဆရဲ့သဘောကို ကျွန်တော်ပြောတာဖြစ်ပါတယ်။ ဒါကြောင့်ကျွန်တော်တို့ ကိုယ်စားလှယ်တော်ကြီး ဒီအယူအဆနဲ့ပတ်သက်လို့လည်းနည်းနည်းလေး။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီအကြောင်းအရာအဆိုက စာပေလောကသားများရော၊ မီဒီယာ လောကသားများရောကြားမှာလည်း စိတ်ဝင်စားနေတဲ့ကိစ္စဖြစ်တဲ့အတွက် ကျွန်တော် နည်းနည်းလေး အချိန်ယူပြီးတော့ ရှင်းပြခွင့်ပြုပါ။ မိနစ် ၂၀ ထက်ကျော်သွားရင်လည်း ကျွန်တော့်ကို ခွင့်ပြုပေးပါ။

**ဥက္ကဋ္ဌ**။ ။ ၁၃ မိနစ်နဲ့ ၅၂ စက္ကန့်ပဲ ကျန်တော့တယ်။ စကားချီးတာ။ ၁၃ မိနစ် ၄၆ စက္ကန့်ပဲ ကျန်တော့တယ်။

**ဦးကျော်ဆန်း(ပြည်ထောင်စုဝန်ကြီးပြန်ကြားရေးဝန်ကြီးဌာန)**။ ။ဥက္ကဋ္ဌကြီးဒါဆိုရင်တော့ အတော်လေးတော့ခက်ပါတယ်။ ကျွန်တော့်ကလည်း မိုက်ကိုင်ထားပြီးသားဆိုရင်တော့ ကျွန်တော် လည်းသိပ်ဆင်းမှာတော့ မဟုတ်တော့ပါဘူး။ အဲတော့ ကိုယ်စားလှယ်တော်ကြီးများကိုလည်းပဲ စိတ်ရှည်သည်းခံပြီးတော့ နားဆင်ပေးဖို့တင်ပြလိုပါတယ်။ အဲတော့ ဒီထင်မြင်ယူဆချက်ဆိုတာကို ကျွန်တော်နောက်တစ်ခု ဘာနဲ့နှိုင်းယှဉ်ပြီး ကျွန်တော်တင်ပြလိုသလဲ ဆိုလို့ရှိရင် ကျွန်တော်တို့ ဒီအင်မတန်မှ အရှိန်အဟုန်နဲ့ စီးဆင်းနေတဲ့ ရေနဲ့နှိုင်းယှဉ်ပြီး ကျွန်တော်တင်ပြလို ပါတယ်။ အရှိန်အဟုန်နဲ့ စီးဆင်းတဲ့ မြစ်ရေ၊ ချောင်းရေများဟာ မြစ်အတွင်း၊ ချောင်းအတွင်းမှာ စီးသွားရင်တော့ ကျွန်တော်တို့လူသားတွေအတွက် အပြစ်ထက် အကျိုးကများပါတယ်။ သို့သော်လည်း အဲဒီအရှိန် အဟုန်နဲ့ စီးဆင်းတဲ့ မြစ်ရေ၊ ချောင်းရေများဟာ မြစ်ဘောင်၊ ချောင်းဘောင်အတွင်းကမဟုတ်ဘဲ စည်းမဲ့ ကမ်းမဲ့ စီးသွားတယ်ဆိုရင်တော့ အဲဒီရေဟာ လူသားတွေအတွက် အပြစ်ကပိုပြီးတော့များမှာ ဖြစ်ပါတယ်။ ဒါ့ကြောင့်မို့လို့ ကိုယ်စားလှယ်တော်ကြီး ဦးသိန်းညွန့်အဆိုပြုတဲ့ မီဒီယာသမားများရဲ့ ထင်မြင်ယူဆချက်များကို လွတ်လပ်စွာရေးသားခွင့်ပေးပြီးတော့ အဲ့ဒီလွတ်လပ်စွာရေးသားခွင့်အတွက် ကို ကာကွယ်တဲ့ဥပဒေပြဋ္ဌာန်းပေးဖို့ဆိုရင် တိုင်းပြည်နဲ့ လူမျိုးအကျိုးအတွက်၊ ပြည်သူများအတွက် အကျိုးထက်အပြစ်ကများနိုင်မှာ ဖြစ်ပါတယ်။ သို့သော်လည်း လိုအပ်တဲ့စည်းမျဉ်းစည်းကမ်း ဥပဒေများနဲ့အညီသာ ထင်မြင်ယူဆချက်များကို ရေးသားခွင့်ပေးမယ်ဆိုရင်တော့ ဒါဟာ အကျိုးရှိနိုင် မှာ ဖြစ်တယ်လို့ ပြောလိုပါတယ်။ အလားတူပါပဲ ဦးသိန်းညွန့်ရဲ့ အဆိုမှာ စောစောကလည်း ရှင်းပြ သွားကြပါပြီ။ လွတ်လပ်စွာ ဆိုတဲ့စကားပါရှိပါတယ်။ လွတ်လပ်ခွင့်ဆိုတာရဲ့ အဓိပ္ပါယ်ဟာ မိမိရဲ့ လွတ်လပ်ခွင့်ကိုယူကြတဲ့အခါမှာ လူ့အဖွဲ့အစည်းကိုသော်လည်းကောင်း၊ နိုင်ငံတော်ကို သော်လည်းကောင်း၊ အခြားသော ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ရဲ့ အခွင့်အရေးကိုသော်လည်းကောင်း မထိခိုက်မှသာ ကျင့်သုံးနိုင်မှာဖြစ်ပါ တယ်။ အခြားလူပုဂ္ဂိုလ်တစ်ယောက်ရဲ့ အကျိုးစီးပွားကိုထိခိုက်ပြီး လွတ်လပ်မှုကို ကျင့်သုံးလို့ မရနိုင်ပါဘူး။ ငါတို့လွတ်လပ်ခွင့်ရပြီပဲ။ ဒီကနေ့ ဒီမိုကရေစီ သွားနေပြီပဲ။ ဟိုမှာ ဥက္ကဋ္ဌကြီးထိုင်နေပြီ။ ထိုင်နေပေမဲ့ ကျန်တဲ့လူတွေ နားထောင်နေပေမယ့် ငါအိပ်နေလိုက်ဦးမယ်လို့ ပြောလို့၊ လုပ်လို့လဲမရပါဘူး။ လွတ်လပ်ခွင့်ဆိုတာဟာ စည်းနဲ့ကမ်းနဲ့ကျင့်သုံးရသလို ဆင်ခြင်တုံ တရားနဲ့လည်း ကျင့်သုံးရတဲ့ ဘာဖြစ်လဲ ကျွန်တော်တို့အရာ ဖြစ်ပါတယ်။ ဒါကြောင့် လွတ်လပ်စွာ ရေးသား၊ လွတ်လပ်စွာထင်မြင်ယူဆချက်များကို ရေးသားထုတ်ဖော်ခွင့်ဆိုတဲ့နေရာမှာ သတ်မှတ်ထား တဲ့စည်းမျဉ်း၊ စည်းကမ်းများနဲ့အညီ လွတ်လပ်မှုနဲ့ တာဝန်ယူမှု၊ လွတ်လပ်မှုနဲ့ ဆင်ခြင်တုံတရားစတဲ့ အကြောင်းတရားတွေကို အခြေခံပြီးမှသာလျှင် ရေးသားဖော်ပြလို့ ရနိုင်မှာဖြစ်ပါတယ်။ ဒါမှလည်း

အားလုံးအတွက် ကျွန်တော်တို့ အကျိုးရှိနိုင်မှာ ဖြစ်ပါတယ်ဆိုတာကို ကျွန်တော် ရှင်းလင်းပြောကြား လိုပါတယ်။ ဆက်လက်ပြီးတဲ့အခါမှာ ဒါနဲ့ဆက်စပ်ပြီး တင်ပြလိုတာက ကျွန်တော်တို့ရဲ့ အခြေခံဥပဒေ ပုဒ်မ ၃၅၄၊ ဒါစောစောကလည်းပြောသွားကြပြီးပါပြီ။ အဲဒီပုဒ်မ ၃၅၄ မှာ နိုင်ငံသားတစ်ဦးဟာ နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး သို့မဟုတ် ပြည်သူအများရဲ့ ကိုယ်ကျင့်တရားအကျိုးငှာ ပြဋ္ဌာန်းထားတဲ့ဥပဒေများကို မဆန့်ကျင်လျှင်တဲ့ မိမိရဲ့ယုံကြည်ချက် ထင်မြင်ယူဆချက်များကို လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ လွတ်လပ်စွာရေးသားဖြန့်ဝေ ခွင့် ရှိတယ်လို့ပဲ ပြဋ္ဌာန်းထားတယ်။ လွတ်လပ်ခွင့်ကို အတိုင်းအဆမရှိ၊ ကန့်သတ်ချက်စည်းမျဉ်းစည်းကမ်း မရှိ ကျင့်သုံးနိုင်တယ်၊ ရေးသားထုတ်ဝေပြောဆိုနိုင်တယ်လို့ အခြေခံဥပဒေမှာ ပြဋ္ဌာန်းထားခြင်း မရှိပါဘူး။ ဒီအခြေခံဥပဒေရဲ့ပြဋ္ဌာန်းထားတဲ့ အဲ့ဒီအပိုဒ်ကို ကြည့်ရင်ကို မီဒီယာသမားများအတွက် လွတ်လပ်ခွင့်ရှိသလို တာဝန်လည်းရှိနေတယ်ဆိုတာ အဲဒီမှာတွေ့ရမှာဖြစ်ပါတယ်။ မီဒီယာသမားများ ဟာလွတ်လပ်ခွင့်နှင့်အညီ လွတ်လွတ်လပ်လပ် ရေးသားနိုင်သလို တာဝန်အရ တစ်နည်းအားဖြင့် ပြောရင် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးကို မထိပါး မိအောင်၊ မကျူးလွန်မိအောင်လည်း တာဝန်ယူရမှာဖြစ်ပါတယ်။ ဒါကြောင့် အခြေခံဥပဒေရဲ့ ပြဋ္ဌာန်းချက်မှာ လွတ်လပ်ခွင့်နှင့် တာဝန်ဟာတွဲပေးထားပါတယ်။ ဒါ့ကြောင့်ဒါကို ကျင့်သုံးကြတဲ့အခါမှာ လွတ်လပ်ခွင့် ကိုယူသလို တာဝန်ကိုလည်းခံကြရမှာ ဖြစ်ပါတယ်ဆိုတာကို တွေ့နိုင်ပါတယ်။ ဒါ့အပြင်လည်းပဲ ဒီနေရာမှာပါတဲ့ ပြည်သူအများရဲ့အကျိုးငှာ၊ ပြည်သူများရဲ့ ကိုယ်ကျင့်တရားအကျိုးငှာ ပြဋ္ဌာန်းထားတဲ့ ဥပဒေများကို မဆန့်ကျင်လျှင်ဆိုတဲ့စကား အင်မတန် အရေးကြီးပါတယ်။ ပြည်သူများရဲ့ ကိုယ်ကျင့် တရားအကျိုးငှာ ပြဋ္ဌာန်းထားသည့် ဥပဒေဆိုတာ အင်မတန်ကျယ်ဝန်းပါတယ်။ တချို့သော ပြည်သူ များရဲ့ ကိုယ်ကျင့်တရားအကျိုးငှာ ဆိုတဲ့ကိစ္စတွေက ဥပဒေနဲ့အညီ စာအုပ်ပေါ်မှာ ပြဋ္ဌာန်းရေးဆွဲ ထားလို့ရနိုင်ပေမယ့် အချို့သော အကြောင်းအရာတွေက ဥပဒေနဲ့အညီ ပြဋ္ဌာန်းရေးဆွဲလို့ မရနိုင်ပါ ဘူး။ အဲ့ဒါတွေဟာ ဘာနဲ့လိုက်နာရမှာလဲဆိုရင် ဆင်ခြင်တုံတရားနဲ့ လိုက်နာရမယ့်ကိစ္စတွေဖြစ်ပါ တယ်။ အဲဒီတော့ ပြည်သူများရဲ့ကိုယ်ကျင့်တရား အကျိုးငှာဆိုတာနဲ့ပတ်သက်ပြီး ဥပဒေများကို လေ့လာကြည့်တဲ့အခါမှာ ပြစ်မှုဆိုင်ရာဥပဒေ ၂၉၂၊ ၂၉၃၊ ၂၉၄ ဘာတွေလဲ ဆိုတာကိုတော့ ကျွန်တော် မတင်ပြတော့ပါဘူး။ အဆိုရှင် ဦးသိန်းညွန့်ကလည်း ကျွန်တော်တို့ကို ရှေ့နေကြီး ဖြစ်တဲ့အတွက် ကျွန်တော့်ထက် ဒါတွေပိုသိမှာပါ။ အလားတူပဲ ဥပဒေပုဒ်မ ၂၉၈၊ အလားတူပဲ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၅၀၀၊ နောက်တစ်ခါ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၅၀၉၊ နောက် ကလေးသူငယ်ဆိုင်ရာ ပြဋ္ဌာန်းချက်တွေ ရှိပါတယ်။ ဒါတွေကိုတော့ လိုက်နာကြရမှာဖြစ်ပါတယ်။ ဒါတွေကိုတော့ ထိန်းသိမ်းကြရမှာ ဖြစ်ပါတယ်။

ဒါတွေကိုမထိန်းသိမ်း မလိုက်နာဘဲနဲ့ မီဒီယာသမားက မိမိရဲ့ ထင်မြင်ယူဆချက်ကို စောစောက ဆဒ္ဒန်ဆင်မင်းမှာ ကျွန်တော်တင်ပြခဲ့သလို သူထင်မြင်တာတွေကို ရေးသားဖို့အတွက် အဲဒီလိုရေးတာ အတွက်ကာကွယ်ပေးတဲ့ ဥပဒေပြဋ္ဌာန်းဖို့ဆိုတာကတော့ ဒါဟာ ဘာဖြစ်လဲ သဘာဝမကျပါဘူးဆိုတာ ကိုရှင်းလင်းပြောကြားလိုပါတယ်။ ဆက်လက်ပြီးတဲ့အခါမှာ ကျွန်တော်တို့ နိုင်ငံတော်သမ္မတကြီး ကလည်း မီဒီယာသမားများအပါအဝင် နိုင်ငံသားများရဲ့ အခွင့်အရေးနဲ့ ပတ်သက်ပြီးတော့ ပြီးခဲ့တဲ့ ကျွန်တော်တို့ ပြည်ထောင်စုလွှတ်တော် ပထမအကြိမ်အစည်းအဝေးမှာ ကျွန်တော်တို့အနေနဲ့ နိုင်ငံသားများရဲ့ မူလအခွင့်အရေး၊ တစ်နည်းအားဖြင့် လူ့အခွင့်အရေးနဲ့ပတ်သက်ပြီး အခြေခံဥပဒေနဲ့ အညီကျင့်သုံးနိုင်အောင် လိုအပ်တဲ့ဥပဒေများကို ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း၊ အသစ်ပြဋ္ဌာန်းခြင်း ဆောင်ရွက်သွားမယ်လို့ အတိအလင်း ကျွန်တော်တို့ ပြောကြားခဲ့ပြီးဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ပြန်ကြားရေးဝန်ကြီးဌာနအနေနဲ့လည်း မီဒီယာသမားများအနေနဲ့ မိမိတို့ရဲ့ထင်မြင် ယူဆချက်တွေကို လွတ်လပ်စွာရေးသားဖော်ပြနိုင်အောင်၊ အခြေခံဥပဒေနဲ့အညီလည်းဖြစ်အောင်၊ တိုင်းပြည်နဲ့လူမျိုးအကျိုးကို အကျိုးပြုနိုင်တဲ့ စစ်မှန်သော စတုတ္ထမဏ္ဍိုင်လည်း ဖြစ်လာအောင် မီဒီယာဆိုင်ရာဥပဒေများကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်း၊ အသစ်ပြဋ္ဌာန်းခြင်း စတာတွေလုပ်နိုင်ဖို့အတွက် ပြည်ထောင်စု လွှတ်တော်ကို တင်ပြနိုင်ဖို့ စီမံဆောင်ရွက်နေပြီဖြစ်ပါတယ်။ အဲဒီလိုစီမံရေးသားတဲ့အခါမှာလည်းပဲ လွတ်လပ်စွာ ရေးသားခွင့်ဆိုတာကိုလည်းပဲရှိအောင်၊ လွတ်လပ်ခွင့်ဆိုတာကိုလည်းပဲ အလွဲသုံးစားမရှိအောင်၊ မီဒီယာသမားများအတွက် ရပိုင်ခွင့်နဲ့လွတ်လပ်ခွင့် တွေလည်းပါအောင်၊ တာဝန်နဲ့ဝတ္တရားတွေလည်းပါအောင်၊ ဥပဒေကျူးလွန်ခဲ့ရင် ကျခံနိုင်ရတဲ့ပြစ်ဒဏ် တွေလည်းပါအောင် စီစဉ်ဆောင်ရွက်နေပြီဖြစ်ပါတယ်။ အဲဒီအထဲမှာ ဦးသိန်းညွှန့် အဆိုပြုတဲ့မီဒီယာ သမားများအတွက် အကာအကွယ်ဆိုတာလည်း ခုနက ရပိုင်ခွင့်ဆိုတာ အကာအကွယ်ပါပဲ။ သို့သော်လည်းပဲ ဥပဒေနဲ့အညီ၊ လွတ်လပ်ခွင့်ဆိုတာနဲ့အညီ၊ အခြေခံဥပဒေဆိုတာနဲ့အညီပဲ ရရှိနိုင်မှာ ဖြစ်ပါတယ်။ ၁၉၈၈ အခြေအနေတုန်းက ရေးချင်သလိုရေး၊ ထုတ်ချင်သလိုထုတ်နေကြတဲ့ အခွင့်အရေး မျိုးကိုတော့ ရနိုင်မှာမဟုတ်ပါဘူး။ ဥပမာ ဦးဒွေးကြွယ်နဲ့ ဒေါ်အေးငြိမ်းသူတို့ ဆင်သွားတဲ့ဇာတ်လမ်း မျိုးတွေ၊ ဒေါ်အေးငြိမ်းသူက ကျွန်မကိုတော့ဖြင့် လုံထိန်းတွေက ကျွန်တော့်ရဲ့ ဒီမှာအမများ၊ ညီမများ လည်းပါပါတယ်။ မတရားသဖြင့်ပြုကျင့်ပါတယ်။ တစ်ယောက်တည်းလည်းမဟုတ်ပါဘူး။ အများကြီး ပါ။ BBC,VOA ကနေထုတ်ပြီး ကြေညာလိုက်တယ်။ ၇-၈-၈၈ ညမှာ အဲဒီလိုမမှန် မကန်လွတ်လပ်မှုကို အလွဲသုံးစားပြုပြီး ဆောင်ရွက်လိုက်တဲ့အခါကျတော့ ၈-၈-၁၉၈၈ မှာ ကျွန်တော်တို့နိုင်ငံ ဘာဖြစ်ခဲ့ သလဲ။ ဒါကြောင့်မို့လို့ ဒီလိုပြင်ဆင် ရေးဆွဲတဲ့အခါမှာ စတုတ္ထမဏ္ဍိုင်ပီသစွာလည်း ကျင့်သုံးနိုင်အောင်

တိုင်းပြည်နဲ့လူမျိုးလည်း အကျိုးလည်းရှိအောင် မီဒီယာသမားတွေ ရသင့်ရထိုက်တဲ့ လွတ်လပ်ခွင့်တွေလည်းရှိအောင် သူတို့တစ်တွေထိန်းရမယ့်၊ ထိန်းသိမ်းရမယ့်တာဝန်ဝတ္တရားတွေကိုလည်း ထိန်းသိမ်းနိုင်အောင် အဲဒီအချက်မျိုးတွေပါဝင်တဲ့ ဥပဒေများကို ကျွန်တော်တို့ ဆောင်ရွက်နေပြီဖြစ်ပါတယ်။ တချို့သော ဥပဒေများနဲ့ ပတ်သက်ရင် ပြင်ဆင်ချက်၊ ဖြည့်စွက်ချက်များနဲ့အတူ ကျွန်တော်တို့လည်း ၂၀၁၁ခုနှစ်၊ ဇူလိုင်လ လောက်ကတည်းက ရှေ့နေချုပ်ရုံးကို ကျွန်တော်တို့ တင်ပြထားပါတယ်။ ရှေ့နေချုပ်ရုံးရဲ့ ကျွန်တော်တို့ ဘာလဲလို့မေးရင်တော့ ဒီအကြံပြုချက်ကို ရယူထားပါတယ်ဆိုတာကို ရှင်းလင်းပြောကြားလိုပါတယ်။ ဒီလိုဥပဒေတွေကို အတည်ပြုပြဋ္ဌာန်းနိုင်ခြင်း မပြုမီကာလအတွင်းမှာလည်း ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ လက်ရှိအတည်ဖြစ်ဆဲဖြစ်တဲ့ ဥပဒေများထဲက လုပ်ပိုင်ခွင့်များကိုကျင့်သုံးပြီး မီဒီယာလောကသားများရဲ့ လွတ်လပ်ခွင့်တွေအတွက် ဖြေလျှော့မှုတွေလုပ်ပေးလျက်ရှိပါတယ်။ ဒါလည်းပဲ မနေ့က ဦးသိန်းညွန့်ရဲ့ အဆိုတင်သွင်းစဥ်မှာ ပြောသွားတာတစ်ခု ကျွန်တော်ကြားလိုက်ပါတယ်။ စာပေလောကအတွက်၊ စာပေလောကသားတွေအတွက် သက်ဆိုင်ရာဝန်ကြီးဌာနက ဖြေလျှော့မှုတွေစီစဥ်ပေးနေတယ်ဆိုတာလည်း ကျွန်တော် ကြားမိပါတယ်လို့ပြောသွားတာကိုကျွန်တော်သတိထားမိပါတယ်။ အဲဒီလို စာပေလောကသားတွေအတွက်၊ မီဒီယာသမားတွေအတွက် စည်းနဲ့၊ ကမ်းနဲ့ ရသင့်ရထိုက်တဲ့လွတ်လပ်မှုတွေကိုရအောင် ဖြေလျှော့မှုတွေ ကနေ့ဆောင်ရွက်နေပြီဖြစ်ပါတယ်။ ဒီလို ဆောင်ရွက်တာဟာ ဘာကိုရည်ရွယ်တာလဲလို့မေးရင်-

**ဥက္ကဋ္ဌ**။ ။ ဥက္ကဋ္ဌနဲ့မဆိုင်ဘူး။ သူ့ဟာသူပိတ်သွားတာ။ ခဏနေ ပြန်ထွက်လာလိမ့်မယ်။ အခုပြန် ပေါ်လာပြီ။ နောက်ဘယ်လောက်ထပ်ကြာမလဲ။

**ဦးကျော်ဆန်း(ပြည်ထောင်စုဝန်ကြီး၊ပြန်ကြားရေးဝန်ကြီးဌာန)**။ ။ခင်ဗျား။ သြော်သိပ်မကြာပါဘူးခင်ဗျာ့။

**ဥက္ကဋ္ဌ**။ ။ ဟိုက လှမ်းပိတ်လိုက်မှာစိုးလို့ပြောတာပါ။

**ဦးကျော်ဆန်း(ပြည်ထောင်စုဝန်ကြီး၊ပြန်ကြားရေးဝန်ကြီးဌာန)**။ ။နောက်ထပ် ငါးမိနစ်၊ ၁၀မိနစ်။

**ဥက္ကဋ္ဌ**။ ။ဟိုကလှမ်းပိတ်လိုက်ရင် ဘာမှမတတ်နိုင်ဘူး။

**ဦးကျော်ဆန်း(ပြည်ထောင်စုဝန်ကြီး၊ပြန်ကြားရေးဝန်ကြီးဌာန)**။ ။ဟုတ်ကဲ့ပါခင်ဗျား။ ဟုတ်ကဲ့ပါခင်ဗျား။ ကျွန်တော့်တပည့်တွေ ထင်ပါတယ်ခင်ဗျား။ ဒီကောင်တွေကြားမှာပါ။ ကျွန်တော်ပြောနေတဲ့ဟာကို အဲဒီတော့ ဒီလိုဘာကြောင့် ဆောင်ရွက်တာလည်းဆိုလို့ရှိရင် ပြည်ထောင်စုလွှတ်တော်က အဲဒီမီဒီယာဆိုင်ရာဥပဒေကို အတည်ပြုလိုက်တဲ့အခါမှာ မီဒီယာလောကသားတွေဆောင်ရွက်နေတဲ့ ဆောင်ရွက်မှုတွေနဲ့ အဆင်သင့်အံဝင်ခွင်ကျဖြစ်အောင် ရည်ရွယ်ပြီးတော့ဆောင်

ရှက်ပေးနေတာဖြစ်ပါတယ်ဆိုတာကို ကျွန်တော်ပြောလိုပါတယ်။ ဆက်ပြီးတဲ့အခါမှာ အဲဒီလို ဖြေလျှော့ပေးနေမှုတွေကို အနည်းငယ်တင်ပြလိုပါတယ်။ ကနေ့အခါမှာမီဒီယာ လောကသားအားလုံးအတွက် လွတ်လပ်မှု၊ တာဝန်သိမှု၊ တာဝန်ရှိမှုနဲ့ တာဝန်ယူမှုကို ပူးတွဲကျင့်သုံးစေပြီးတော့ လူပုဂ္ဂိုလ်တစ်ဦးအပေါ်ကိုပဲဖြစ်ဖြစ်၊ ပုဂ္ဂလိကအဖွဲ့အစည်းတစ်ခုကိုပဲဖြစ်ဖြစ်၊ ဌာနဆိုင်ရာတစ်ခုအပေါ်ကို ပဲဖြစ်ဖြစ် အပြုသဘောနဲ့ ဝေဖန်သုံးသပ်ထောက်ပြ အကြံဉာဏ်ရေးသားခွင့်ကို ခွင့်ပြုပေးလျက်ရှိပါတယ်။ ဒါလည်း ရှေ့နေကြီးဦးသိန်းညွန့် သိပြီးဖြစ်မယ်လို့ထင်ပါတယ်။ အဲဒီလို ပေးထားတဲ့အတိုင်း လောကသားတွေကလည်းပဲ ကနေ့ကျင့်သုံးနေကြပြီးဖြစ်ပါတယ်။ သို့သော်လည်းပဲ အလေ့အကျင့်မရှိကြသေးတဲ့အတွက် အဲဒီလို လွတ်လပ်မှုနဲ့ တာဝန်ယူမှုကို ကျင့်သုံးကြတဲ့အခါမှာ စာပေလောကနဲ့ ပုဂ္ဂလိကလောကကြား အဖွဲ့အစည်းတွေကြားမှာ ဝိယောဓိတွေနဲ့ အခက်အခဲတွေ ဖြစ်နေတာကိုလည်း ကျွန်တော်တို့သတိပြုမိပါတယ်။ ဦးသိန်းညွန့်ကိုယ်တိုင် ဆက်စပ်မှုရှိတဲ့ Hot News နဲ့ SCC ဆေးရုံကြားကိစ္စတွေပေါ်ခဲ့ပါတယ်။ အလားတူပါပဲ မီဒီယာသမား မဂ္ဂဇင်းတစ်ခုက အဲ ဂျာနယ်တစ်ခုက မတော်တဆ ကားတိုက်ပြီးသေသွားတဲ့ ကားတိုက်တဲ့အခါ အမျိုးသမီးကြီးရဲ့ ခေါင်းကအကုန်ကြေသွားပါတယ်။ အဲဒီပုံကြီးကိုပါ ထည့်ပြီးတော့ ပြလိုက်တဲ့အတွက် သူ့မိသားစုက ဆန့်ကျင် ကန့်ကွက်တရားစွဲတဲ့ ကိစ္စတွေဖြစ်ခဲ့ပါတယ်။ ဒါဟာဘာကိုပြနေတာလဲ ဆိုရင်လွတ်လပ်စွာ ထင်မြင်ယူဆချက်ကို လုပ်ခွင့်ရှိတယ်ဆိုပေမယ့် စည်းမဲ့၊ ကမ်းမဲ့လုပ်လို့မရပါဘူး ဆိုတာကို ပြနေတာပါ။ တစ်ဖက်မိသားစုက သူ့အမေ ဒီလိုဖြစ်ရတဲ့ကြားထဲက ခေါင်းပါမပါတော့တဲ့ ဒီခန္ဓာကိုယ်ကြီးကို ဂျာနယ်ထဲမှာထုတ်ပြရတာဟာ ဒါဖြင့် ကျွန်တော်တို့ရဲ့ဂုဏ်သိက္ခာကို ထိခိုက်ပါတယ်ဆိုတဲ့ ဥပဒေအရ တရားစွဲပါတယ်။ ဒါ့ကြောင့် လွတ်လပ်ခွင့်ဆိုတဲ့နေရာမှာ လွတ်လပ်ချင်သလို လွတ်လပ်ပြီးတော့ ထင်မြင်ယူဆချက်ဆိုတဲ့အခါမှာ ဆန္ဒန်ဆင်မင်းမှာ ကျွန်တော်တင်ပြသလို ကြိုက်သလိုထင်မြင်ယူဆပြီး အဲဒါတွေကို ရေးလို့တော့ရနိုင်မယ်မဟုတ်ပါဘူးဆိုတာကို ကျွန်တော်တင်ပြလိုပါတယ်။ အဲဒီလို ဖြေလျှော့ပေးတဲ့အပြင် ကနေ့အခါမှာ စာပေစိစစ်ရေးမှု ၂၁ ချက် အစား ၁၂ ချက်ကို ပြောင်းလဲပြီးတော့ ဖြေလျှော့ပေးနေပြီးဖြစ်ပါတယ်။ အဲဒီ ၁၂ ချက်ကလည်းပဲ အာဆီယံနိုင်ငံများ၊ ကမ္ဘာ့နိုင်ငံများ အားလုံးမှာ ကျင့်သုံးနေတဲ့စံများနဲ့ သဘောတရားအတူတူပဲဖြစ်တယ်ဆိုတာကို ပြောလိုပါတယ်။ ဒါ့အပြင်လည်းပဲ ကနေ့အခါမှာ စာပေ၊ စာနယ်ဇင်း၊ စာအုပ်၊ စာစောင် အားလုံးကို အုပ်စုနှစ်ခုခွဲပြီးတော့ အုပ်စုတစ်မှာပါတဲ့ စာအုပ်၊ စာစောင်များကို ကနေ့အခါမှာ ထုတ်တင်စနစ်အဖြစ် ဖြေလျှော့ပေးနေပါပြီ။ ထုတ်တင်စနစ်ဆိုတာ ဘာလဲလို့မေးရင် စောစောကပြောခဲ့တဲ့ စာပေစိစစ် ၁၂ ရပ်၊ ပြီးတဲ့အခါမှာ လွတ်လပ်မှုနှင့် တာဝန်ယူမှုဆိုတဲ့မူကနေ မူတွေကိုကျင့်သုံးပြီးတော့ မိမိဘာသာ

လွတ်လပ်စွာရေးသားထုတ်ဝေပြီးမှ စာပေစိစစ်ကို တင်ရတဲ့ကိစ္စဖြစ်ပါတယ်။ အဲဒီတော့ အဲဒီအထဲမှာ စာပေ ၅ ရပ် ပါဝင်ပါတယ်။ ကလေးစာပေ၊ ကျန်းမာရေးစာပေ၊ နည်းပညာစာပေ၊ အားကစားစာပေ နောက်တစ်ခါ သုတ၊ ရသ စာပေများဖြစ်ပါတယ်လို့ပြောလိုပါတယ်။ အဲဒါကို စတင်ကျင့်သုံးတာ ကတော့ ဘယ်တုန်းကလဲလို့မေးရင် ၂၀၁၁ ခုနှစ်၊ ဇွန်လကတည်းက စတင်ကျင့်သုံးတာဖြစ်တယ်လို့ ပြောလိုပါတယ်။ ဆက်လက်ပြီးတဲ့အခါ အုပ်စုနှစ်၊ အုပ်စုနှစ်ဝင် စာစောင်တွေ ကတော့ ကနေ့အခါမှာ တင်ထုတ်စနစ်နဲ့ လုပ်နေကြရတုန်းဖြစ်ပါတယ်။ တင်ထုတ်စနစ်ဆိုတာကတော့ သူတို့ရဲ့စာပေရေးသားမှု မူကြမ်းတွေကို စာပေစိစစ်ကိုတင်ပြီး စာပေစိစစ်ကစိစစ်ပြီးကာမှ ခွင့်ပြုချက်ရမှ ထုတ်ရတဲ့စနစ် ဖြစ်ပါတယ်။ ဒီနေရာမှာ ဦးရဲထွန်းပြောသွားတဲ့ ဥပဒေတွေရှိပြီပဲ။ တရားရုံးတွေ ရှိပြီပဲ။ စာပေစိစစ်ရှိဖို့ လိုသေးသလားလို့ မေးသွားပါတယ်။ စာပေစိစစ်ရှိဖို့ လိုပါသေးတယ်။ ဘာကြောင့်လဲ။ အကြောင်း နှစ်ချက်ကျွန်တော်ပြောပါမယ့်။ တရားရုံးကိုသွားရင် တရားဥပဒေအရ ရင်ဆိုင်ကြရင်အချိန် ကြာညောင်း အလုပ်တွေအကိုင်တွေ ပျက်ကြတဲ့အပြင် တရားဥပဒေက ချမှတ်လိုက်တဲ့ ပြစ်ဒဏ်က ပြင်းပါတယ်။ ပြင်းပါတယ်။ ထောင်ဒဏ်။ ကျွန်တော်တို့မှာ ကနေ့ ပြဋ္ဌာန်းထားတဲ့ ဥပဒေအရဆိုရင် အဲဒါမျိုးတွေ ကျူးလွန်ခဲ့ရင်ထောင်ဒဏ်ပါတယ်။ ငွေဒဏ်တွေ အများကြီးပါပါတယ်။ စာပေစိစစ်က ဝင်ပြီးထိန်းရင် တစ်ခါတလေ သတိပေးရုံနဲ့ပြီးပါတယ်။ တစ်ခါတစ်လေ နှစ်ဖက်ညှိနှိုင်းပေးရုံနဲ့ ပြီးပါတယ်။ ဘယ်ဟာကပြည်သူတွေအတွက် အကျိုးရှိပါသလဲ။ ကနေ့ စာပေစိစစ်က တိုင်းပြည်နဲ့ လူမျိုးအကျိုးအတွက် ဥပဒေနဲ့အညီ မသင့်တော်တာတွေကိုရေးသားမှုကို ထိန်းသိမ်းပေးနေတာမှန် သော်လည်း စာပေလောကသားတွေရဲ့အကျိုး၊ ပြည်သူတွေရဲ့အကျိုးကို ဆောင်ရွက်ပေးနေတယ် ဆိုတာကို စေ့စေ့စပ်စပ် ဗိုင်းရပ်စ်မပါဘဲနဲ့ကြည့်မယ်ဆိုရင် တွေ့နိုင်ပါတယ်လို့ ကျွန်တော်ပြောလိုပါ တယ်။ ဒါကတစ်ချက်ပါ။ နောက်တစ်ချက်က ဘာလဲဆိုတော့ ကနေ့ ကျွန်တော်တို့ဒီမိုကရေစီကို သွားနေကြတာ မွေးစကလေးလေးပဲ ရှိပါသေးတယ်။ ကလေးလေးပဲ ရှိပါသေးတယ်။ ဟာကလေး လည်းလူပဲ။ ဘာလို့ သူ့ကို ထမင်းကျွေးနေရမှာလဲ။ ထားလိုက်စမ်း။ ကလေးလည်းလူပဲ။ သူ့ဟာသူ သွားလိမ့်မယ်။ သူ့ဟာသူ ရေချိုးလိမ့်မယ်။ ဘာမှလုပ်မပေးနဲ့လို့ရပါသလား။ ကလေးလည်း လူပဲလေ။ လူကြီးလည်းလူပဲလေ။ လူကြီးကတော့ သူ့ထမင်းသူစားတယ်။ အဲဒီကလေးနို့လည်း မတိုက်နဲ့။ ကလေးပဲကွာ။ လူဖြစ်လာပြီပဲကွာ။ အသက်ရှိလာပြီပဲ။ ထားလိုက်စမ်းပါ။ မရပါဘူး။ ဒီသဘောအရ စာပေစိစစ်ရေးဟာရှိနေဖို့ လိုပါသေးတယ်။ သို့သော် ထာဝရရှိနေမှာ မဟုတ်ပါဘူး။ ကနေ့ ဒီမိုကရေစီကိုသွားနေတာဖြစ်တဲ့ သင့်တော်တဲ့အချိန်မှာ စာပေစိစစ်ရေးဟာ ရှိမှာမဟုတ်ဘူး ဆိုတာကျွန်တော်ပြောလိုပါတယ်။ အဲဒီတော့ ဒုတိယအုပ်စုမှာရှိနေတဲ့ စာအုပ်တွေကိုလည်း ဒီအတိုင်း

မထားပါဘူး။ အုပ်စုတစ်ကိုတစ်ဆင့်ပြီးတစ်ဆင့်သွင်းမှာပါ။ အဲဒီလို သွင်းတဲ့အခါမှာလည်းပဲ ဆန္ဒစောပြီးသွင်းလို့မရပါဘူး။ ဘယ်အရာ၊ ဘယ်ကိစ္စမဆို Timely ဆိုတာ အရေးကြီး ပါတယ်။ Timely ဆိုတာအရေးကြီးပါတယ်။ စောရင်လည်းမကောင်းပါဘူး။ နောက်ကျရင်လည်း မကောင်းပါဘူး။ မှန်ကန်တဲ့ Timely ဆိုတာ အင်မတန်အရေးကြီးပါတယ်။ နိုင်ငံရေးမှာပဲဖြစ်ဖြစ်၊ စစ်ရေးမှာပဲဖြစ်ဖြစ်၊ စီးပွားရေးမှာပဲဖြစ်ဖြစ်၊ ဒါဟာ ဒီသဘောရှိပါတယ်။ ဒါ့ကြောင့် အုပ်စုနှစ်မှာရှိတဲ့ စာအုပ်တွေကို အုပ်စုတစ်ကို ကျွန်တော်တို့သွင်းတဲ့အခါမှာ ကနေ့ကျင့်သုံးနေတဲ့ လွတ်လပ်မှုနှင့် တာဝန်ယူမှုကို စာပေလောကသားတွေ ကျင့်သုံးကြတာ ဘယ်လောက်အထိ ထိရောက်အောင်မြင် နေပြီလဲ။ အုပ်စုတစ်မှာ ထုတ်တင်စနစ်လုပ်တာ ဘယ်လောက်သဟဇာတဖြစ်ပြီလဲ။ အဲဒီအပေါ် ကျင့်သုံးပြီးမှ တဖြည်းဖြည်း ကျွန်တော်တို့ ပြောင်းလဲပေးသွားမှာဖြစ်ပါတယ်။ နောက်ဆုံးကျလို့ရှိရင်တော့ စာအုပ်၊ စာစောင်၊ဂျာနယ်အားလုံးဟာ တင်ထုတ်ဆိုတာမရှိတော့ပါဘူး။ ထုတ်တင်ဆိုတာပဲ ရှိတော့မှာပါ။ အဲဒီတော့ကျရင် စာပေစိစစ်ဆိုတာလည်း သူ့ဟာသူထိုင်ပြီးတော့ ဘယ်သူက စည်းကမ်း ဖောက်သလဲ။ ဘယ်သူက မဖောက်ဘူးသလဲဆိုတာကို စောင့်ကြည့်ရုံလောက်ပဲ ရှိမှာဖြစ်ပါတယ်။ ဒါဖြစ်ရင် ကမ္ဘာမှာ ကောစာပေစိစစ်ဆိုတဲ့ ကျွန်တော်တို့နိုင်ငံမှာသုံးတဲ့ စာပေစိစစ်ဆိုတဲ့ အဖွဲ့မျိုး မရှိဘူးလားလို့ မေးရင် နိုင်ငံတိုင်းမှာ ရှိပါတယ်။ လေ့လာကြည့်ပါလို့ ကျွန်တော် ဘာဖြစ်လဲလို့ ဆွေးနွေးပြောကြားလိုပါတယ်။ ဒါ့ကြောင့် နောင်တစ်ချိန်ကျရင်တော့ မီဒီယာဆိုင်ရာဥပဒေများကိုလည်းပဲ သက်ဆိုင်ရာ ပြည်ထောင်စုလွှတ်တော်က အတည်ပြုပြဋ္ဌာန်းပြီးဖြစ်တော့မှာပါ။ အဲဒီလို အတည်ပြုပြဋ္ဌာန်းပြီးတဲ့ အခါကျရင်တော့ စာပေစာနယ်ဇင်းသမားများဟာ မိမိတို့ရဲ့ထင်မြင်ယူဆချက်များကို အဲဒီဥပဒေများနှင့်အညီ လွတ်လပ်မှုနဲ့တာဝန်ယူမှု၊ လွတ်လပ်မှုနဲ့ ဆင်ခြင်တုံတရားဒါတွေနဲ့ပါ ကျင့်သုံးပြီးတော့ လွတ်လွတ်လပ်လပ် ဆက်လက်ဆောင်ရွက်သွားခွင့်ရမှာ ဖြစ်ပါတယ်လို့ပြောလိုပါတယ်။ ဒါ့ကြောင့် ကိုယ်စားလှယ်ကြီး ဦးသိန်းညွန့်အဆိုတင်သွားတဲ့အဆိုဟာ ကျွန်တော်တို့ဝန်ကြီးဌာနက ဆောင်ရွက်နေပြီဖြစ်တဲ့ လုပ်ငန်းစဉ်များအတွင်းမှာ အကျုံးဝင်နေပြီးဖြစ်ပါတယ်။ ဒါကြောင့် ဦးသိန်းညွန့်ရဲ့အဆိုကိုအဆို အစားတိုက်တွန်းခြင်းဆိုတဲ့ တိုက်တွန်းချက်အနေနဲ့ပ `ကျွန်တော်တို့ ပြည်သူ့လွှတ်တော်က မှတ်တမ်းတင်ပေးဖို့ တင်ပြရင်းနိဂုံးချုပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များ အင်မတန်မှ ကံကောင်းပါတယ်။ ဒီကနေ့ အဆိုနဲ့ အဆိုပေါ် မူတည်ပြီးတော့ ရှင်းလင်းတဲ့နေရာမှာ ပြန်ကြားရေးနဲ့ယဉ်ကျေးမှုဝန်ကြီးဌာနကတင်ပြသွားတဲ့တင်ပြချက်တွေဟာ အားလုံးမြင်ကွင်းမှာမြင်တဲ့အတိုင်းပဲ အင်မတန်မှသရုပ်ပါပါတယ်။ မြင်တဲ့အတိုင်းပါပဲ။ အဲဒါကြောင့်မို့လို့ ကျွန်တော်တို့ ကံကောင်းတယ်လို့ ပြောရမှာဖြစ်ပါတယ်။

ဒါကြောင့် တချို့လည်း နည်းနည်းလေး ငိုက်မယ်လုပ်တဲ့အချိန်မှာ အသံနေအသံထားနဲ့ ဟန်အမူအရာ အရမျက်လုံးတွေဘာတွေ ပြူးလာတဲ့သဘောရှိပါတယ်။ ဒါကိုကြည့်ခြင်းအားဖြင့် တစ်ဖက်က ဆွေးနွေး တင်ပြတဲ့ဟာတွေ ကြည့်ခြင်းအားဖြင့် ကျွန်တော်တို့ လွှတ်တော်မှာ ဒီမိုကရေစီကျင့်စဉ်တွေ ဘယ်လောက်ထိ ကျင့်သုံးနေတယ်ဆိုတာ အားလုံးထင်ထင်ရှားရှား ပေါ်ပေါ်လွင်လွင်ဖြစ်မှာဖြစ်ပါ တယ်။ ကျွန်တော် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်မှာပြောခဲ့တုန်းက မီဒီယာကိစ္စနဲ့ပတ်သက်လို့ စတုတ္ထမဏ္ဍိုင်နဲ့ ပတ်သက်လို့တစ်ကြိမ်ပြောပါတယ်။ ဒုတိယအကြိမ် ပုံမှန်လွှတ်တော် ပထမရဲ့ အစည်းအဝေးမှာလည်း မီဒီယာနဲ့ပတ်သက်လို့ပြောပါတယ်။ အဲဒီမှာပြောတာ ကျွန်တော်တို့နိုင်ငံမှာ မဏ္ဍိုင်သုံးရပ်ကျင့်သုံးနေပြီ။ မဏ္ဍိုင်သုံးရပ်ပေါ်ပေါက်နေပြီ။ ဒီနေ့လွှတ်တော်မှာတော့ စတုတ္ထမဏ္ဍိုင် ဖြစ်တဲ့ သတင်းမီဒီယာများ ပါဝင်လာတဲ့အတွက် ဒီမိုကရေစီစနစ်သွားတဲ့နေရာမှာ အားလုံးအင်္ဂါတွေ စုံပြီလို့ ကျွန်တော် ပြောခဲ့တာရှိပါတယ်။ ဒါကိုလည်း လိုမယ်လို့ဆိုရင်တော့ ဦးသိန်းညွန့်တို့ Code လုပ်ပြီးပြောနိုင်ပါတယ်။ သို့ရာတွင် ခုနက Code လုပ်တဲ့နေရာမှာ ထစ်အထစ်အမဖြစ်နေဖို့ လည်းပြန်ကြည့် ဖို့လိုပါတယ်။ အဲဒီတော့ အဲဒီလိုတင်ပြခဲ့သလိုပဲ ဒါလွှတ်တော်ကို တင်ပြခဲ့လို့ပဲ ဒီနေ့လည်း ကျွန်တော်တို့ ဆွေးနွေးနေတာတွေအားလုံးကို သတင်းမီဒီယာတွေကနေပြီးတော့ အားလုံးယူနေတာ ဖြစ်ပါတယ်။ မကြာခင်မှာလည်း ပြည်တွင်းသတင်းမီဒီယာအပြင် ပြည်ပကသတင်း မီဒီယာများ ကျွန်တော်တို့ လွှတ်တော်ကို လာရောက်လေ့လာဖို့ပန်ကြားတဲ့နေရာမှာ လွှတ်တော်က လည်းခွင့်ပြုထားပြီးဖြစ်ပါတယ်။ ဒါတင်ပြတာက ကျွန်တော်တို့ လွှတ်တော်မှာ လွတ်လပ်စွာ သို့ရာတွင် ကျွန်တော် ပြောခဲ့ပါတယ်။ လွတ်လပ်စွာ ဆောင်ရွက်တဲ့နေရာမှာ တစ်နည်းအားဖြင့် ပြောရမယ်ဆိုရင် ဒီမိုကရေစီစနစ်ကျင့်သုံးတဲ့ နေရာမှာ စနစ်တကျ၊ စည်းကမ်းရှိရှိ လွှတ်တော်ထဲမှာ ကျင့်သုံးဖို့ လိုသလို အခြားနေရာမှာလည်း ဒီမိုကရေစီစနစ်ကို ကျင့်သုံးတဲ့နေရာမှာ စည်းကမ်းရှိရှိ၊ စနစ်တကျ ဆောင်ရွက်ဖို့လိုတယ်ဆိုတာလည်း ပြောခဲ့တာရှိပါတယ်။ အဲဒီတော့ ဒီနေရာမှာ တင်ပြချက်တွေဟာ အင်မတန်စိတ်ဝင်စားစရာ ကောင်းပါတယ်။ ဒါပေမယ့် သတိပြုသင့်တဲ့အချက်တွေလည်း ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ် များကို ပြန်ပြီးတော့ ဒီနေရာကနေပြီးတော့ ရှင်းလင်းတင်ပြချင်ပါတယ်။ ဒါက တချို့နိုင်ငံများရဲ့ အမည်နာမကို တိုက်ရိုက်ဖော်ပြခြင်းအားဖြင့် ကျွန်တော်တို့ နိုင်ငံနဲ့၊ ကျွန်တော်တို့ လွှတ်တော်နဲ့၊ ကျွန်တော်တို့ ပြည်သူနဲ့အမည်နာမကို တိတိကျကျဖော်ပြရည်ညွှန်း ခြင်းခံရတဲ့ နိုင်ငံနဲ့ဆက်ဆံရေးအပါအဝင် အခြားဟာတွေမှာ ထိခိုက်သွားနိုင်တဲ့အတွက် နာမည်ကို တိတိကျကျဖော်ညွှန်းမယ့်အစား နာမည်ကိုရှောင်ပြီးတော့ တချို့ကွန်မြူနစ်နိုင်ငံ၊ တချို့ဆိုရှယ်လစ် နိုင်ငံ၊ တချို့ အနောက်နိုင်ငံစသဖြင့် ဒီလို ဖော်ညွှန်းတာ ပိုပြီးကောင်းမယ့်သဘောရှိတယ်လို့ ကျွန်တော်

အကြံပြုပြောကြားလိုပါတယ်။ ဒါနဲ့ဆက်စပ်ပြီးတော့ ဆိုဗီယက်၊ ရုရှားနိုင်ငံ ဟိုတုန်းက နာမည် အင်မတန်ကြီးခဲ့ပြီးတဲ့အခါမှာ အင်မတန်မှစိတ်ဝင်စားခြင်းခံရတဲ့ ဂေါ်ဘာချော့စ် မကြာသေးခင်က အသက် ၈၀ ပြည့်အခမ်းအနားမှာ သူထုတ်ပြောသွားတာရှိပါတယ်။ သူတို့နိုင်ငံမှာ Para-Striker နဲ့ ဒီဟာနဲ့ ပတ်သက်လို့ လေ့လာပြောဆိုတာ သူ့လက်ထက်မှာ အဲလိုပြောဆိုတဲ့နေရာမှာ အခုသူက သူ့ရဲ့ မွေးနေ့မှာ သူဘာပြန်ပြောလဲဆိုရင် ဆိုဗီယက်နိုင်ငံဟာ ကျဆုံးသွားတာမဟုတ်ဘူး။ သူပြောတဲ့စကား အတိုင်းပဲ Re-rail လမ်းကြောင်းပြောင်းပြီးတော့ ချီတက်တာဖြစ်တယ်လို့ ဒီလိုပြောတဲ့အနေအထား လည်းရှိပါတယ်။ အဲဒါကိုကြည့်ခြင်းအားဖြင့် ဆိုဗီယက်နိုင်ငံ ကျဆုံးသွားတယ်ဆိုပေမယ့် ရုရှား ဖက်ဒရေးရှင်းနိုင်ငံကတော့ မကျဆုံးဘူးဆိုတဲ့သဘောကို ဒီလိုပြောတဲ့သဘောလည်း အဓိပ္ပါယ်တွေ ပါတယ်။ ဒါ့ကြောင့်မို့လို့ ကျွန်တော်ပြောချင်တာက ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များ သတိပြုရမှာကတော့ အခြားနိုင်ငံများနဲ့ သက်ဆိုင်တယ်ဆိုလို့ရှိရင် မလိုအပ်ဘဲနဲ့ နာမည်တွေကို တိတိကျကျ ဖော်ညွှန်းခြင်းဟာ Counter Protective မလိုအပ်တာတွေ ဖြစ်နိုင်တဲ့အတွက် ဒါလေးလည်း သတိပြုဖို့လိုပါတယ်။ နောက်ကျန်တဲ့ ဆွေးနွေးမှုနဲ့ ပတ်သက်လို့ ကျွန်တော်တို့ စကားလုံး တွေလည်းရလိုက်ပါတယ်။ ဒါဘာလဲဆိုရင် သံဘရတ်နဲ့တိုက်ပြီးတော့ သုံးသပ်တာတို့ နောက်တစ်ခါ ထုတ်တင်တို့၊ တင်ထုတ်တို့ နောက်တော့ ဆန္ဒန်ဆင်မင်းဇာတ်နဲ့ပတ်သက်လို့ပြောတာ။ အဲဒီမှာ မယား နှစ်ယောက် အဲဒီမှာမှ ရွှေမန်းတင်မောင်ဇာတ်ထဲတုန်းကတော့ သူက မယားနှစ်ယောက်ရှိတဲ့ ယောကျ်ားဟာ ဆံပင်တဖြည်းဖြည်းကျွတ်သွားတယ်။ ဒါကြောင့်မို့လို့ ထိပ်ပြောင်ဖြစ်သွားတယ်။ ဘာကြောင့်လဲ မယားကြီးက သူ့ယောကျ်ားကို အသက်ငယ်တယ်လို့ ထင်မှာစိုးတဲ့အတွက် မယားကြီး ကဘာကိုနုတ်သလဲ။ ဆံပင်အနက်ကိုနုတ်တယ်။ မယားငယ်ကျတဲ့အခါကျတော့ သူ့ယောကျ်ား အသက်ကြီးတာ ထင်မှာစိုးတဲ့အတွက် ဆံပင်ဖြူကိုနုတ်တယ်။ တစ်ယောက်က အဖြူကိုနုတ်လိုက်၊ တစ်ယောက်က အနက်ကိုနုတ်လိုက် နောက်ဆုံးကျတဲ့အခါကြတော့ သူ့ယောကျ်ားဟာ ဆံပင်မရှိတော့ ဘူးဆိုတဲ့ဟာမျိုး ပြောတာလည်းကြားလိုက်ပါတယ်။ အဲတော့ ဒီနေရာမှာလည်း ဆန္ဒန်ဆင်မင်းဇာတ်ကို ခင်းသွားတဲ့ အတွက်တော်တော်ကောင်းပါတယ်။ တော်တော်ကောင်းလို့ပဲ အချိန်က မိနစ် ၃၀ ပါသွား တဲ့အတွက် သက်ဆိုင်ရာ ဒီနေ့ဆွေးနွေးမယ့် နောက်မနေ့ကလည်း ကျွန်တော်တို့မှတ်လောက်သား လောက် ပြောပါတယ်။ ဘာလည်းဆိုတော့ ဒေါ်ဒွဲဘူက ခေသူမဟုတ်။ ခေသူမဟုတ်လို့ ပြောတဲ့အခါမှာ ဟိုဘက်က တပ်မတော်သားအရာရှိတွေက အကုန်လုံး အဲဒီဝိုင်းကြည့်တယ်။ ပြီးတော့ ပြုံးလည်း ပြုံးကြတယ်။ ကျွန်တော်တို့ကလည်း ခေသူမဟုတ်ဆိုတာတော့ကြားဖူးတယ်။ ဒါပေမယ့်လို့ မနေ့က ပြောလိုက်မှ ခေသူမဟုတ်ဘူးဆိုတာ သဘောပေါက်သွားတယ်။ ကချင်အမျိုးသား ကျွန်တော်တို့ကချင်

ခေါင်းဆောင်ကြီးတစ်ယောက်က ဒီလိုပြောသွားတာ။ ဒါ့ကြောင့် ဒီနေ့ ခေသူမဟုတ်နဲ့ပတ်သက်လို့ ဆွေးနွေးမယ့်အစီအစဉ်ကတော့ ခုနက ဆန္ဒန်ဆင်မင်းကြောင့် ဒီနေ့တော့ ကျွန်တော်တို့ မဆွေးနွေး နိုင်တော့ဘူး။ နောက်ရက်မှပဲ ဆွေးနွေးပါမယ်။ သို့ရာတွင် နောက်အစီအစဉ်တွေကတော့ ဒီနေ့ မဆွေးနွေးဘူးဆိုလို့ရှိရင် နောက်နေ့မှာ ကျွန်တော်တို့ အခက်အခဲဖြစ်မှာဖြစ်တဲ့အတွက် ဒါတွေကိုလည်း ဆန္ဒန်ဆင်မင်းကြောင့် ဒီလိုဖြစ်ရတယ်ဆိုတာကို သဘောမပေါက်ဘဲနဲ့ ဒီလိုမခံယူဘဲနဲ့ ဆန္ဒန်ဆင်မင်း ကလည်း လိုအပ်လို့ခင်းသွားတဲ့ဇာတ်ဖြစ်ပါတယ်။ ဒါ့ကြောင့်မို့လို့ အဲဒီ မနေ့ကပြောတဲ့ ခေသူမဟုတ် ဆွေးနွေးမှုကတော့ နောက်နေ့ကို ပြောင်းမယ်ဖြစ်ကြောင်း ကြိုတင်ပြီးတော့အသိပေးထားပါတယ်။ ဒီမှာဆက်ပြီးတော့လည်း ကျွန်တော်တို့ပြောစရာရှိပါတယ်။ဒါဘာလဲဆိုတော့ ခုနကအဆိုနဲ့ပတ်သက်လို့ အဆိုပေါ်မူတည်ပြီးတော့ စပ်လျဉ်းပြီးတော့ ဆွေးနွေးသွားတဲ့အခါမှာ ဒီအဆိုကို ဒီအတိုင်းတော့ လက်ခံလို့မရဘူး။ ပြောမယ်ဆိုလို့ရှိရင် ဥပဒေသမားတွေအနေနဲ့ ပြောမယ်ဆိုရင် Condition တွေ ထည့်ဖို့လိုတယ်။ ဥပဒေစကားနဲ့ပြောရမယ်ဆိုရင် Term and Conditionကအရေးကြီးပါတယ်။ စာချုပ်တစ်ခုပဲချုပ်ချုပ်၊ တစ်ခုနှင့်တစ်ခု ကတိကဝတ်ပဲပြုပြု၊ Term and Condition တွေထည့်ဖို့လိုပါတယ်။ ဒီလိုပဲ သဘောပေါက်ပါတယ်။ ဒါကြောင့်မို့လို့ ဦးသိန်းညွန့် တင်သွင်းတဲ့ အဆိုမှာ လွှတ်လပ်စွာဖော်ထုတ် လွှတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ ရေးသားခွင့်ဆိုတဲ့နေရာမှာ ဒါနဲ့တော့ မလုံလောက်ဘူး။ ရှေ့ကနေပြီးတော့ Condition တွေ ထည့်ဖို့လိုပါတယ်။ အဲဒီအခါကျမှ ပြည့်စုံသွားပါမယ်။ အဲဒီအခါကျတဲ့အခါမှာ ခုနက ဖွဲ့စည်းပုံအခြေခံဥပဒေမှာပါတဲ့ အခွင့်အရေးတွေ၊ တာဝန်တွေ၊ လုပ်ပိုင်ခွင့်တွေ၊ လွှတ်လပ်ခွင့်တွေ၊ လွှတ်လပ်ခွင့်နဲ့အတူ တာဝန်ခံမှုတွေအားလုံးပါသွား မယ်ဆိုတဲ့သဘော သက်ရောက်တဲ့အတွက် ဒီအဆိုတစ်ရပ်တည်းဆိုလို့ရှိရင်တော့ ဒါထောက်ခံဖို့ အခက်အခဲရှိတယ်ဆိုတဲ့သဘောပါပါတယ်။ အဲဒီလိုပဲ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်ဝန်ကြီးက ဆွေးနွေးတဲ့နေရာမှာ ဒါနဲ့ပတ်သက်လို့ လုပ်သင့်တာတွေလုပ်နေပြီ။ လုပ်သင့်တယ်ဆိုတဲ့နေရာမှာ ခုနက သီပေါမဲဆန္ဒနယ်က ဆွေးနွေးသွားတဲ့ စာပေစိစစ်ရေးလိုအုံးမလားဆိုတဲ့ဟာလေး ဒီလောက်ပါပဲ ဆိုပြီးတော့ မရဲတရဲနဲ့ နိဂုံးချုပ်သွားတာလည်းရှိပါတယ်။ ဒါကိုလည်း ခုနက သက်ဆိုင်ရာ ပြည်ထောင်စု ဝန်ကြီးက ရှင်းလင်းပြသွားတဲ့အခါမှာ ဇူလိုင်လကစပြီးတော့ တဖြည်းဖြည်း၊ တဖြည်းဖြည်းပြောရမယ် ဆိုရင် တစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်သွားမယ်ဆိုတဲ့ဟာလည်း လုပ်ဆောင်မှုထဲမှာပါနေပြီဖြစ်ပါ တယ်။ အဲဒီအတိုင်းပဲ ဥပဒေတွေဟာလည်း တဖြည်းဖြည်း၊ တဖြည်းဖြည်း ဒါပြုစုသွားဖို့လိုမယ်ဆိုတာ လည်းဖော်ပြထားပြီးဖြစ်ပါတယ်။ တကယ်တမ်းကျတဲ့အခါကျတော့ ဥပဒေဘယ်လိုပြုရမှာလဲဆိုတဲ့ အခါမှာ ကျွန်တော်တို့ လွှတ်တော်တွေကပဲ ပြုရမှာဖြစ်ပါတယ်။ ဒါကြောင့်လည်း ကမ္ဘာမှာ ကျွန်တော်တို့

လွှတ်တော်တွေကို Law Makers ဆိုပြီးတော့ ဒီလိုသုံးပါတယ်။ တချို့ကျတဲ့အခါကျတော့ Talk ဆိုပါတော့၊ တချို့ကျတော့ Legislater Body အဲဒီမှာမှ အကြီးအကဲကျတဲ့အခါကျတော့ talk Legislater Body သို့မဟုတ်လို့ရှိရင် Talk Law Makers ဆိုပြီးတော့ ဒီလိုသုံးပါတယ်။

ဥပမာအားဖြင့်တော့တရုတ်နိုင်ငံမှာရှိတဲ့ National People Congressရဲ့ ဥက္ကဋ္ဌဖြစ်တဲ့ မစ္စတာဟူဇပ်ဂူကို ဒီလိုပဲသုံးပါတယ်။ သဘောကတော့ ဥပဒေတွေဟာ ကျွန်တော်တို့ ပြုရမှာ၊ ကျွန်တော်တို့ ပြုရမှာဆိုတဲ့ လွှတ်တော်တွေကပြုရမှာ အဲဒီလိုပြုနိုင်ဖို့ဆိုလို့ရှိရင် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် ဌာနအသီးသီးကလည်း ဥပဒေကြမ်းတွေ တင်သွင်းနိုင်ပါတယ်။ အဲဒီနည်းတူပဲ လွှတ်တော်ကိုယ်စားလှယ်တွေကလည်း ဥပဒေကြမ်းတွေ တင်သွင်းနိုင်ပါတယ်။ ဒီအပေါ်မှူတည်ပြီးတော့ အခါမှာမှ လွှတ်တော်ကိုတင်၊လွှတ်တော်ကနေပြီးတော့ ဒီဥပဒေကိုပြဋ္ဌာန်းပေးဖို့ လွှတ်တော်နှစ်ရပ် ကနေပြီးတော့ အဆုံးအဖြတ်ပေးတဲ့ အခါမှာ ပြည်ထောင်စုလွှတ်တော်က အဆုံးအဖြတ်ပေးတယ်လို့ ခံယူပြီးတော့ နိုင်ငံတော်သမ္မတကလည်း ဒီပေါ်လက်မှတ်ရေးထိုးရမှာဖြစ်ပါတယ်။ အချိန်ကာလတစ်ခု အတွင်းမှာ လက်မှတ်မရေးထိုးနိုင်ဘူး ဆိုလို့ရှိရင်လည်း လွှတ်တော်တွေက ပြုလိုက်တဲ့ဥပဒေဟာ အတည်ဖြစ်သွားမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဥပဒေပြုရေးဟာလည်း မိမိတို့ရဲ့ အဓိကတာဝန်ဖြစ်တဲ့ အတွက် စိတ်ပါဝင်စားစွာ ဥပဒေပြုနိုင်ဖို့အတွက် လေ့လာဖို့လိုသလို တစ်ဖက်၊ တစ်ဖက်ဆိုတာက ပြည်ထောင်စုအဆင့်များကလည်း ဥပဒေတွေကိုပြည်သူ့အတွက် အကျိုးရှိမယ့်ဥပဒေကို အလျင်အမြန် ပြုနိုင်ဖို့ဆောင်ရွက်တဲ့နေရာမှာ အခုဆိုလို့ရှိရင်ပြုတယ်။ သို့ရာတွင် ခုနက ရှေ့နေချုပ်ရုံးရဲ့ အကြံပြုမှု ကိုယူနေရတဲ့အတွက် ဒီ လွှတ်တော်ကို ရောက်မလာနိုင်တဲ့ အနေအထားလည်းရှိပါတယ်။ ကျွန်တော်တို့ လွှတ်တော်မှာလည်း ဥပဒေကြမ်းကော်မတီတွေနဲ့အင်မတန်မှ အလုပ်များပြီးတော့ အလုပ်ရှုပ်ပါတယ်။ ဒီနေ့ ဥပဒေကြမ်းကော်မတီကတင်လာတဲ့ဥပဒေတွေ အပေါ်မူတည်ပြီးတော့ သုံးသပ်တင်ပြချက်တွေ ဟာ ဒီလိုရုံးချိန်မှမဟုတ်ဘဲနဲ့ ရုံးပြင်ပအချိန်မှာလုပ်နေရတဲ့ အနေအထားရှိပါတယ်။ ဒါကြောင့်မို့လို့ ဒါလည်း လွှတ်တော်ကိုယ်စားလှယ်များ နားလည်ပေးဖို့နဲ့ မိမိတို့ရဲ့တာဝန်ကျေဖို့ဆိုလို့ရှိရင် တည်ဆဲ ဥပဒေတွေက နိုင်ငံတော်နှင့် ပြည်သူအတွက် တကယ်အကျိုးဖြစ်ထွန်းတဲ့ ဥပဒေတွေဟုတ်၊ မဟုတ် ဆိုတာကို ကျွန်တော်တို့ ဖွဲ့စည်းပေးထားလိုက်တဲ့ ကော်မတီတွေက ကိုယ့်ကော်မတီတွေနဲ့ ကိုယ်ပြန် ပြီးတော့သုံးသပ်ဖို့လိုပါတယ်။ ဥပဒေကြမ်းကော်မတီ တစ်ခုတည်းနဲ့ ဘယ်လိုမှလုပ်လို့မရဘူး။ လွှတ်တော်ကြီးကလည်း ဒီလို Planning တွေခေါ်တဲ့စုံညီအစည်းအဝေးမှာ လုပ်ဖို့ဆိုတာအများကြီး အခက်အခဲရှိ ပါတယ်။ ဒါကြောင့်မို့လို့ ဖွဲ့စည်းပေးလိုက်တဲ့ ကော်မတီများအနေနဲ့လည်း ဥပဒေတွေကို ပြန်လည် သုံးသပ်ပြီးတဲ့အခါမှာ ဥပဒေများပြည်သူ့အတွက်အကျိုးမပြုတော့ဘူး။ နိုင်ငံအတွက်လည်း

အကျိုးမပြုတော့ဘူး ဆိုလို့ရှိရင်ပယ်ဖျက်ဖို့၊ ပြင်ဆင်ဖို့၊ ပြဋ္ဌာန်းဖို့ကိစ္စတွေဟာ မိမိတို့ရဲ့တာဝန်လို့ သဘောထားပြီးတော့ အားလုံးစေတနာပါပါနဲ့ ဆက်လက်ဆောင်ရွက်သွားရမှာ လိုကြောင်းလည်း ပြောချင်ပါတယ်။ အဲဒီမှာမှ ဒီဟာနဲ့ပတ်သက်ပြီးတော့ ဦးသိန်းညွန့်က ဥပဒေတစ်ရပ် ပြဋ္ဌာန်းပေးပါလို့ တောင်းခံခြင်းဟာ လွှတ်တော်ကိုတင်ပြခြင်းပဲဖြစ်ပါတယ်။ ဥပဒေပြဋ္ဌာန်းမှာ ဘယ်သူ့မှာတာဝန်ရှိသလဲ။ လွှတ်တော်မှာပဲ တာဝန်ရှိပါတယ်။ အဲဒီလို ပြဋ္ဌာန်းနိုင်ဖို့ကျတဲ့အခါ ဘယ်သူ့မှာတာဝန်တွေရှိပါ ပြန်သလဲဆိုတဲ့အခါမှာ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းအဝေးမှာ ရှိသလို ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်အသီးသီးမှာလည်း ဒီတာဝန်တွေရှိပါတယ်။ ဒီနေ့ ကျတဲ့အခါကျတော့ လွှတ်တော်ကိုယ်စားလှယ်အသီးသီး တာဝန်ဆိုတဲ့အစား သက်ဆိုင်ရာကော်မတီများမှာ တာဝန်ရှိတယ်လို့ ပိုပြီးပြောရမှာဖြစ်ပါတယ်။ အဲဒီတာဝန်ကို ကျွန်တော်တို့ ကျေပြွန်စွာထမ်းဆောင်နိုင်မှသာလျှင် ကျွန်တော်တို့ လွှတ်တော်ရဲ့တာဝန်ကို ကျေပြွန်စွာထမ်းဆောင်နိုင်မှာဖြစ်တဲ့အတွက် ဒီအသိ၊ ဒီခံယူချက်နဲ့ ဆောင်ရွက်သွားဖို့လိုပါတယ်။ အဲဒီမှာမှ ဒီနေ့ ဦးသိန်းညွန့်က တင်ပြလိုက်တဲ့ အဆိုပြုချက်သည် ပြည့်စုံတဲ့အဆိုပြုချက် မဟုတ်ပါဘူး။ Condition တွေကျန်နေပါတယ်။ အဲဒီ Condition တွေဟာ အရေးကြီးပါတယ်။ ဒါကြောင့်မို့လို့ ဒီအဆိုကိုတော့ လွှတ်တော်အနေနဲ့ လက်ခံလို့မရနိုင်ပါဘူး။ သို့ရာတွင် ခုနက ပြည်ထောင်စုဝန်ကြီးတင် ပြသွားသလို ဒီအဆိုတစ်ရပ်တော့ တင်ပြတယ်။ ဒါနဲ့ပတ်သက်လို့ မှတ်တမ်းအဖြစ် သို့မဟုတ်ရင် တိုက် တွန်းကြောင်းအဖြစ်ဆိုတဲ့နေရာမှာ လွှတ်တော်ဘက်ကတော့ တိုက်တွန်းကြောင်းလည်း လက်မခံနိုင်ပါဘူး။ ဒီလိုအဆိုတစ်ခု တင်သွင်းသွားတယ်ဆိုတာပဲ မှတ်တမ်းတင်ပြီးတော့ ဆောင်ရွက်ရမယ့်အနေအထား ဖြစ်ပါတယ်။ တိုက်တွန်းတယ်ဆိုလို့ရှိရင် တင်ပြတဲ့အဆိုဟာ မှန်ကန်နေတော့၊ မှန်ကန်နေတဲ့အတွက် လွှတ်တော်ကနေပြီးတော့ ဒါကိုအတည်ယူပြီးတော့ တိုက်တွန်းတယ်ဆိုတဲ့ သဘောဖြစ်မှာဖြစ်တဲ့အတွက် မိမိအနေနဲ့ကတော့ မှတ်တမ်းအဖြစ်ထားရှိရုံကလွဲလို့ ဒီအဆိုကိုတော့ ပြောမယ်ဆိုရင် မဲခွဲစရာမလိုဘဲနဲ့ လွှတ်တော်ဥက္ကဋ္ဌ၊ လွှတ်တော်ကိုယ်စားဒီလိုပဲမြင်ပါတယ်လို့ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးရော၊ သက်ဆိုင်ရာအဆိုကို တင်သွင်းတဲ့လူတွေရော၊ ထောက်ခံတဲ့ လူတွေရော ဒီလိုပဲကျွန်တော့်အနေနဲ့ပြန်လည်တင်ပြချင်ပါတယ်။ ဒါကြောင့်မို့လို့ထုံးတမ်းစဉ်လာအတိုင်း ဦးသိန်းညွန့်အနေနဲ့ မိမိရဲ့ဆွေးနွေးချက်အပေါ်မှာ အခြားသူများဆွေးနွေးချက်အပေါ်မှာ ပြန်လည်ပြောကြားနိုင်ပါတယ်။ အရှည်ကြီးဆွေးနွေးစရာမလိုပါဘူး။

**ဦးသိန်းညွန့်(သဃ်န်းကျွန်းမဲဆန္ဒနယ်)**။ ။လေးစားအပ်တဲ့ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ခုနက ကျွန်တော့်အဆိုကို ထောက်ခံတဲ့သူရော ဝေဖန်တဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကို ကျေးဇူးတင်ပါတယ်။ နောက် ပြန်ကြားရေးဝန်ကြီးကိုလည်း ဇူလိုင်လ

ကနေ သတင်းသမားတွေအတွက် အကျိုးရှိမယ့်ဥပဒေတွေကို ရှေ့နေချုပ်ရုံးကိုပို့ ပြီးတော့ ဆောင်ရွက်မယ်ဆိုတဲ့အချက်ရယ်၊ ပြန်ကြားရေးဝန်ကြီးရဲ့ ရှင်းလင်းချက်ထဲမှာ သတင်းမီဒီယာလွတ်လပ်ခွင့်အတွက် အလားအလာကောင်းတွေကို တွေ့ရတဲ့အတွက် ကျွန်တော်ဝမ်းမြောက်ဝမ်းသာ ကြိုဆိုပါတယ်။ အဲဒီအပြင် ကျွန်တော်တို့ရဲ့ လေးစားရသောလွှတ်တော်ဥက္ကဋ္ဌကြီးက ကျွန်တော့် အဆိုအပေါ်မှာ ဒီပြန်ပြီးတော့ Codition သတ်မှတ်ရမယ့်အချက်တွေကိုလည်း ကျွန်တော် သဘောတူပါတယ်။ အဲဒါကြောင့် တစ်ချက်ပဲ ဒီမှာကျွန်တော်ပြောချင်တာက ကျွန်တော်က ဒီဥပဒေတို့ ဘာတို့တင်တဲ့အခါမှာ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ကွဲလွဲပြီးတော့ ကျွန်တော် တင်စရာမရှိပါဘူး။ ကွဲလွဲပြီး၊ ဆန့်ကျင်ပြီးတင်လျှင် အခြေခံဥပဒေဆိုင်ရာခုံရုံးက ပယ်ဖျက်မှာပေါ့။ အကျိုးမရှိတဲ့အလုပ် ကျွန်တော် မလုပ်ပါဘူး။ ဒါ့ကြောင့် ကျွန်တော့် ဆွေးနွေးချက်အပေါ်မှာ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ညီညွတ်ရမယ်ဆိုတဲ့ ဝေဖန်ချက်က ကျွန်တော့်အပေါ်မှာ အကဲဖြတ်ချက် တစ်မျိုးသဘောပေါက်တယ်လို့ပဲ ကျွန်တော်ယူဆပါတယ်။ ဘာပဲဖြစ်ဖြစ် ဒီနေ့ လွှတ်တော်ဥက္ကဋ္ဌကြီးရဲ့ အဆုံးအဖြတ်အားလုံးကို ကျွန်တော် သဘောတူပါတယ်။ အဲဒါကြောင့် ကျွန်တော့်အဆိုကို ခြွင်းချက်နဲ့ပဲဖြစ်ဖြစ်ပေါ့၊ မှတ်တမ်းတင်ပေးထားရင် ကျွန်တော်တင်ပြရကျိုးနပ်ပါပြီဆိုတာ လေးလေးစားစား ပြည်သူ့လွှတ်တော်တစ်ရပ်လုံးကိုကျွန်တော် တင်ပြအပ်ပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ဒါကြောင့် ဦးသိန်းညွန့်၊ သဃ်န်းကျွန်းမဲဆန္ဒနယ်ရဲ့ သတင်းမီဒီယာများ၏ထင်မြင်ယူဆချက်များကိုလွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ရေးသားဖြန့်ဝေခွင့်စသည့်အခွင့်အရေးများကာကွယ်စောင့်ရှောက်ပေးသည့် ဥပဒေတစ်ရပ်ပြဋ္ဌာန်းပေးပါရန်အဆိုကို လွှတ်တော်ကမှတ်တမ်းတင်ကြောင်းကြေညာအပ်ပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။အစီအစဉ် ၂၀ ဖြစ်တဲ့ ဦးထွန်းသိန်း၊ မံစီမဲဆန္ဒနယ်က အဆိုတစ်ရပ်တင်သွင်းဖို့ရှိပါတယ်။ အဆိုတင်သွင်းနိုင်ရန် ဦးထွန်းသိန်းအား ဖိတ်ခေါ်ပါတယ်။

**ဦးထွန်းသိန်း(ခ)ဦးထွန်းထွန်း(မံစီမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသောဧည့်သည်တော်များအားလုံးကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ ချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်းနှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ်၊ မံစီမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းသိန်း(ခ)ဦးထွန်းထွန်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၁ခုနှစ်၊ သြဂုတ်လ ၂၅ ရက်နေ့တွင် ကျင်းပသော အမျိုးသားလွှတ်တော်ဒုတိယပုံမှန်စတုတ္ထအစည်းအဝေးနေ့၌ ကချင်ပြည်နယ်ဒေသခံလုပ်ငန်းရှင် အမျိုးသားလွှတ်တော်

ကိုယ်စားလှယ်မှ တင်သွင်းခဲ့သည့်အဆိုမှာ ၁၇-၈-၂၀၁၁ နေ့တွင် ကျွန်တော် တင်သွင်းခဲ့သော ကချင်ပြည်နယ်၊ ဖားကန့်မြို့နယ်၊ ကျောက်မျက်၊ ကျောက်စိမ်းထိန်းသိမ်း၍ ရေရှည် စနစ်တကျ တူးဖော်ထုတ်လုပ်ရေးအဆိုနှင့် ဒေသတစ်ခုတည်း၏ အကျိုးကျေးဇူးတစ်ခုတည်းပေါ်တွင် တင်သွင်းထားသည်ကိုသိရ၍ ၎င်းတင်သွင်းထားသောအဆိုနှင့်စပ်လျဉ်း၍ ဒေသခံအမျိုးသားလွှတ်တော် ကိုယ်စားလှယ်နှစ်ဦးနှင့် ဆွေးနွေးခဲ့ကြပြီး သတ္တုတွင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးမှ ရှင်းလင်းဆွေးနွေး ပြောကြားခဲ့သည်မှာလည်း ကျောက်စိမ်းလုပ်ကွက်များကို စနစ်တကျ ချပေးခြင်း၊ စက်ယန္တရားများအရေအတွက်နှင့် စွမ်းရည်များကိုကန့်သတ်ခြင်း၊ သဘာဝပတ်ဝန်းကျင်များကို ထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်စေခြင်း၊ ဈေးကွက်ရရှိပြီးသော ကျောက်စိမ်းအရိုင်းတုံးများကို သဘာဝအတိုင်း ရောင်းချခြင်းအခြေအနေမှ တန်ဖိုးမြင့်လက်ဝတ်ရတနာ ရောင်းချခြင်းဈေးကွက်သို့ တိုးမြှင့်ဆောင်ရွက်သွားခြင်းစသည့် အသေးစိတ်ဖြေရှင်းခဲ့သည့်အတွက် ကျွန်တော်၏ အဆို ထပ်မံတင်သွင်းရန် မလိုတော့ပါကြောင်း သုံးသပ်မည့် ကျွန်တော့်အဆိုအား ရုပ်သိမ်းခွင့် တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ဆွမ်ပရာဘွမ်မဲဆန္ဒနယ်မှ ဦးခမိုင်မုန်ကွမ် အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။ ဖိတ်ခေါ်ပါတယ်။

**ဦးခမိုင်မုန်ကွမ်(ခ)ဦးခမိုင်တန်(ဆွမ်ပရာဘွမ်မဲဆန္ဒနယ်)**။ ။လေးစားအပ်သော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များနဲ့ ဖိတ်ကြားထားသော ဧည့်သည်တော်များနဲ့ ပြည်ထောင်စုဝန်ကြီးများနဲ့ ကြွရောက်လာသောအားလုံးကို မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေကြောင်း ပဏာမအနေနဲ့ ကျွန်တော် နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ကချင်ပြည်နယ်၊ ဆွမ်ပရာဘွမ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခမိုင်မုန်ကွမ် (ခ) ဒူဝါခမိုင်တန် ဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော့်အနေနဲ့ အဆိုပြုတင်သွင်းလိုတဲ့ ကဏ္ဍများမှာ ပြည်နယ်နဲ့တိုင်းဒေသကြီး အစိုးရအဖွဲ့မှ ပြည်ထောင်စုသတ္တုတွင်းဝန်ကြီးဌာနနဲ့ ပူးပေါင်း၍ ဧက ၅၀ ထက်မပိုသော အသေးစား သယံဇာတသတ္တုရှာဖွေတူးဖော်ရေးလုပ်ငန်းနဲ့ ပတ်သက်သော လုပ်ငန်းခွင်လိုင်စင်ချမှတ်နိုင်ရေး အဆိုကို အဆိုပြုတင်သွင်းသွားမယ် ဖြစ်ပါတယ်ခင်ဗျား။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပေါ်ထွန်းလာတာနဲ့အညီ ပြည်နယ်နဲ့တိုင်းဒေသကြီး အစိုးရအဖွဲ့များကိုလည်း ပေါ်ထွန်းသတ်မှတ်ထားပြီး ဖြစ်တာနဲ့အညီ ပြည်နယ်နဲ့တိုင်းဒေသကြီး အနေနဲ့အသေးစားသယံဇာတရှာဖွေတူးဖော်ရေး လုပ်ငန်းချမှတ်နိုင်ရေးအတွက် အဆိုပြု တင်သွင်းသွားခြင်း ဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော်တို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်တို့ လုပ်ငန်းရှင်ပြည်သူများ အခက်အခဲမရှိ စေရေးအတွက် အဖွဲ့အစည်းအခြေခံဥပဒေကို ဖြည့်စွက်၍ဖြစ်စေ၊ ပြည်ထောင်စုသတ္တုတွင်း ဝန်ကြီးဌာနနဲ့ လုပ်ငန်းခွဲအနေနဲ့ဖြစ်စေ၊ ပြည်ထောင်စုအစိုးရသို့ ပေးသွင်းမည့်အချိုးကို သတ်မှတ်၍ ပြည်နယ်နဲ့တိုင်းဒေသကြီးအစိုးရအဖွဲ့ သစ်တောနဲ့သတ္တုတွင်းဝန်ကြီးဌာနမှ ဧက ၅၀ ထက်မပိုသော အသေးစားသယံဇာတသတ္တုရှာဖွေရေးလုပ်ငန်း လုပ်ကိုင်ခွင့် လိုင်စင်ကို ထုတ်ပေးနိုင်ရေးအတွက် စီစဉ်ချမှတ်ပေးပါရန် လေးစားစွာ အဆိုပြု တင်သွင်းခြင်း ဖြစ်ပါတယ် ခင်ဗျား။ လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော် ဖြည့်စွက်ပြီးမှ အချက်နှစ်ချက်ကို ဆွေးနွေးပြီးမှ ဒီအဆိုကို ကျွန်တော်စဉ်းစားခိုင်းမှာ ဖြစ်ပါတယ်။ အချက်တစ်ချက်မှာ အခြေခံဥပဒေကို ဖြည့်စွက်ပြီးမှ တိုင်းဒေသကြီးအနေနဲ့ အသေးစားသယံဇာတရှာဖွေတူးဖော်ရေးလုပ်ငန်း ချမှတ်ပေးရေးဆိုတဲ့ အဆို အနေနဲ့ရှင်းလင်းပြောရမယ်ဆိုရင် ကျွန်တော်တို့ ဒီနေ့ဒီနေရာမှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ရှိသလို ပြည်သူ့လွှတ်တော်မှာ နိုင်ငံတော်မှာ ပေါ်ထွန်းလာပြီ ဖြစ်ပါတယ်။ အဲဒီတော့ အခြေခံဥပဒေကို ဖြည့်စွက်၍ ဆိုတဲ့နေရာမှာ ပြည်သူလူထုရဲ့လိုအပ်ချက်များကို ကျွန်တော်တို့အနေနဲ့ နိုင်ငံတော်နဲ့ လွှတ်တော်အနေနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အနေနဲ့ ဒါကိုလိုအပ်သလို ဖြည့်စွက်ရမယ့် အခွင့်အာဏာရှိမယ်လို့ ကျွန်တော့်အနေနဲ့ ထင်မြင်ယူဆပါတယ်။ ဒါကြောင့်မို့ လိုအပ်တဲ့အချိန်အခါမှာ အခြေခံဥပဒေကို ဖြည့်စွက်ပြီးမှ တိုင်းဒေသကြီးမှာ ရှိတဲ့ ဝန်ကြီးဌာနရဲ့အမည်နာမနဲ့ အညီ ဧကတစ်ဧကပဲဖြစ်စေ၊ နှစ်ဧကပဲဖြစ်စေ၊ ဒီလုပ်ငန်းရှင်များရဲ့ မျှော်လင့်ချက်ကို ဖြည့်ဆည်းနိုင်ရေး အတွက် ဖြည့်ဆည်းနိုင်မယ်လို့ ဒီလွှတ်တော်က ပြန်လည်ဖြည့်ဆည်းပေးနိုင် မယ်လို့ ဒီအခြေခံဥပဒေကို ဒီအကြောင်းကို ဆွေးနွေးတင်ပြလိုပါတယ်။

နောက်တစ်ချက်က သတ္တုတွင်းဝန်ကြီးဌာနအနေနဲ့ ပူးပေါင်း၍ သတ္တုအသေးစားရှာဖွေ တူးဖော်ရေးလုပ်ငန်းနဲ့ ပတ်သက်၍ ဆိုတဲ့အဆိုအပိုင်းမှာ ပြောရမယ်ဆိုရင်တော့ ဒါလည်း ကျွန်တော်တို့ ပြည်နယ်နဲ့ တိုင်းဒေသကြီးမှာ သတ္တုတွင်းဝန်ကြီးဌာနပေါ်ထွန်းလာတာနဲ့အညီ၊ အမည်နာမနဲ့အညီ ကျွန်တော်တို့ နိုင်ငံ၊ ကျွန်တော်တို့ ပြည်နယ်၊ ကျွန်တော်တို့ရဲ့ တိုင်းဒေသကြီးမှာ ညီညွတ်ဖို့လိုပါတယ်။ ဘာပဲဖြစ်ဖြစ် အစိုးရတိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရအဖွဲ့မှာရှိတဲ့ သတ္တုတွင်းဝန်ကြီးဌာန အနေနဲ့ ဆားပဲလုပ်ကိုင်ကြမယ်ဆိုတဲ့သဘောနဲ့ ကျွန်တော်တို့အားလုံးကို ဒါကို အသိအမှတ်ပြု ခံကြမယ်ဆိုရင် တချို့နေရာမှာ ဆားလည်းမရှိတဲ့အပိုင်းမှာ ရှိပါတယ်။ ဆားလည်းမရှိတဲ့အခါကျတော့ ဒီဝန်ကြီးဌာန ဆိုတဲ့ ကဏ္ဍအပိုင်းမှာ နိုင်ငံအတွင်းမှာရှိတဲ့ လုပ်ငန်းရှင်ပြည်သူများက လာရောက်ဆက်သွယ်တဲ့ အခါမှာ ကျွန်တော်တို့က သတ္တုသယံဇာတရှာဖွေခွင့်လိုင်စင်ကို ချမှတ်ပေးနိုင်ခွင့်မရှိဘူးဆိုတဲ့အခါမှာ

ဒီပြည်သူလူထုလုပ်ငန်းရှင်များအနေနဲ့ ရင်ထဲမှာ တစ်မျိုးဖြစ်မှာဖြစ်တယ်။ ဒါကြောင့်မို့ ကျွန်တော်တို့က လုပ်ငန်းရှင်ပြည်သူများအနေနဲ့လည်း စိတ်ထဲမှာ လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရေးအတွက် လည်းကောင်း၊ နောက်မှ ပြည်နယ်နဲ့တိုင်းဒေသကြီးမှာရှိတဲ့ သစ်တောနဲ့ သတ္တုတွင်းဝန်ကြီးဌာနရဲ့ အမည်နာမနဲ့အညီ သူ့ရဲ့ဂုဏ်ဆောင်ဖို့အတွက်လည်း ရည်ရွယ်တဲ့အနေနဲ့ သတ္တုတွင်းဝန်ကြီးဌာနရဲ့ လုပ်ငန်းခွဲ သဘောအနေနဲ့ဖြစ်စေ၊ နောက်မှအကျိုးဆောင်တဲ့ သဘောနဲ့ဖြစ်စေ၊ သတ္တုတွင်းဝန်ကြီး ဌာနမှာ ကျွန်တော်တို့ပြည်နယ်နဲ့တိုင်းဒေသကြီးမှာရှိတဲ့ လုပ်ငန်းရှင်များက သတ္တုတွင်းဝန်ကြီးဌာနမှာ လိုအပ်ချက်များကို နယ်မြေဒေသကိုတင်ပြပြီးတော့မှ သူတို့မှတစ်ဆင့် ပြည်ထောင်စုဝန်ကြီး ဌာနကို လုပ်ငန်းလုပ်ပိုင်ခွင့်လိုင်စင်ကို အကျိုးဆောင်သဘောအနေနဲ့ လုပ်ပေးမယ်ဆိုရင် ပြည်သူလူထု အနေနဲ့၊ လုပ်ငန်းရှင်ပြည်သူများအနေနဲ့လည်း အခက်အခဲကုန်ကျစရိတ်များတွေကို သက်သာသွားပြီး တော့မှ နောက်ပြီးတော့မှ ပြည်နယ်နဲ့တိုင်းဒေသကြီးမှာရှိတဲ့ ဝန်ကြီးဌာနအနေနဲ့လည်း သူ့ရဲ့ဝန်ကြီး ဌာနဆိုတဲ့ ဂုဏ်သတင်းနဲ့ အမည်နာမနဲ့အညီ လုပ်ငန်းပိုင်းဆိုင်ရာကို လည်ပတ်ဆောင်ရွက်နိုင်မှာ ဖြစ်တယ်လို့ အဲဒါကို တင်ပြလိုပါတယ်။ အဲဒီတော့ ကျွန်တော်တို့ အခုလိုပေါ့ ကျွန်တော်တို့ တိုင်းဒေသကြီးနဲ့ခုလို လုပ်ငန်းလုပ်ပိုင်ခွင့်လိုင်စင်ကို ချမှတ်နိုင်ခြင်းအားဖြင့် ပြည်နယ်နှင့် တိုင်းဒေသကြီးမှာလည်း အလုပ်တွေရှိမယ်။ နောက်ပြီးတော့မှ လုပ်ငန်း၊ အလုပ်အကိုင်များလည်း ရှိမယ်။ နောက်မှ ဝန်ကြီးဌာနအနေနဲ့လည်း အလုပ်အကိုင်များတိုးပွားလာမယ်။ ထို့နောက်မှ ပြည်ထောင်စုသတ္တုတွင်းဝန်ကြီးဌာနအနေနဲ့လည်း လုပ်ငန်းပိုင်းဆိုင်ရာ ကျယ်ကျယ်ပြန့်ပြန့်လုပ်ကိုင် နိုင်မယ်ဖြစ်တဲ့အပြင် တိုင်းဒေသကြီး၊ ပြည်နယ်မှာရှိတဲ့ လုပ်ငန်းရှင်တွေ နယ်စွန်နယ်ဖျားမှာရှိတဲ့၊ ကျေးလက်ဒေသမှာရှိတဲ့ လုပ်ငန်းရှင်အားလုံး အများအပြားမှာလည်း အလွယ်တကူ အလုပ်အကိုင် ရရှိပြီး ကျယ်ကျယ်ပြန့်ပြန့် လုပ်ကိုင်နိုင်မှာဖြစ်တယ်လို့ ကျွန်တော်ထင်မြင်ယူဆခြင်းနဲ့ ဒီအဆိုကို Result ကို အဓိကထားပြီးတော့မှ ကျွန်တော် ဆွေးနွေးခြင်း ဖြစ်ပါတယ်ခင်ဗျား။

လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော်ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တစ်ယောက်အနေနဲ့ တင်ပြဆွေးနွေးတဲ့အပိုင်းမှာ ကျွန်တော်တို့က ပြည်သူရဲ့လိုအပ်ချက်၊ နောက်မှ တိုင်းဒေသကြီးရဲ့လိုအပ်ချက်၊ နိုင်ငံတော်ရဲ့ ပြည်ထောင်စုသတ္တုတွင်းဝန်ကြီးဌာနရဲ့ အလုပ်အကိုင်များကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ကိုင်နိုင်ပြီး ဒီတိုင်းဒေသကြီးရဲ့ အချုပ်အခြာ အာဏာ၊ နောက်ဆင်းရဲမွဲတေမှု ကဏ္ဍများအားလုံးကို အထောက်အကူပြုစေပြီးမှ အုပ်ချုပ်ရေးကဏ္ဍများကို လည်း နယ်စွန်နယ်ဖျား ဒေသန္တရအားလုံးကို အုပ်ချုပ်နိုင်တဲ့ကိစ္စ မူဝါဒဖြစ်တယ်လို့ ကျွန်တော် ထင်မြင်ယူဆတဲ့အတွက် အခုကျွန်တော်တို့ရဲ့အဆိုနဲ့ပတ်သက်ပြီးမှ ဒီတစ်ချက် တစ်မျက်နှာပဲ တင်ပြမှာ

ပဲ ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော် အခုတင်သွင်းထားတဲ့ အဆိုကြမ်းအဖြစ် ကျွန်တော်အဆိုပြုတဲ့ ကဏ္ဍများမှာ ဒီအချက်နှစ်ချက်ကို ဦးတည်ပြီးမှတိုင်းပြည်မှာရှိတဲ့ သတ္တုတွင်းဝန်ကြီးဌာနကို အလုပ်ပေးဖို့ နောက်ပြီးတော့မှ ဒီသတ္တုတွင်းဝန်ကြီးဌာနအနေနဲ့လည်း ရသင့်ရထိုက်တဲ့ အခွန်အခများ ကို တိတိကျကျရရှိရေး၊ ကျယ်ကျယ်ပြန့်ပြန့်လုပ်နိုင်ရေး၊ နောက်မှ ပြည်သူလူထုအားလုံးက တရားမဝင် တူးဖော်ခြင်းမရှိဘဲနဲ့ ခိုင်ခိုင်မာမာနဲ့ နိုင်ငံတော်ရဲ့ခွင့်ပြုချက်ဖြင့် လုပ်ကိုင်စားသောက် ဆောင်ရွက် နိုင်ရေးအတွက်ကို ရည်ရွယ်၍ ဒီနေ့၊ ဒီနေရာ၊ ဒီလွှတ်တော်မှာ ကျွန်တော်တို့ ဒီနှစ်ချက်ကို အဓိက ထားပြီးတော့မှ အဆိုပြု တင်သွင်းခြင်းဖြစ်ပါတယ်။ လေးစားအပ်သောပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အခု ကျွန်တော်ရဲ့အဆိုကို ဆက်လက်ပြီးတော့မှ ဆွေးနွေးခြင်း များတော့ မဆောင်ရွက်လိုပါဘူး။ ဒါကြောင့်မို့ ဒီအဆိုနဲ့ပတ်သက်ပြီးတော့မှ ပြည်သူ့လွှတ်တော် အနေနဲ့၊ ဥက္ကဋ္ဌအနေနဲ့၊ မှတ်တမ်းတင်ပေးဖို့နဲ့ ဒီအဆိုကို နောက်နောင်မှာ လိုအပ်ချက်ရှိတဲ့ အခါမှာ ပြန်လည်ဆွေးနွေးဖို့ ယာယီဆိုင်းငံ့ခွင့်အနေနဲ့ မှတ်တမ်းတင်ပေးဖို့ ဖြစ်ပါတယ်။ အဆိုပြုတင်သွင်း လိုပါတယ်။ နောက်ပြီးတော့မှ ကျွန်တော်တို့ ဒီလုပ်ငန်းပိုင်းဆိုင်ရာ အားလုံးဟာလည်း ကျွန်တော်တို့ ဒီမှာရှိတဲ့ ပြည်သူရဲ့ကိုယ်စားလှယ်များ အားလုံးအနေနဲ့ ကျွန်တော်တို့ရဲ့တင်ပြချက်ကို သဘောပေါက် နားလည်မယ်လို့ ထင်မြင်ယူဆရင်းနဲ့ ကျွန်တော်ရဲ့အဆိုကို မှတ်တမ်းတင်သွင်းဖို့နဲ့ နောက်ပြီး နောက်နောင်မှာ သင့်တော်တဲ့အချိန်အခါမှာ၊ လိုအပ်တဲ့အချိန်အခါ မှာလည်းဆွေးနွေးနိုင်ဖို့၊ ယာယီ ဆိုင်းငံ့ပေးဖို့၊ မှတ်တမ်းတင်ထားပေးဖို့။ နောက်ပြီးတော့မှ ဒီလုပ်ငန်းနဲ့ ပတ်သက်ပြီးတော့မှလည်း အုပ်ချုပ်ရေးကဏ္ဍ၊ ဒီသတ္တုတွင်းဝန်ကြီးဌာန အနေနဲ့လည်းပြောရမယ်ဆိုရင်တော့ ဒီအပိုင်းက ဆိုရင်တော့ ပူးပေါင်းဆောင်ရွက်ရေးဆိုတဲ့ နေရာမှာကျတော့ ဘယ်လိုဖြစ်သလဲဆိုတော့ အခုအချိန်မှာ ကျွန်တော်တို့နိုင်ငံတော်သမ္မတနဲ့အတူ အစိုးရအဖွဲ့အစည်းအားလုံးအနေနဲ့ ညမအိပ်၊ နေ့မအိပ် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်နေပြီး အရှိန်အဟုန်မြင့် ဆောင်ရွက်နေတဲ့အပိုင်းများ ရှိပါတယ်။ အစိုးရအဖွဲ့အစည်းတွေနဲ့လည်း ပြည်နယ်အစိုးရ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ပြည်ထောင်စု အစိုးရအနေနဲ့ဆောင်ရွက်ခြင်းဖြစ်ပါတယ်။ နောက်ပြီးမှ အခြေခံဥပဒေမှာဖြည့်စွက်ရေးဆိုတဲ့နေရာမှာ လည်းပဲ ကျွန်တော်တို့ဒီမှာရှိတဲ့ ဥပဒေပြုဆိုင်ရာ လွှတ်တော်အနေနဲ့ နေ့၊ ညမရွေး ကြိုးပမ်းဆောင်ရွက် နေပြီဖြစ်တဲ့အတွက် ဒီအဆိုကို ဆိုင်းငံ့ခြင်းဖြစ်တယ်ဆိုတဲ့ အကြောင်းပြောကြားရင်းနဲ့နိဂုံးချုပ်ပါတယ် ခင်ဗျား။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးခမိုင်တန် တင်သွင်းတဲ့အဆိုကိုပြန်လည်ရုပ်သိမ်းမယ်လို့ သဘောပေါက်ပါ တယ်။ ဒီအဆိုတင်သွင်းခြင်းကို အခုပြန်လည်သုံးသပ်မိပါတယ်။ မနက်တုန်းက ပြည်ထောင်စုဝန်ကြီး

ရှင်းပြတဲ့အခါမှာ အသေးစား ဧက ၅၀ ထက်မပိုသော နယ်မြေဒေသအလိုက် တချို့ နေရာမှာ ဧက ၂၀ ပဲ အသေးစားတူးဖော်ခွင့်တွေပေးတယ်။ အဲဒီလိုပေးတဲ့နေရာမှာ လုပ်နည်းပိုင်းအနေနဲ့ အဲဒီလို တူးဖော်ချင်တယ်ဆိုရင် သက်ဆိုင်ရာတူးဖော်တဲ့၊ တူးဖော်လိုတဲ့ သူကသက်ဆိုင်ရာ မြို့နယ် အုပ်ချုပ်ရေးမှူးဆီမှာသွားပြီးတော့ ထောက်ခံချက်၊ ခွင့်ပြုချက်တွေယူရတယ်။ ပြီးတဲ့အခါမှာ အဲဒါတွေ ယူပြီးတဲ့အခါမှာ သတ္တုတွင်းဝန်ကြီးဌာနကိုလာ၊ သတ္တုတွင်းဝန်ကြီးဌာနကျတဲ့အခါမှာ စစ်ဆေးပြီးတဲ့ အခါမှာ ရက်ဘယ်လောက်က ဘယ်လောက်အတွင်းရအောင် လုပ်ပေးမယ်ဆိုပြီးတော့ ဝန်ကြီးက ဒီလိုပြောသွားတာရှိပါတယ်။ ဒီ အပေါ်မှာမူတည်ပြီးတော့ ဦးခမိုင်တန်တင်လိုက်တဲ့ဟာက ကျွန်တော် သဘောပေါက်တာက အဲဒီလိုလုပ်ရတာဟာခက်ခဲမှုတွေ ရှိနေတယ်။ ဒါကြောင့်မို့လို့ အဲဒီအစား သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီးက၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရက သတ္တုတွင်းဝန်ကြီးဌာန ကို မလာဘဲနဲ့ အဲဒီမှာတင်ပဲ ဆောင်ရွက်မယ်လို့ဆိုလို့ရှိရင် ဒေသက အသေးစားတူးဖော်လိုတဲ့သူတွေ အတွက် အဆင်ပြေမယ်။ ပြောမယ်ဆိုလို့ရှိရင် နေပြည်တော်အထိ လာနေရမယ်ဆိုလို့ရှိရင်များစွာ အခက်အခဲရှိတယ်ဆိုတာကြောင့် အဲဒါကို ပြန်လည်ပြောင်းလဲပေးစေလိုတဲ့ သဘောလို့ ကျွန်တော် ဒီလိုပဲ ကျွန်တော့်ဘက်က နားလည်ပါတယ်။ ဒါကြောင့်မို့လို့ ဦးခမိုင်တန် တင်သွင်းတဲ့အဆိုနဲ့ ပတ်သက်ပြီးတော့ မှတ်တမ်းလည်းတင်ပေးမယ်။ ပြီးတဲ့အခါမှာ ဒီအဆိုကိုလည်း ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီက လေ့လာပြီးတဲ့အခါမှာ ဥပဒေနဲ့အညီ ဘယ်လိုများဆောင်ရွက်ပေးနိုင်လည်း ဆိုတာလည်းပြန်ပြီး ကျွန်တော်တို့ လေ့လာမယ်။ ဒီလိုပြောတာ နဲ့ပတ်သက်လို့ ဒီလွှတ်တော်ရဲ့ နောက်မှာ လေ့လာသူများအဖြစ် ရောက်ရှိနေကြတဲ့ သက်ဆိုင်ရာ ပြည်နယ်နဲ့တိုင်းဝန်ကြီးချုပ်များ လည်းပြည်နယ်နဲ့တိုင်းအစိုးရအဖွဲ့ရော ၊သက်ဆိုင်ရာပြည်နယ်နှင့်တိုင်းဒေသကြီးက လွှတ်တော်ဥက္ကဋ္ဌ များပါ ဒီကိစ္စကိုအလေးထား မှတ်သားပြီးတဲ့အခါမှာ ပြည်သူ့အကျိုး၊ ဒေသအကျိုး၊ နိုင်ငံ အကျိုးအတွက် ဘယ်နည်းနဲ့ အဆင်ပြေအောင် လုပ်နိုင်မလဲဆိုတာကို စဥ်းစားထားဖို့လည်းလိုပါတယ်။ အဲဒီ စဥ်းစားတဲ့အခါမှာလည်း မိမိတို့ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ရဲ့နောက်ဆက်တွဲဇယား ၁ နဲ့ဇယား ၂ ပါ ချိန်ထိုးဆောင်ရွက်ဖို့ လိုပါတယ်။ ဒါ့ကြောင့်မို့လို့ ဦးခမိုင်တန် တင်သွင်းတဲ့အဆိုကို ပြန်လည် ရုပ်သိမ်းသွားသော်လည်း လွှတ်တော်မှာလုပ်ရန် တာဝန်ရှိတယ်လို့ မှတ်ယူပြီး ကျွန်တော်တို့လိုတာ ဆက်ပြီး တော့လုပ်ပါမယ်။ ဒီအပေါ် မူတည်ပြီးတဲ့အခါမှာ နောက်အဆိုကိစ္စ၊ လုပ်ငန်းကိစ္စ ဆက်ပြီးတော့ ဆွေးနွေးသွားမယ်ဆိုတာလည်းပဲ အသိပေး တင်ပြချင်ပါတယ်။ အချိန်ကလည်း ၄ နာရီ ခွဲပြီ။ ဆဒ္ဒန်ဆင်မင်းကလည်း ရှည်သွားတယ်။ နောက်တစ်ခါ ဦးခမိုင်တန်ကလည်း ပြီးပါပြီဆိုပြီး

တော့နောက်တစ်ခုနောက်တစ်ခုနဲ့ ကလည်းမိနစ် ၂၀ နီးသွားတယ်။ ဒါ့ကြောင့်လည်း ခုနက ကျွန်တော်တို့ ပြောခဲ့တဲ့ခေသူမဟုတ်အဆိုတော့ နောက်နေ့ ရွှေ့ပါမယ်။ ဦးစားပေးရွှေ့ပါမယ်။

ဒီနေ့တော့ ပထမအကြိမ် ပြည်သူ့လွှတ်တော်ဒုတိယပုံမှန် အစည်းအဝေး ၁၃ ရက်မြောက်နေ့ကို ဒီမှာပဲ ရပ်နားပါမယ်။ ပထမအကြိမ်ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၄ ရက်မြောက်နေ့ ကိုမနက်ဖြန် ၂၀၁၁ ခုနှစ်၊ စက်တင်ဘာ ၈ ရက်၊ (ကြာသပတေးနေ့) ၁၀း၀၀ နာရီအချိန်မှာ ဆက်လက် ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ ပထမအကြိမ် ပြည်သူ့လွှတ်တော်ဒုတိယပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့ကို ၁၆း၃၀ နာရီအချိန် တွင် ရပ်နားပါသည်။]